# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၈ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၂၁၈)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

## အိမ်တွင်းဖြစ် ပိတ်စ နှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲ ပါဝင်ဆင်နွှဲကြရန် ရေးသားဖော်ပြ



နေပြည်တော် မေ ၇

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အိမ်တွင်းဖြစ် ပိတ်စ နှာခေါင်းစည်း ချုပ်လုပ်မှုပြိုင်ပွဲ ပါဝင်ဆင်နွှဲကြရန် ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အိမ်တွင်းဖြစ် ပိတ်စ နှာခေါင်းစည်းချုပ်လုပ်မှုပြိုင်ပွဲ ပြုလုပ်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများ နှာခေါင်းစည်းတစ်ခု သို့မဟုတ် တစ်ခုထက်များလည်း ရပါကြောင်း၊ ကိုယ်တိုင် ချုပ်ရမည်ဖြစ်ပြီး လက်နှင့်ပဲချုပ်ချုပ်၊ စက်နှင့်ပဲချုပ်ချုပ် ရပါကြောင်း၊ အရောင်၊ ဒီဇိုင်းကို နှစ်သက်ရာ ရွေးချယ်နိုင်ပါကြောင်း။

မိမိကိုယ်တိုင်လည်း နှာခေါင်းစည်းတစ်ခုကို ချုပ်ပြီး နှာခေါင်းစည်းတပ်ထားသည့် ပုံကို မေလ ၁၃ ရက်တွင် မိမိ၏ ဖေ့စ်ဘွတ်တွင် တင်မည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်သူများ မိမိတင်သည့် Facebook Post အောက် Comment တွင် မိမိတို့ ကိုယ်တိုင်လုပ်ထားသည့် နှာခေါင်းစည်း ဓာတ်ပုံလေးတွေကို တင်ပေးကြရန်ဖြစ်ကြောင်း၊ မေလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ သုံးရက်အတွင်း တင်လာကြသည့် နှာခေါင်းစည်းဓာတ်ပုံများထဲမှ ပြည်သူများ အနှစ်သက်ဆုံးအဖြစ် LIKE အများဆုံး ရရှိသူ (၃) ဦးကို ရွေးချယ်ပြီး ဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ ရွေးချယ်ရာတွင် ကျန်းမာရေးနှင့် ညီ၊ မညီ၊ ဘယ်လိုချုပ်ထားသည် ဆိုတာတွေကို ထည့်စဉ်းစားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ကိုက်ညီသည့် ပိတ်စ နှာခေါင်းစည်းလှလှလေးတွေ ချုပ်ရင်း ဒီပြိုင်ပွဲမှာ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲကြရန်ဖြစ်ကြောင်း ဖိတ်ခေါ်ရေးသားထားသည်။

## စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် မေ ၇

**နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် အမှန်တကယ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။**



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ စင်ကာပူနိုင်ငံတွင် အခက်အခဲများ ကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသား ၁၄၄ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines -MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပထမအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ၇-၅-၂၀၂၀ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(ယာပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များ *စာမျက်နှာ ၅ ကော်လံ ၁* ◆

**နူးညံ့သောစွမ်းအား (သို့မဟုတ်) ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း "Soft Power: Cultural Diplomacy"**

စာ ၁၀

**အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုများကို ပြန်ဖွင့်လျှင် ဖြစ်လာနိုင်မည့်အန္တရာယ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ သတိပေး**

စာ ၁၂

**အီရန်အပေါ် သမ္မတ၏ စစ်ရေးဆုံးဖြတ်ပိုင်ခွင့် ကန့်သတ်သည့် ဆုံးဖြတ်ချက်ကို သမ္မတထရမ့်က ဗီတိုအာဏာဖြင့်ပယ်ချ**

စာ ၁၃



မြန်မာ့အလင်း

# သန့်ရှင်းခြင်းဖြင့် ကြိုတင်ကာကွယ်

မကြာမီ မိုးရာသီကျရောက်လာတော့မည်။ ရာသီဥတုအကူးအပြောင်းကာလမှာ လူတို့၏ ခန္ဓာကိုယ်မှ ခုခံအားစနစ်တို့ ကျဆင်းပြီး အဖျားအနာ ထူပြောသည့် ကာလပင်ဖြစ်သည်။ မိုးရာသီတွင် ဖြစ်လေ့ရှိသည့် ရောဂါများက သွေးလွန်တုပ်ကွေးရောဂါ၊ ချီကန်ဂန်ညာခေါ် ဆင်တုပ်ကွေးရောဂါ၊ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ၊ ရာသီတုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အူရောင်ငန်းဖျားရောဂါ၊ အသည်းရောင်အသားဝါ အေနှင့် အီး၊ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ စသည်တို့ ဖြစ်သည်။

မိမိတို့နိုင်ငံတွင် လောလောဆယ် အာရုံစိုက်နေကြရသည်က ကိုဗစ်- ၁၉ ရောဂါဖြစ်သည်။ ကူးစက်မြန်သည့် ကမ္ဘာ့ကပ်ရောဂါဖြစ်၍ ပြည်သူလူထုအတွင်း အထိအခိုက်အဖိတ်အစဉ် နည်းနိုင်သမျှနည်းအောင်၊ ကြိုတင်ကာကွယ်မှုများဖြင့် တားဆီးထိန်းချုပ်နိုင်အောင် ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းဆောင်ရွက်နေကြရသည်။ သို့ရာတွင် နှစ်စဉ်ရာသီချိန်ရောက်တိုင်း တစ်ကျော့ပြန်လည်လာတတ်သည့် ရောဂါများကိုလည်း အမှုမဲ့ အမှတ်မဲ့ မေ့လျော့ထား၍မရ။ သွေးလွန်တုပ်ကွေးကဲ့သို့သော ရောဂါမျိုးက ကိုဗစ်-၁၉ ထက်ပင် ဖြစ်ပွားသူနှင့် သေဆုံးသူအရေအတွက် ပို၍များပြားခဲ့သောကြောင့် ဖြစ်သည်။ သို့ရာတွင် ဖော်ပြပါရောဂါများအားလုံးကို အစားအစာသန့်ရှင်းရေး၊ ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို ဂရုတစိုက် ဆောင်ရွက်ခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်သည်။ သန့်ရှင်းရေးအားလုံးမှာ တစ်ဦးတစ်ယောက်ချင်း၊ မိသားစုတစ်စုချင်းအလိုက် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပတ်ဝန်းကျင်သန့်ရှင်းရေးမှာမူ အများစုပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်သည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်းက ခြင်၊ ယင်၊ ကြွက် အပါအဝင် ရောဂါပိုးမွှားသယ်ဆောင်နိုင်သည့် သတ္တဝါများကိုပါ ရှင်းလင်းသွားစေနိုင်သည်။ အနိုးဖလိစ် (Anopheles) ဟု ခေါ်သည့် ခြင်က ငှက်ဖျားရောဂါသယ်ဆောင်နိုင်သည့်ခြင်ဖြစ်ပြီး နာမည်ကျော်ခြင်ကျားခေါ် အေးဒီးစ် (Aedes) ခြင်မှာ သွေးလွန်တုပ်ကွေး၊ ချီကန်ဂန်ညာခေါ် ဆင်တုပ်ကွေး၊ အသားဝါအဖျားရောဂါနှင့် ဇီကာရောဂါတို့ကို ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်များ သယ်ဆောင်သည့် ခြင်ဖြစ်သည်။ ငှက်ဖျားခြင် အနိုးဖလိစ်ရော သွေးလွန်တုပ်ကွေးခြင် အေးဒီးစ်ပါ ရေကြည်ရေသန့်ရေငြိမ်တို့တွင် ပေါက်ပွားကြသည်။ ကျူးလက်စ် (Culex)ခြင်မျိုးက ဂျပန်ဦးနှောက်ရောင်ရောဂါနှင့် ဆင်ခြေထောက်ရောဂါတို့ကို ဖြစ်ပွားစေပြီး ရေပုပ်ရေသိုး၊ ညစ်ညမ်းရေများတွင် ပေါက်ပွားကြသည်။ ထို့ကြောင့် အမှိုက်သရိုက် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ရေစည် ရေတိုင်ကီရေလှောင်ကန်တို့ကို ဖုံးအုပ်ခြင်း၊ ဆေးခတ်ခြင်းတို့ ပြုလုပ်ခြင်းဖြင့် ပတ်ဝန်းကျင်သန့်ရှင်းခြင်းနှင့်အတူ ကျန်းမာရေးရလဒ်ကောင်းများ ရရှိနိုင်သည်။

ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်၊ အူရောင်ငန်းဖျား စသည့်ရောဂါများက အစားအစာနှင့် သောက်သုံးရေသန့်ရှင်းရေးကို ဂရုစိုက်ဆောင်ရွက်ခြင်းဖြင့် ကာကွယ်နိုင်သည်။ အစားအစာများကို သန့်ရှင်းစွာ သိုလှောင်ထားရှိခြင်း၊ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက် သားငါးတို့ကို စနစ်တကျချက်ပြုတ် စားသောက်ခြင်း၊ ချက်ပြုတ်သည့် မီးဖိုချောင်သုံးပစ္စည်းကိရိယာများနှင့် အိုးခွက်ပန်းကန် ဇွန်း ခက်ရင်းများ သန့်ရှင်းစွာ ထားရှိခြင်း၊ သန့်ရှင်းသည့်ရေ သို့မဟုတ် ကျိုချက်ထားသည့် ရေကိုသာ သောက်သုံးခြင်းဖြင့် အထက်ပါ ရောဂါများကို ကာကွယ်နိုင်သည်။ ရာသီတုပ်ကွေးနှင့် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါတို့မှာမူ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်ရေးအတွက် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် တစ်ပါတည်း ကာကွယ်နိုင်သော ရောဂါများပင် ဖြစ်သည်။

လူတို့၏ ပတ်ဝန်းကျင်မှာ ရောဂါအမျိုးမျိုးကို ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်များ၊ ဗက်တီးရီးယားများနှင့် ကပ်ပါးကောင်များ၊ အမှုန်အမွှားများက ကွက်လပ်မကျန်အောင် ရှိနေကြသည်။ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ ပုံမှန်ပြုလုပ်နေခြင်းအားဖြင့် မည်သည့်ရောဂါပိုးမွှားကမျှ လူ့ခန္ဓာကိုယ်ထဲ ဝင်ရောက်အန္တရာယ်ပြုနိုင်မည်မဟုတ်။ ရောဂါကင်းဝေးကျန်းမာရေးအတွက် အားလုံးသန့်ရှင်းနိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင် လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကို ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် မေ ၇

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

## ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် တောင်ကုတ်မြို့နယ် ကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

စစ်တွေ မေ ၇

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းက တောင်ကုတ်မြို့နယ်ခန်းမ၌ ကျင်းပသည့် ပြည်နယ် Coronarvirus Disease - 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီနှင့် တောင်ကုတ်မြို့နယ် Coronarvirus Disease - 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် Coronarvirus Disease - 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာနှင့် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ကျော်ဇံတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအတွင်း ရောဂါပျံ့နှံ့နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။ ထို့နောက် တောင်ကုတ်မြို့နယ် Coronarvirus Disease - 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ကော်မတီဝင်များက မြို့နယ်အတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။




ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မြို့နယ်ကော်မတီသို့ PPE ဝတ်စုံ ၁၅၀၊ နှာခေါင်းစည်း ၂၂၀၀၊ လက်သန့်ဆေးရည် ၅၀၀ မီလီ ဘူး ၂၀၊ လက်သန့်ဆေးရည် ၅၀ မီလီ ဘူး ၃၀၊ အပူချိန်တိုင်းကိရိယာ ခြောက်ခုနှင့် ဆေးရုံသုံး တစ်ခါသုံးဦးထုပ် ၂၀၀၀ တို့ကို လှူဒါန်းကြရာ မြို့နယ်ကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ဆက်လက်၍ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ လှူဒါန်းသော လက်အိတ်များ၊ လက်သန့်ဆေးရည်များ၊ နှာခေါင်းစည်းများ၊ လက်ဆေးဆပ်ပြာရည်များ၊ အရက်ပြန်ဘူးများနှင့် ဗီနိုင်းများအား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်က ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့ ခုတင် ၁၀၀ ဆံ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံအတွင်း သီးသန့်စောင့်ကြည့်လူနာများ ထားရှိမည့်နေရာများ စီစဉ်ထားရှိမှုတို့ကို သွားရောက်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ အသွားအလာကန့်သတ် စောင့်ကြည့်ခံနေရသူများအား သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားသည်။

တင်ထွန်း(ပြန်/ဆက်)



# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသော ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိ အခြေအနေများနှင့်ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ဆိုင်ရာ Country Director, Ms. Mariam J. Sherman အား Teleconference ဖြင့် လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၇

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ နံနက် ၁၀ နာရီတွင် ကမ္ဘာ့ ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ဆိုင်ရာ Country Director , Ms. Mariam J. Sherman အား Teleconference ဖြင့် လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံ၏ COVID-19 Economic Relief Plan (CERP) အကောင်အထည်ဖော်ရာတွင် ကမ္ဘာ့ဘဏ်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်မှ Myanmar COVID-19 Emergency Response Project အတွက် ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ နှင့် Essential Health Services Access Project (EHSAP) အတွက် ချေးငွေ အမေရိကန်ဒေါ်လာ ငါးသန်း ပံ့ပိုးပေးမည့်ကိစ္စနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ ထို့ပြင် ကမ္ဘာ့ဘဏ်၏ Global Pandemic Emergency Facility (PEF) အစီအစဉ်မှ မြန်မာနိုင်ငံသို့ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ရှစ်သန်း ပံ့ပိုးပေးမည့်အခြေအနေ၊ ယင်းကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ပစ္စည်းဝယ်ယူရေးဆိုင်ရာကိစ္စရပ်များ၊ Myanmar: National Food and Agriculture Systems Project အတွက် ကမ္ဘာ့ဘဏ်၏ International Development Association (IDA) မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ အထိ တိုးမြှင့်ပံ့ပိုးပေးမည့် အခြေအနေ၊ Additional Financing အဖြစ် Essential Health Services Access Project အတွက် IDA မှ အမေရိကန်ဒေါ်လာ ချေးငွေ သန်း ၁၀၀ နှင့် ကမ္ဘာ့ဘဏ်၏ Global Financing Facility အစီအစဉ်မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၀ သန်း ပံ့ပိုးပေးမည့်အခြေအနေ၊ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ Country Partnership Framework (2019-2023) အကောင်အထည်ဖော်ရေးအတွက် ကမ္ဘာ့ဘဏ်မှ ပံ့ပိုးကူညီဆောင်ရွက်နေသည့်အခြေအနေများအား ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်နှင့် ဒေါက်တာ မင်းရဲပိုင်ဟိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သစ်တောမြေများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ လယ်ယာမြေများကို သာသနာ့မြေအဖြစ် အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၇

**သစ်တောမြေများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ လယ်ယာမြေများကို သာသနာ့မြေအဖြစ် အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းခန်းမ (မြေညီထပ်) တွင် ကျင်းပသည်။** (အောက်ပုံ)

ညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက သစ်တောမြေများ၌ သာသနိကအဆောက်အအုံများ ဆောက်လုပ်ရာတွင် သာသနာမြေရရှိပြီးမှသာ ဆောက်လုပ်သွားရန်ဖြစ်ကြောင်း၊ သစ်တောမြေမှ ထုတ်နုတ်ပြီး သာသနာ့မြေအဖြစ် အသုံးပြုရာတွင် ဤဝန်ကြီးဌာနသို့ သက်ဆိုင်ရာပုဂ္ဂိုလ်များက တိုက်ရိုက်လျှောက်ထားလာပါက သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၊ ခရိုင်/ မြို့နယ် သစ်တောဦးစီးဌာန၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ၊ သဘောထားများရရှိပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ထုတ်နုတ်ပေးနိုင်မည့်ဧရိယာကို ပြန်ကြားပေးနိုင်ပါရန် မေတ္တာရပ်ခံညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောမြေများအတွင်း ခွင့်ပြုချက်မရှိဘဲ ဘာသာရေးအဆောက်အအုံများ ဆောက်လုပ်မှု မဖြစ်ပွားစေရေးအတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရေး ဂိုဏ်းပေါင်းစုံ တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့များအားလုံးသို့ လျှောက်ထားပြီးဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သာသနာ့မြေအဖြစ် အသုံးပြုရန်ဖြစ်စေ၊ လယ်ယာမြေများကို သာသနာ့မြေအဖြစ် အသုံးပြုရန်ဖြစ်စေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ဤဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် တောင်းခံလာပါက သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်များ၊ သဘောထားများ ပြည့်စုံခြင်း ရှိ မရှိတို့ကို သာသနာရေးဦးစီးဌာနသို့ စိစစ်စေပြီး သာသနာ့ရေးရှုထောင့်မှ ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက သစ်တောမြေများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ လယ်ယာမြေများမှ သာသနာ့မြေအဖြစ် ခွင့်ပြုချက်မရမီ အဆောက်အအုံများ ဆောက်လုပ်ခြင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများက စီမံခန့်ခွဲသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ အချိန်မီတားဆီးနိုင်ရေးနှင့် သာသနာ့မြေအဖြစ် ရရှိပြီးမှသာ သာသနိကအဆောက်အအုံများ ဆောက်လုပ်သွားရန် ညွှန်ကြားချက်ထုတ်ပြန်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြပါရန် ပြောကြားခဲ့ပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သာသနာ့မြေကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ညွှန်ကြားလွှာများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက သစ်တောဥပဒေ၊ မြေလွတ်မြေရိုင်းဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းစည်းဝေး

## ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအန္တရာယ်ကြီးမားနိုင်သည့်အတွက် တပ်မတော်သားများသာမက တပ်တွင်း၊ တပ်ပြင်နေ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအနေဖြင့် အလုပ်ကိစ္စမရှိဘဲ အပြင်သို့ သွားလာခြင်းမပြုကြရန်နှင့် စည်းကမ်းထိန်းသိမ်းကြရန်လို

နေပြည်တော် မေ ၇

**ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး ဆဋ္ဌမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ရှင်းလင်းတင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းစီစဉ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိအခြေအနေအထိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေကို ထိန်းချုပ်နိုင်ခြင်း မရှိသေးသဖြင့် Home Stay သာနေကြရန်၊ မဖြစ်မနေ အရေးကြီးသောကိစ္စရှိမှသာ အပြင်သို့ထွက်ခြင်း၊ ယာယီတာဝန်သွားခြင်းများ လုပ်ဆောင်ကြရန်လိုကြောင်း၊ ရောဂါကူးစက်မှုအန္တရာယ်ကြီးမားနိုင်သည့်အတွက် တပ်မတော်သားများသာမက တပ်တွင်း၊ တပ်ပြင်နေမိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအနေဖြင့် အလုပ်ကိစ္စမရှိဘဲ အပြင်သို့ သွားလာခြင်းမပြုကြရန်နှင့် စည်းကမ်းထိန်းသိမ်းကြရန်လိုကြောင်း၊ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးနိုင်ရန် အရေးကြီးသည့်အတွက် ယခုထက်ပိုမို စစ်ဆေးနိုင်မည့် နည်းလမ်းများ ဆောင်ရွက်ကြရန်လိုကြောင်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်တို့ရှိ စက်ရုံ၊ အလုပ်ရုံများ၊ တပ်မတော်ပိုင်စက်ရုံ၊ အလုပ်ရုံများတွင် သတ်မှတ်ချက်များအတိုင်း စစ်ဆေးမှုနှင့် စည်းကမ်းထိန်းသိမ်းမှုများကို တိတိကျကျ စစ်ဆေးကြပ်မတ်လိုက်နာကြရန်လိုကြောင်း၊



ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် – ၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။
ဓာတ်ပုံ– တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား နယ်စပ်ဂိတ်များတွင် လိုအပ်သော စစ်ဆေးမှုလုပ်ငန်းစဉ်များ ပြုလုပ်နိုင်ရန် အရေးကြီးကြောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့အတွက် တာဝန်ပေးထားသည့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများအားလုံးကိုလည်း စစ်ဆေးပေးရမည်ဖြစ်ကြောင်း၊ ထပ်မံ၍ မှာကြားလိုသည်မှာ အခြေအနေမှန်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် လိုအပ်ကြောင်း၊ တာဝန်ပေး၍ လုပ်ဆောင်သည် မဟုတ်ဘဲ လူတိုင်းလူတိုင်း တာဝန်သိသိဖြင့် လုပ်ဆောင်ကြရန်လိုကြောင်း မှာကြားခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဦးသောင်းထွန်းတို့ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ဆိုင်ရာ Country Director, Ms. Mariam J. Sherman ဦးဆောင်သော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြုလုပ်သည့် Teleconference သို့ တက်ရောက်

နေပြည်တော် မေ ၇

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တို့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်၏ မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့ဆိုင်ရာ Country Director , Ms. Mariam J. Sherman ဦးဆောင်သော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြုလုပ်သည့် Teleconference သို့ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ယင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဦးသောင်းထွန်းတို့က မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေးဆောင်ရွက်မှု၊ ကိုဗစ်-၁၉ ကြောင့် အများဆုံးထိခိုက်ခံခဲ့ရသည့် CMP, Tourism နှင့် SMEs များသို့ ကိုဗစ်-၁၉ ရန်ပုံငွေထူထောင်၍ ပံ့ပိုးဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ကြသော ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund–IMF) တို့မှ အတိုးနှုန်းသက်သာသော ချေးငွေများနှင့် ထောက်ပံ့ငွေများ ရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းနေမှုများနှင့် လယ်ယာလုပ်ငန်းကဏ္ဍတွင် လယ်သမားများသို့ ချေးငွေများ အမြန်ဆုံး ပံ့ပိုးပေးနိုင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်ကြသည့် ကမ္ဘာ့ဘဏ်၊ US/ USAID, UK/DFID, Australia/DFAT, Japan International Cooperation Agency (JICA), Asian Development Bank (ADB) နှင့် IMF တို့မှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ Economic Relief Plan (CERP) အား ကြိုဆိုကြသည်။ ၎င်းတို့က CERP အား အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းပံ့ပိုးကူညီသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ COVID–19 response activities များအတွက် ပံ့ပိုးပေးသည့် ငွေကြေးနှင့် အကူအညီများကို လျင်မြန်စွာ ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များအား တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေး ဆောင်ရွက်မှုများ အောင်မြင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များက ယခုကဲ့သို့ ဝိုင်းဝန်းကူညီပံ့ပိုးပေးမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများက ချေးငွေနှင့် ထောက်ပံ့ငွေများ အများဆုံးသုံးစွဲကြမည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများနှင့် အမြန်ဆုံးညှိနှိုင်းဆွေးနွေးဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ လစဉ် ပုံမှန်တွေ့ဆုံသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

အဆိုပါ Teleconference သို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်၊ ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ ဦးဗရတ်ဆင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# သံတွဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**သံတွဲ မေ ၇**

သံတွဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကလှူဒါန်းသည့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းကို မေ ၇ ရက်က သံတွဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လှူဒါန်းသည့် စုစုပေါင်း ခြောက်သိန်းခြောက်သောင်းတန်ဖိုးရှိ ပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၁၀၀၀၊ လက်သန့်ဆေးရည် ၅၀၀ မီလီ ငါးဘူးနှင့် ၂၀ လီတာ သုံးပုံး၊ အရက်ပြန် ၁၀၀ မီလီ ဘူး ၈၀၊ ကာဘော်လစ်ဆပ်ပြာ အတောင့် ၂၀၊ အပူချိန်တိုင်းကိရိယာ နှစ်ခု၊ Portable Speaker နှစ်ခု၊ ပိုးသတ်ဆေးရည် တစ်လီတာ နှစ်ဘူး၊ လက်ကမ်းစာစောင် ၃၅၀ တို့ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း(ခ)ဦးစိုးလေးက ပေးအပ်လှူဒါန်းရာ သံတွဲမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းကျော်နှင့် ဘဏ္ဍာငွေလှူဒါန်းရရှိရေးနှင့် ရိက္ခာစုဆောင်းဖြန့်ဝေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးခိုင်ထွန်းဆွေတို့က လက်ခံရယူကြကြောင်း သိရသည်။

သန့်ဇင် (ခရိုင်ပြန်/ဆက်)

# ပြည်သူသာလျှင် အဓိက

## တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၉၀ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
( ၂၀၂၀ ပြည့်နှစ်၊ မေလ ၇ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁/၂၀၁၆)၊ ၁၄.၁၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၉/၂၀၁၇)၊ ၁၅.၅.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၁/၂၀၁၈) နှင့် ၁၅.၁.၂၀၁၉ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄/၂၀၁၉) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် လေးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(၁) ကြည်း ၁၉၅၉၈ ဗိုလ်မှူးကြီး ဝင်းလွင်ဦး အစား ကြည်း ၂၃၀၈၉ ဗိုလ်မှူးကြီး စောကြည်နိုင်
(၂) ကြည်း ၁၉၉၉၁ ဗိုလ်မှူးကြီး တင်ထွန်းဦး အစား ကြည်း ၂၁၆၆၂ ဗိုလ်မှူးကြီး သန်းလှိုင်
(၃) ကြည်း ၂၀၇၂၆ ဗိုလ်မှူးကြီး မောင်ဆန်း အစား ကြည်း ၁၈၈၃၇ ဗိုလ်မှူးကြီး မင်းသော်
(၄) ကြည်း ၂၂၆၃၅ ဒုတိယဗိုလ်မှူးကြီး/ ဗိုလ်မှူးကြီး ခင်မောင်ဆွေ အစား ကြည်း ၂၈၂၈၆ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းဦး

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၉၁/ ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
( ၂၀၂၀ ပြည့်နှစ်၊ မေလ ၇ ရက် )

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ငါးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၂၁. ၈. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၀/၂၀၁၇)၊ ၁၅. ၅. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၂/၂၀၁၈) နှင့် ၂၇. ၁. ၂၀၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၅/၂၀၂၀) တို့တွင် ဖော်ပြထားသည့်အောက်ဖော်ပြပါတပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(၁) လေ ၁၉၁၄ ဗိုလ်မှူးချုပ် ဇော်မြင့်စန်း အစား လေ ၂၀၈၄ ဗိုလ်မှူးကြီး အောင်မျိုးကျော်
(၂) ကြည်း ၂၀၈၇၀ ဗိုလ်မှူးကြီး ခင်မောင်နိုင် အစား ကြည်း ၂၂၆၂၁ ဗိုလ်မှူးကြီး ခိုင်မင်း
(၃) ကြည်း ၂၀၅၉၅ ဗိုလ်မှူးကြီး နိုင်ဦး အစား ကြည်း ၂၁၁၀၉ ဗိုလ်မှူးကြီး စောထွန်းအောင်
(၄) ကြည်း ၁၉၇၂၇ ဗိုလ်မှူးကြီး လှဝင်းအောင် အစား ကြည်း ၂၃၈၀၂ ဗိုလ်မှူးကြီး စိန်ဝင်း
(၅) ကြည်း ၁၉၇၅၃ ဗိုလ်မှူးကြီး သန်းထိုက် အစား ကြည်း ၂၀၆၀၁ ဗိုလ်မှူးကြီး အောင်မျိုး

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၉၂ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေ လ ၇ ရက်)

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆)၊ ၃၀.၁၀.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၆/၂၀၁၇) နှင့် ၁၅.၅.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၃/၂၀၁၈)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးတို့အား ယှဉ်တွဲပါ အတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**
(၁) ကြည်း ၂၀၆၁၅ ဗိုလ်မှူးကြီး ကျော်ကျော်ဦး အစား ကြည်း ၂၃၇၅၂ ဗိုလ်မှူးကြီး ခင်မောင်မောင်
(၂) ကြည်း ၂၇၉၄၄ ဗိုလ်မှူး တေဇာလင်း အစား ကြည်း ၄၃၁၆၉ ဗိုလ်မှူး ညဏ်လင်းထွန်း

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
(၃) ကြည်း ၂၅၂၀၄ ဗိုလ်မှူး နေလင်း အစား ကြည်း ၂၀၀၈၀ ဗိုလ်မှူးကြီး နေဝင်းအောင်

**မကွေးတိုင်းဒေသကြီးလွှတ်တော်**
(၄) ကြည်း ၂၉၉၈၉ ဗိုလ်ကြီး တင်ဋ္ဌေး အစား ကြည်း ၁၉၃၁၀ ဗိုလ်မှူးကြီး သက်နိုင်
(၅) ကြည်း ၄၆၈၀၄ ဗိုလ်ကြီး စိုးသူ အစား ကြည်း ၅၉၂၆၉ ဗိုလ်ကြီး ဇင်မင်းထွန်း

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**
(၆) ကြည်း ၂၄၀၃၅ ဗိုလ်မှူး ဝင်းနိုင်အောင် အစား ကြည်း ၂၃၀၁၃ ဗိုလ်မှူးကြီး သန့်ဇင်ဦး

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**
(၇) ကြည်း ၄၈၂၀၀ ဗိုလ်ကြီး သိန်းတန် အစား ကြည်း ၆၂၅၂၂ ဗိုလ်ကြီး ကျော်သူ

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



◆ ရှေ့ဖုံးမှ

နှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးကြသည်။

လက်ရှိတွင် ပြည်ပနိုင်ငံအသီးသီး၌ အမှန်တကယ် အခက်အခဲကြုံတွေ့နေသဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုသော မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ၃၀-၄-၂၀၂၀ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၉၆ ဦး၊ ၂-၅-၂၀၂၀ ရက်နေ့တွင် ဂျပန်နိုင်ငံမှ ၁၉၅ ဦး၊ ၆-၅-၂၀၂၀ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ၃၈ ဦးနှင့် ထိုင်းနိုင်ငံမှ ၁၃၅ ဦး၊ ၇-၅-၂၀၂၀ ရက်နေ့တွင် စင်ကာပူနိုင်ငံမှ ၁၄၄ ဦး စသည်ဖြင့် စုစုပေါင်း ၆၀၈ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့နှင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့တို့ COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် ပူးပေါင်းအကောင်အထည်ဖော်ရေး ဆွေးနွေး



**နေပြည်တော် မေ ၇**

ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သည့် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ဝင်များနှင့် UN Resident Coordinator ဖြစ်သူ Ola Almgren ဦးဆောင်သည့် EU၊ ကနေဒါ၊ ဒိန်းမတ်၊ ပြင်သစ်၊ နော်ဝေ၊ နယ်သာလန်၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ အစ္စရေး နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် UNCDF၊ UNDP၊ UNESCO၊ UNFPA၊ UNIDO၊ UNOPS၊ UNRCO၊ FAO မှကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ILO IMF၊ World Bank၊ ADB၊ DIFID၊ INGO Forum၊ JICA မှ ကိုယ်စားလှယ်များ၊ ပြည်တွင်းအရပ်ဘက် အဖွဲ့အစည်းများဖြစ်သည့် UMFCCI ၊ MCPAD ၊ LRCတို့မှ ကိုယ်စားလှယ်များတို့သည် COVID–19 Economic Relief Plan–CERP နှင့်စပ်လျဉ်း၍ ပူးပေါင်းအကောင်အထည်ဖော်ရေး ကိစ္စရပ်များကို ယနေ့မွန်းလွဲ ၂ နာရီက Video Conference စနစ်ဖြင့် ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက COVID–19 ကူးစက်မြန်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ ဦးဆောင်၍ ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်နေမှု၊ ကပ်ရောဂါကြောင့် စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက်(COVID–19 Economic Relief Plan–CERP)ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် တွဲဖက်အတွင်းရေးမှူး (၁) ဒုတိယဝန်ကြီး ဒေါက်တာ မင်းရဲပိုင်ဟိန်းတို့က COVID–19 စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက်ဆိုင်ရာ မျှော်မှန်းချက်ပန်းတိုင်၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ဘဏ္ဍာငွေစီစစ်တွက်ချက်ရန်အတွက် အချက်အလက်များ အသုံးပြုဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ထို့နောက် တက်ရောက်ကြသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်းနှင့် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် အသီးသီးတို့က ပါဝင်ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် COVID–19 စီးပွားရေးထိခိုက်မှုများကို သက်သာစေရန်ကုစားမှုအစီအစဉ်များအတွက် လမ်းပြမြေပုံအဖြစ် CERP ထုတ်ပြန်ခဲ့ခြင်းအပေါ် ကြိုဆိုထောက်ခံပါကြောင်း၊ CERP တွင် ဖော်ပြထားသည့် ပန်းတိုင်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)နှင့် ချိတ်ဆက်ထားသည်ကိုလည်း တွေ့ရပါကြောင်း၊ CERP ၏ ပန်းတိုင်၊ မဟာဗျူဟာနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေပါကြောင်း ဆွေးနွေးသည်။

COVID–19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်ကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာငွေအမေရိကန် ဒေါ်လာ ၂ ဘီလီယံကျော်ခန့် သုံးစွဲရမည်ဖြစ်ကြောင်း ဖွံ့ဖြိုးမှုဆိုင်ရာစီးပွားရေးပညာရှင်များက ခန့်မှန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အစည်းအဝေး (၁/၂၀၂၀) တွင် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုများ ညှိနှိုင်းဆွေးနွေး




**နေပြည်တော် မေ ၇**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အစည်းအဝေး (၁/၂၀၂၀) တွင် ကိုဗစ်–၁၉ တုံ့ပြန်ဆောင်ရွက်မှုများကို အဆိုပါဝန်ကြီးရုံး၌ Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

### အကျိုးသက်ရောက်မှုများ အလွန်ကြီးမား

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ ပုံမှန်လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကိုဗစ်–၁၉ ကာလနှင့် ကိုက်ညီသော Video Conferencing စနစ်ဖြင့် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး၊ လူမှုရေးတို့အပေါ် အကျိုးသက်ရောက်မှုသည် ကြီးမားပြင်းထန်ပြီး မြန်မာနိုင်ငံလည်း ခံစားရကြောင်း၊ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကျိုးသက်ရောက်မှုများမှာ အလွန်ကြီးမားပါကြောင်း၊ အာရှ–ပစိဖိတ်ဒေသအတွင်း ကိုဗစ်–၁၉ ဖြစ်ပွားမှု ပထမရက် (၁၀၀) အစီရင်ခံစာအရ အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ကိုဗစ်–၁၉ ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်ခံစားရမှုများ၊ အကြမ်းဖက်ခံရမှုများ၊ ဝန်ထုပ်ဝန်ပိုးဖြစ်စေမှုများ၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြေရှိသော နိုင်ငံများတွင် သဘာဝဘေးအန္တရာယ်နှင့် ကိုဗစ်–၁၉ ၏ အမျိုးသမီးများအပေါ် ပေါင်းစပ်သက်ရောက်မှုများကို ခံစားနေရသည်ကို ဖော်ပြထားပါကြောင်း။

### အစီအမံများ ချမှတ်ဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၊ ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့တို့ကို ဖွဲ့စည်း၍ စီမံချက်၊ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများ၏ အထူးလိုအပ်ချက်များနှင့် အခန်းကဏ္ဍများကို လုပ်ငန်းစဉ်များတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဆောင်ရွက်ချက်များကိုလည်း တာဝန်ရှိသူများက ရှင်းလင်းပေးမည်ဖြစ်ပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျား – မ တန်းတူညီမျှရေးကိစ္စရပ်များကို ဆောင်ရွက်နေသည့် မိမိတို့ကော်မတီအနေဖြင့် ကိုဗစ်–၁၉ ၏ အကျိုးဆက်များကြောင့် မြန်မာအမျိုးသမီးများနှင့် မိန်းကလေးငယ်များ ကြုံတွေ့နေရသည့် အခြေအနေများကို မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တုံ့ပြန်ဆောင်ရွက်မှုများနှင့် ထပ်မံဆောင်ရွက်ရန် လိုအပ်ချက်များကို ပူးပေါင်းညှိနှိုင်းဆွေးနွေးပေးကြစေလိုကြောင်း၊ ကိုဗစ်–၁၉ ဖြစ်ပွားနေသောကာလအတွက်သာမက ကိုဗစ်–၁၉ ကာလအလွန် ပြန်လည်ထူထောင်ရေးအတွက်လည်း ဆွေးနွေးပေးကြစေလိုကြောင်း၊ အမျိုးသမီးများအနေဖြင့် ကိုဗစ်–၁၉ ကာလအတွင်း ကျန်းမာရေးကုသမှုခံယူရန်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ အထူးသဖြင့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ ရယူရန် အခက်အခဲများ ကြုံတွေ့ရနိုင်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ ကိုဗစ်–၁၉ တုံ့ပြန်ဆောင်ရွက်မှုများတွင် ကျန်းမာရေးဝန်ထမ်းများအပါအဝင် ၆၀ ရာခိုင်နှုန်းသော အမျိုးသမီးများသည် ရှေ့တန်းတွင်ပါဝင်နေရသည့်အတွက် ရောဂါပိုးနှင့် ပိုမိုထိတွေ့နိုင်ဖွယ်ရှိပါကြောင်း၊ အသွားအလာကန့်သတ်ခြင်း Quarantine အစီအစဉ်များကြောင့် အမျိုးသမီးများ၏ အလုပ်အကိုင်နှင့် စီးပွားရေးများအပေါ်လည်း အကျိုးသက်ရောက်မှုများရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

### အခမဲ့ဝန်ဆောင်မှုပေး

မိမိတို့အနေဖြင့် အလုပ်သမားအမျိုးသမီးများအတွက် ပြန်လည်ကုစားမှုများ၊ အခြေခံလူမှုကာကွယ်စောင့်ရှောက်ရေးများ ဆောင်ရွက်ပေးနိုင်ရန်ကိစ္စများကို ဆွေးနွေးပေးကြစေလိုကြောင်း၊ လေ့လာချက်များအရ ကိုဗစ်–၁၉ ကာလအတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ မြင့်တက်လာသည်ဟု ဖော်ပြလာကြသဖြင့် မြန်မာနိုင်ငံ၏အခြေအနေကိုလည်း လေ့လာသုံးသပ်ရန် လိုအပ်ကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများရှိလာပါက တိုင်ကြားနိုင်ရေးအတွက် Help Line ဝန်ဆောင်မှုကို ယခင်အတိုင်း ၂၄ နာရီ ဖွင့်လှစ်ထားရှိပါကြောင်း၊ ထို့အပြင် ယာယီ Hot Line များထားရှိပြီး စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် အထူးစီမံချက်များဖြင့် ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက်သာမက အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် ကိုဗစ်–၁၉ ကာလအတွင်း အမျိုးသမီးများအတွက် ဆောင်ရွက်ပေးမှုများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိကသတင်းစကား (၁၀) ချက်နှင့် ခွင့်ပြုထားသည့် အခြေအနေများမှလွဲ၍ လူငါးဦးအထက် စုဝေးခြင်းမပြုရန် ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ကြစေရန်လည်း တိုက်တွန်းဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် ကိုဗစ်–၁၉ ကြောင့် အမျိုးသမီးများအပေါ် အကျိုးသက်ရောက်မှုများကို ပြန်လည်ထူထောင်ကုစားရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပုဂ္ဂလိကကဏ္ဍ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်ပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

### ကော်မတီသို့ ပုံမှန်တင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ဆိုင်ရာ လက်ရှိတုံ့ပြန်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များအနေဖြင့် ကိုဗစ်–၁၉ ကာလအတွင်း အမျိုးသမီးများအတွက် ဆောင်ရွက်မှုများကို ကော်မတီသို့ ပုံမှန်တင်ပြပေးကြရန် တိုက်တွန်းဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် လူမှုရေးဝန်ကြီးများက ကိုဗစ်–၁၉ ကာလအတွင်း ဖြစ်ပွားခဲ့သော အမျိုးသမီးအကြမ်းဖက်မှုများနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားသည့်ကိစ္စများ၊ ပံ့ပိုးကူညီမှုများ၊ Quarantine နေရာများတွင် ကျား– မ အကြမ်းဖက်မှုများ မရှိစေရေး ဆောင်ရွက်မှုများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာမည့် ကိုယ်ဝန်ဆောင်မိခင်များအတွက် Quarantine ထားရှိရန် စီစဉ်ထားမှုများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

*စာမျက်နှာ ၇ သို့*



မေ ၅ ရက်က ကိုအောင်မိသားစု (D 2, Nino) အဝတ်အထည် အသုံးအဆောင်အရောင်းဆိုင်မှ MD ဦးသန်းထူးနှင့် ဦးအောင်ကျော်ကျော်တို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် သိန်း ၂၅၀ တန်ဖိုးရှိ ပစ္စည်းများလှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း လက်ခံစဉ်။ သတင်းစဉ်

## ၇-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၂၆၆၇၈၅ | ၂၁၃၁၃၈ | ၇၄၉၆၂ |
| ၂။ | စပိန် | ၂၅၆၈၅၅ | ၁၆၃၉၁၉ | ၂၆၀၇၀ |
| ၃။ | အီတလီ | ၂၁၄၄၅၇ | ၉၃၂၄၅ | ၂၉၆၈၄ |
| ၄။ | ဗြိတိန် | ၂၀၁၁၀၁ | စိစစ်ဆဲ | ၃၀၀၇၆ |
| ၅။ | ရုရှား | ၁၇၇၁၆၀ | ၂၃၈၀၃ | ၁၆၂၅ |
| ၆။ | ပြင်သစ် | ၁၇၄၁၉၁ | ၅၃၉၇၂ | ၂၅၈၀၉ |
| ၇။ | ဂျာမနီ | ၁၆၈၆၅၅ | ၁၃၉၉၀၀ | ၇၃၂၂ |
| ၈။ | တူရကီ | ၁၃၁၇၄၄ | ၇၈၂၀၂ | ၃၅၈၄ |
| ၉။ | ဘရာဇီး | ၁၂၇၃၈၉ | ၅၁၃၇၀ | ၈၆၀၅ |
| ၁၀။ | အီရန် | ၁၀၃၁၃၅ | ၈၂၇၄၄ | ၆၄၈၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၇-၅-၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၀၉၃၉ | ၁၇၁၂ | ၂၀ |
| အင်ဒိုနီးရှား | ၁၂၇၇၆ | ၂၃၈၁ | ၉၃၀ |
| ဖိလစ်ပိုင် | ၁၀၃၄၃ | ၁၆၁၈ | ၆၈၅ |
| မလေးရှား | ၆၄၆၇ | ၄၇၇၆ | ၁၀၇ |
| ထိုင်း | ၂၉၉၂ | ၂၇၇၂ | ၅၅ |
| ဗီယက်နမ် | ၂၈၈ | ၂၃၃ | ၀ |
| မြန်မာ | ၁၇၆ | ၆၂ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၁ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၀ | ၀ |
| လာအို | ၁၉ | ၉ | ၀ |

## ထူးခြားသည့် နေ့ အပူချိန်များ

နေပြည်တော် မေ ၇

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်၊ ညောင်ဦးမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်နှင့် မုံရွာမြို့၊ ရေဦးမြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ မကွေးမြို့၊ တောင်တွင်းကြီးမြို့နှင့် တောင်ငူမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# မေ ၇ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၄ ဦးထပ်တိုး၊ စုစုပေါင်း ပိုးတွေ့လူနာ ၁၇၆ ဦးအထိ ရှိလာ

နေပြည်တော် မေ ၇

မေ ၇ ရက်တွင် ကိုဗစ်–၁၉ ရောဂါပိုးရှိသူ လူနာ ၁၄ ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၇၆ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ ၁၄ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်မှ ၂ ဦးနှင့် အင်းစိန်မြို့နယ်မှ ၁၂ ဦးတို့ ဖြစ်ပြီး အသက် ၁၂ နှစ်အရွယ် တစ်ဦး၊ ၁၈ နှစ်အရွယ် တစ်ဦး အသက် ၂၀ အရွယ် ၁၀ ဦး၊ အသက် ၄၃ နှစ်အရွယ် ၁ ဦးနှင့် ၅၂ နှစ်အရွယ် တစ်ဦးတို့ ဖြစ်သည်။

ပိုးတွေ့လူနာ ၁၇၆ ဦးအနက် သေဆုံးသူ ၆ ဦး၊ ရောဂါပိုးကင်းစင်လာသူ စုစုပေါင်း ၆၂ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၇ ဦးနှင့် မေ ၆ ရက်မှ မေ ၇ ရက်အထိ စောင့်ကြည့်လူနာ အသစ် ၇၀ ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၀၂၂၇ | ၁၇၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၆၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၃၆၀၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၇ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၁ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၇၆ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၇-၅-၂၀၂၀ ရက်၊ ည (၈)နာရီ

*စာမျက်နှာ ၆ မှ*

ထို့နောက် ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်၊ စီးပွားရေး လုပ်ငန်းရှင်များ ကျား၊ မ တန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်မှုအသင်း၊ လေးကျွန်းသူဖောင်ဒေးရှင်း၊ ဝိသာခါဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် တာဝန်ရှိသူများက ကိုဗစ်– ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ချိတ်ဆက်၍ အလှူငွေများ၊ အကာအကွယ် သုံးပစ္စည်းများ၊ အစားအသောက်များကို ပါဝင်ကူညီလျက်ရှိသည့်ကိစ္စများ၊ ကိုဗစ်–၁၉ ရောဂါကို ရှေ့တန်းက ရင်ဆိုင်နေကြသည့် အမျိုးသမီးများနှင့် ပတ်သက်ပြီး စစ်တမ်းကောက်ယူ ဆောင်ရွက်နိုင်မည့်ကိစ္စများ၊ ကိုယ်/စိတ်ပင်ပန်းမှု ဖြေလျှော့သည့် လေ့ကျင့်မှုများနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများကို အွန်လိုင်းမှတစ်ဆင့် မျှဝေပေးနိုင်ရန်ကိစ္စများ၊ ကိုဗစ်–၁၉ နှင့် ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ အသံဖိုင်များ၊ ဗီဒီယိုအတိုများကို တိုင်းရင်းသားဘာသာ စကားမျိုးစုံဖြင့် ပြည်သူလူထုထံသို့ ဖြန့်ဝေပေးရန် လိုအပ်သည့်ကိစ္စများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက Quarantine နေရာများရှိ ထိခိုက်လွယ်အုပ်စုများအတွက် သီးခြားအသိပညာပေးမှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေး၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းနည်းစနစ်များကို လက်တွေ့ဆောင်ရွက်ပေးနိုင်ရေး၊ စေတနာ့ဝန်ထမ်းများနှင့် ချိတ်ဆက်၍ လိုအပ်ချက်စာရင်းများ ကောက်ယူပံ့ပိုးကူညီနိုင်ရေးနှင့် အမျိုးသမီးအရေး ဆောင်ရွက်နေကြသည့် အသင်းအဖွဲ့များအနေဖြင့် ကိုဗစ်–၁၉ နှင့် ပတ်သက်ပြီး ဆောင်ရွက်လိုသည့် စစ်တမ်းကောက်ယူမှုများကိုလည်း ကော်မတီထံသို့ တင်ပြညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
Coronavirus Disease 2019(COVID–19)ကြောင့် ဖြစ်ပေါ်လာနိုင်သည့်
စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ
သတင်းထုတ်ပြန်ချက်(၃/၂၀၂၀)
၂၀၂၀ ပြည့်နှစ်၊ မေလ ၇ ရက်

၁။ Coronavirus Disease 2019(COVID–19)ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၄/၂၀၂၀)ဆုံးဖြတ်ချက်အရ ချေးငွေလျှောက်ထားသည့် လုပ်ငန်းများအနက် တတိယအသုတ်အဖြစ် ပူးတွဲပါလုပ်ငန်း (၁၁၁) ခုသို့ ခွင့်ပြုငွေ ပမာဏ ကျပ် (၃ . ၅၄၆၆) ဘီလီယံကို COVID–19 Fund မှ ချေးငွေထုတ်ယူခွင့်ပြုလိုက်ပါသည်။

၂။ အဆိုပါ ချေးငွေထုတ်ယူခွင့် ရရှိသူများအား မြန်မာ့စီးပွားရေးဘဏ်မှ ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေများထုတ်ပေးမည်ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် လျှောက်လွှာများအား ချေးငွေများ ဆက်လက် ထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

## COVID–19 Fund မှ ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများစာရင်း

| စဉ် | ချေးငွေ မှတ်ပုံတင် အမှတ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|---|
| ၁ | A – 00023 | Myanmar Skyrun International Co.,ltd | No.64, U shwe Oh Road, Shwe Pyi Thar Industrial Zone (3) Yangon |
| ၂ | F – 00116 | ဒဂုံစက္ကူစက် | အမှတ် (၈၅၁–၈၅၃)၊ (၈၆၈–၈၇၀)၊ ချောင်းသာ (၁)လမ်း၊ (၆၃) ရပ်ကွက်၊ စက်မှုဇုန် – ၂၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်၊ ရန်ကုန်။ |
| ၃ | F – 00115 | ပန်းသဇင် တစ်ရှူးနှင့် စက္ကူပုံးလုပ်ငန်း | အမှတ် ၁/၈၈၊ ကနောင်မင်းသားကြီးလမ်း၊ ဒဂုံအရှေ့စက်မှုဇုန်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်။ |
| ၄ | F – 00080 | ရွှေဝါး ဝါးတူလုပ်ငန်း | ငါးဖယ်အင်းကျေးရွာအုပ်စု၊ မင်းလမ်းကျေးရွာ၊ ကေတုမတီမြို့နယ်၊ တောင်ငူမြို့ |
| ၅ | H – 00044 | Myanmar Combiz Trading Co.,Ltd | အမှတ် ၅၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ |
| ၆ | H – 00042 | ကျွန်းရွှေဝါကုမ္ပဏီလီမိတက် | အမှတ် ၄၇/၄၈၊ ဗဟိုစည်အိမ်ယာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ |
| ၇ | A – 00018 | စမ်းမြသော်တာ စက်မှုထုတ်လုပ်မှု ကုမ္ပဏီလီမိတက် | No. 112, မြန်နွှာနှင့် မြမာလာလမ်းထောင့်၊ သာကေတစက်မှုဇုံ၊ ရန်ကုန်မြို့ |
| ၈ | C – 00032 | Diamond Ngapali Hotel | ဦးပိုင်အမှတ် (၉/၁+ ၉/၂ + ခ/၉ + ခ / ၉/ ၁ + ဃ / ၉ + ၁/ ၈ + ခ/ ၇)၊ ကွင်းအမှတ် (၂၀၈)၊ ဂျိတ္တော ကွင်း၊ဂျိတ္တောရပ်ကွက်၊ ပေလီမြို့ |
| ၉ | C – 00040 | Royal Palace Hotel Co.,ltd | No.35/37/39, Rm 104, 1st Floor, Twin Centro Condo, Baho Raod, Sanchaung Tsp, Yangon |
| ၁၀ | C – 00052 | ပန်းလေပြေ(ခေါန္နးစုမ်)ဟိုတယ်၊(ချင်းပြည်နယ်)၊ မဏိသြဃ ကုမ္ပဏီလီမိတက် | မြို့မ (၂) ရပ်ကွက်၊ ကန်ပက်လက်မြို့နယ်၊ ချင်းပြည်နယ်။ |
| ၁၁ | C – 00085 | လမင်းအိမ်တည်းခိုရိပ်သာ (Moon House Inn) | အမှတ်–(R–5C) ပန်းခရေလမ်း၊ ခရေပင်ရိပ်မွန်အိမ်ယာ၊ ချစ်တီးကုန်း၊ မင်္ဂလာဒုံ |
| ၁၂ | C – 00095 | The Villager Lodge | အမှတ်–၁၂၊ ခနမြိုင်လမ်း၊ ဇီးဖြူကုန်းရပ်ကွက်၊ ပေလီမြို့ |
| ၁၃ | D – 00072 | ဇမ္ဗူရွှေစင်(မြန်မာ)ကုမ္ပဏီ လီမိတက် | အမှတ် (၄၉၆)၊ ပထမထပ်၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ |
| ၁၄ | D – 00081 | Myanmar Lovely Travels & Tours Co.,Ltd | အမှတ် (၁၂)၊ (၆) လွှာ၊ မင်္ဂလာလမ်း၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ |
| ၁၅ | D – 00084 | Bamboo Travels & Tours Co.,ltd | အမှတ် ၅၂/အေ ၊ လေဆိပ်ရိပ်သာလမ်းသွယ် (၃)၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် |
| ၁၆ | D – 00089 | Asian Window Travels & Tours Co.,ltd | အမှတ် – ၁၈၇၊ ၇လွှာ (ဘီ)၊ ဗဟိုရ်လမ်း၊ လင်းလွန်း (တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် |
| ၁၇ | D – 00093 | သုဝဏ္ဏသိဂီခရီးသွားကုမ္ပဏီ(ဒါနဗုဒ ဂါယာ ဘုရားဖူးအဖွဲ့) | ၃၀၃၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် |
| ၁၈ | D – 00097 | Amazing Time Travels and Tours | No.(101), R(12), (10) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ |
| ၁၉ | D – 00102 | Shwe Mandalar Express Co.,Ltd | အမှတ် (ဏ) ဒီ – ၁၊ မြင်းခြံလမ်း၊ အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း။ |
| ၂၀ | D – 00117 | SerendipityLeisure and Services Agent Co; Ltd | No. 15, 7th Floor, Aung Tha Pyay Street, SAnchaung Township, Yangon. |
| ၂၁ | D – 00119 | Radiant Tours & Travels Co; Ltd | အမှတ်–၁၃၂၊ မြေညီထပ်၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |
| ၂၂ | D – 00133 | Pleasant Times Travels & Tours Co; Ltd | အမှတ်(၇၃)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ပထမထပ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၂၃ | D – 00136 | Nanda Win Co; Ltd | အမှတ်(၅၄)၊မြဝတီမင်းကြီးလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၂၄ | D – 00137 | Peacock Travels & Tours Co; Ltd | No. 167, Zabu Myittar St; Thingangyun Tsp, Yangon |
| ၂၅ | D – 00138 | Go Myanmar Travels & Tours | အမှတ် (၂၆၁)၊ ဈ – မြောက်၊ ခြံ (၇၂)၊ လေးထောင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၂၆ | E – 00008 | ချမ်းမြေ့စားသောက်ဆိုင် | No. 59၊ အနောက်မြင်းပြိုင်ကွင်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်း |
| ၂၇ | F – 00072 | လင်းကြက်ဖိနပ်လုပ်ငန်း | အမှတ်(၈၃)၊ စိန်ရတနာလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ရန်ကုန်မြို့ |
| ၂၈ | F – 00084 | ဝင်း အိမ်တွင်းအိတ်ချုပ်လုပ်ငန်း | အမှတ်(၄၅၈)၊ အခန်း (G)၊ ဗိုလ်ချုပ်လမ်း၊ (၁/၁၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ |
| ၂၉ | F – 00083 | သင်းပျံ့အိမ်အထည်ချုပ်လုပ်ငန်း | အမှတ်–၉၀၄၊ ဗိုလ်စောဦး (၁) လမ်း၊ ၄၆ ရက်ကွက်၊ မြောက်ဒဂုံမြို့နယ် |
| ၃၀ | F – 00085 | AMK Handmade Production | 2/A (741), မုဒိတာအိမ်ယာ (၂) ဖန်ချက်စက်ရုံ၊ ပေါက်တောဝ၊ အင်းစိန်မြို့နယ်၊ ရနကုန် |
| ၃၁ | G – 00007 | ဦးဝင်းမြင့် မီးအားမြှင့်စက် အိမ်ခွဲ လုပ်ငန်း | အမှတ်(၆၈၁)၊ ရိုးမရိပ်သာလမ်း၊ (၁၄၄)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၃၂ | G – 00008 | Golden Harp | အမှတ်(၃၂၄)၊ ရေဝန်(၁)လမ်း၊ (၆၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၃၃ | H – 00016 | ပတ္တမြား ပဲသန့်စင်လုပ်ငန်း | အမှတ် (၇၂)၊ ဦးဘဟန်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ |
| ၃၄ | H – 00030 | စင်ရော်ဖြူသောက်ရေသန့် လုပ်ငန်း | အမှတ်(၅၈)၊ ရွက်လှလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ |
| ၃၅ | H – 00033 | သိန်းသန်းအောင်ရေခဲစက် | ၂၁၀၊ ရန်ကုန်–အင်းစိန်လမ်းမ၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ် |
| ၃၆ | H – 00034 | ရွှဝ်မန်ကျည်းတော်ဖီလုပ်ငန်း | ၁၁၇၃၊ ယသဝတီ ၁၇ လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန် |
| ၃၇ | O – 00174 | (Great) တည်းခိုခန်း | ၂၆၂၊ ဒ+တ မြေနီကုန်းတောင်ရပ်ကွက်၊ ဗားကရာလမ်း၊စမ်းချောင်းမြို့နယ် |
| ၃၈ | O – 00182 | PC (Personal Computer)Group | ၁။ အမှတ်–(၃၄)၊ ဗိုလ်ချုပ် အောင်ဆန်းလမ်း၊ (၄) ရပ်ကွက်၊ ဖျာပုံမြို့<br>၂။ အမှတ်(၉)နယ်မြေ၊ ကင်ပွန်းခြံတံတားအနီး၊ ချောက်မြို့<br>၃။ အနောက်ပိုင်းရပ်၊ ဘောလုံးကွင်းတိုက်တန်း၊ ဆိပ်ဖြူမြို့<br>၄။ ၂/၁၄၄/၅၁၃၊ စက်မှု(ရ)လမ်း၊ တောင်ဒဂုံအကြီးစားစက်မှုဇုံ |
| ၃၉ | O – 00196 | ဦးမင်းလွင် (ရွှေပန်းထိမ်) | အမှတ် (၈၂)၊ ခ/ ၄ လမ်း၊ (က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄၀ | O – 00198 | သင့်ဥယျာဉ်၊ Fresh စားသောက်ကုန်လုပ်ငန်း | အမှတ် (၁၈)၊ ယွန်းတန်းရပ်၊ ညောင်ဦးမြို့ |
| ၄၁ | O – 00203 | စိန်ကောင်းကျော်လွှက်ရည်နှင့် စားဖွယ်စုံ | အမှတ်(၉)၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄၂ | O – 00204 | ရွှေနေ့သစ်အဆင့်မြင့် လွှက်ရည်နှင့် စားဖွယ်စုံ | အမှတ်(၂၉၆)၊ ခေမာသီလမ်း၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ |
| ၄၃ | O – 00221 | Green Loom Co,. Ltd ဂရင်းလွန်း ကုမ္ပဏီလီမိတက် | No. 2, Aung Chan Thar Street, 13 Qtr, Yankin T/S, Yangon |
| ၄၄ | O – 00224 | JPZ Company Limited | No. 68 (A), ရာကျော်လမ်း၊ မြို့သစ် (၈) ရပ်ကွက်၊ အင်းစိန် |
| ၄၅ | O – 00238 | ခနဖြူဒေါ်စောရီ မြန်မာထမင်းဆိုင် (တာမွေ) | S 1, ဦးချစ်မောင်လမ်း၊ ဦးချစ်မောင်အိမ်ရာ၊ တာမွေ |
| ၄၆ | O – 00253 | Kaung Myat Hein Mart | အမှတ်(158/ A)၊ အင်းစိန်လမ်းမ ကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၄၇ | C – 00152 | လင်းသာဦး တည်း ခိုရိပ်သာ၊ ပေလီ | လုံးသာ–သံတွဲလမ်း၊ လင်းသာကျေးရွာ၊ ပေလီ |
| ၄၈ | C – 00142 | ဟိုတယ်မိုး – မိုးဟိုတယ်နှင့် စားသောက်ဆိုင် | အမှတ် (၄/၉) (ဂ)၊ ပင်လုံရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကလေးမြို့၊ |
| ၄၉ | C – 00117 | နေချားနီဗားနား ပေလီ ကုမ္ပဏီGYEIK TAW RESORT တည်းခိုရိပ်သာလုပ်ငန်း | အမှတ် (အို–၅) ရွှေစံပါယ်ရိပ်မွန်၊ ရွှေဇလပ်လမ်း၊ (၄) ရပ်ကွက်၊ ကမာရွတ်မြို့နယ် |
| ၅၀ | C – 00188 | ထိုက်မြတ်စံတည်းခိုရိပ်သာ Htaike Myat San Guest House | အမှတ် (၈)၊ မဟာဗန္ဓုလမ်း၊ ပုသိမ်မြို့ |
| ၅၁ | C – 00187 | နေခြည်လင်းဟိုတယ် | အမှတ်(၆)၊ မဟာဗန္ဓုလလမ်း၊ (၅)ရပ်ကွက်၊ ပုသိမ်မြို့ |
| ၅၂ | C – 00186 | Sweet Inn (Nyaung Shwe) | ဦးပိုင်အမှတ် (၁၇၂/၁၇၅)၊ မြေကွက်အမှတ်(၂၀)၊ ဝင်းရပ်ကွက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်တောင်ပိုင်း |
| ၅၃ | C – 00115 | Great Glory Hotel | အမှတ်–၂၅၊ ငါးမာန်အောင် ဘုရားလမ်း၊ ၃၃ ရပ်ကွက်၊ မြောက်ဒဂုံ |
| ၅၄ | C – 00155 | Hotel Taunggoke | ပြည်–တောင်ကုတ်လမ်း၊ ဂူတာရပ်ကွက်၊ တောင်ကုတ်မြို့နယ်၊ သံတွဲခရိုင်၊ ရခိုင်ပြည်နယ် |
| ၅၅ | C – 00169 | Ngapali Hill View Resort | (၃၉၉)၊ ရာဘာတောင်၊ ဇီးဖြူကုန်းရပ်ကွက်၊ ပေလီမြို့၊ သံတွဲမြို့နယ်။ |
| ၅၆ | C – 00167 | ပို့ငှတည်းခိုခန်း | အမှတ် (၁၇၄)၊ ပင်လုံလမ်းမ၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။ |
| ၅၇ | C – 00130 | Lucky Asia Hotel | No. 48, 10th St, Part–3, Pyay Tharyar Quarter, Pyay |
| ၅၈ | C – 00151 | Hotel Ayeyawady | ချောင်းသာကမ်းခြေ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉ | C – 00176 | Blue Ocean Lodge (Hotel), ပေလီကမ်းခြေ | လုံးသာ–သံတွဲလမ်း၊ လင်းသာကျေးရွာ၊ ပေလီမြို့ |
| ၆၀ | C – 00173 | D – New Light Hotel | အမှတ် ၂၉၊ အာဇာနည်လမ်း၊ ရှမ္မလည်ဆွဲရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။ |
| ၆၁ | C – 00137 | SAFFRON LODGE | နန္ဒဝန်ရပ်၊ နန္ဒဝန်လမ်း၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ် |

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

| | | | |
|---|---|---|---|
| ၆၂ | C - 00102 | Nawng Kham the little inn နောင်ခမ်းတည်းခိုရိပ်သာ | ဖောင်တော်ပြန်လမ်း၊ မင်္ဂလာရပ်၊ ညောင်ရွှေ |
| ၆၃ | C - 00105 | RENO HOTEL | No. 123, ကမ္ဘာအေးဘုရားလမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ် |
| ၆၄ | C - 00141 | Haymar Win Hotel Enterprise Co.,Ltd | 39-A, 1/2 mile, Pyay Road, Mayangone Township, Hotel, H-32/33, Hotel Zone, Datkhina Thiri |
| ၆၅ | C - 00110 | Royal Crown Hotel | အမှတ် (3R, 1/5A) ဆရာစံလမ်း၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး |
| ၆၆ | C - 00146 | Kumudara Enterprise Co; Ltd (Kumudara Hotel) | No. 49, Yegyaw St, Pazundaung Tsp, Yangon |
| ၆၇ | D - 00049 | Myanmar Escapade Travel & Tours Co,Ltd | အမှတ်-(၂၆)၊ သမာဓိလမ်း၊ ၈ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၆၈ | D - 00206 | Royal Saytanar Shin | No.(206), 1st Floor, (10) Ward, Bogyoke Aung San Road, Botahtaung Township, Yangon. |
| ၆၉ | D-00143 | Power Palace Travels & Tour | အမှတ် ၁၆၊ ပြည်သာယာလမ်း၊ ၁၆ ရပ်ကွက်၊ ရန်ကင်း |
| ၇၀ | D-00153 | Gracious Vacation Co., Ltd | အမှတ် ၁၅၊ သဇင်မြိုင်လမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် |
| ၇၁ | D-00149 | Yadanar Thiha Co., Ltd | အမှတ် ၀၀၂, B, ရွှေကမ္ဘာ အိမ်ယာ၊ ၃ လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်း |
| ၇၂ | D-00168 | Sri Asia Tourism Service Co., Ltd | အမှတ်-၄၄၊ လမ်းသစ်လမ်း၊ (၄) ရပ်ကွက်၊ လမ်းမတော်မြို့နယ် |
| ၇၃ | D -00170 | Forever Apex Co,.Ltd Forever Apex Travels & Tours Co,.Ltd | တိုက်-ဘီ၊ အခန်းအမှတ် (၇၀၂) အောင်ဇေယျအိမ်ရာ၊ သစ်တောရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၇၄ | D - 00175 | Honest Success Trading and Services Company Limited | No. 181, 1st Floor, 38 Street, Kyauktada Township, Yangon |
| ၇၅ | D- 00164 | Piti Thukha San Company Limited | အမှတ်(၇၄၆)၊ ရွှေနှင်းဆီ(၅)လမ်း၊ (၄၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) |
| ၇၆ | D-00163 | Precious Holiday Company Limited | အမှတ်(၅၄၀)၊ ပထမထပ်၊ ဥယျာဉ်လမ်း၊ ပေါက်တော၀၊ အင်းစိန်မြို့နယ် |
| ၇၇ | D - 00205 | Golden Bliss Travels & Tours Co.,Ltd | အမှတ်(၁၉၆/စီ)၊ ပန်းပိ တောက်လမ်း၊ ခရေပင်ရိပ်မွန် အိမ်ယာ၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်။ |
| ၇၈ | D - 00193 | Amazing Holidays Travels & ToursCo.,Ltd | အခန်း (၀၄၊၀၅၊၀၆)၊ ၆ လွှာ၊ ဗိုလ်မြတ်ထွန်းတာဝါ၊ဗိုလ်မြတ် ထွန်းလမ်းနှင့် မဟာဗန္ဓုလလမ်း ထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| ၇၉ | D - 00192 | Lucky Treasure Travels and ToursCo.,Ltd | ၂၃၁၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| ၈၀ | D - 00179 | မေသူမောင် အပြည်ပြည်ဆိုင်ရာ ခရီးသွားကုမ္ပဏီ | အမှတ်(8 / H)၊ ဆင်မလိုက်အဆင့်မြင့်စျေးကွန်ဒို၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ |
| ၈၁ | D - 00178 | လင်းရောင်ခြည် ဘုရားဖူးလုပ်ငန်း | အမှတ်(၂၂)၊ ဦးဖိုးရွှေလမ်း၊ ဆရာစံမြောက်၊ အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၈၂ | D - 00177 | Good News Travels & Tours Co; Ltd | No. 22, Yanshin Road, Unit 44, 5th Floor, Yankin Township, Yangon |
| ၈၃ | D-00147 | Ayarwaddy Legend Travel and Tours Company Limited | No(104), 37 th Street, lower Block, kyauktada Township |
| ၈၄ | F - 00101 | မြတ်ကေရီ အထည်ချုပ် | ၆၂၊ ရဲရန်အောင် ၃ လမ်းမ၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့ |
| ၈၅ | F - 00082 | ရွှေဖခင်မြေကုမ္ပဏီ၏ထက်နန်းတဝေ ဝင်အထည်ချုပ် လုပ်ငန်း | အမှတ် (၁၄/က) ကမ်းသာယာပတ်လမ်း၊ မြယမုံကမ်းသာယာအိမ်ရာ၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်း |
| ၈၆ | F - 00086 | ကံသာတိုင်းရင်းဆေးတိုက်နှင့် ဆေးကုဌာန | ၃၁/သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ |
| ၈၇ | F - 00087 | ဦးစိန်ရွှေတင် ပလတ်စတစ်ပုလင်း ဖုံးလုပ်ငန်း | အမှတ် ၁၄၅၉ (က)၊ ဘုမ္မာ (၁၉) လမ်း၊ (ည) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |
| ၈၈ | F - 00096 | Smart Garment | အမှတ် (၆)၊ စိုင်းဒင်စီမံကိန်းရုံးဝန်း၊ ဆတ်ရိုးကျစက်မှုရပ်ကွက်၊ စစ်တွေမြို့ |
| ၈၉ | F - 00099 | ပြည့်ဖြိုးကျော်တိုင်ရင်းဆေးဝါးထု တ်လုပ်ရေး | အမှတ် (၅၆၂/ခ)၊ မကွေး(၃)လမ်း၊ ၄၅/ ၂၀ ရပ်ကွက် (သံဒင်း)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ |
| ၉၀ | F - 00077 | မြဖူးဝေ အထည်ချုပ်နှင့် တံဆိပ်ရိုက် | အမှတ်(၇၃၆)၊ ရွှေပုပ္ပါးလမ်း၊ ၅၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၉၁ | F - 00111 | K M K Garment | E -11, ချယ်ရီလမ်း၊ (၁၁၀) ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| ၉၂ | F - 00110 | ပစ်တိုင်းထောင် (P T T) ပလပ်စတစ်လုပ်ငန်း | အမှတ် (၁၁၈၄၊ ၁၁၈၅၊ ၁၁၈၆)၊ ဦးဟိန်စွန်းလမ်း၊ (၅) ရပ်ကွက်၊ ဇုန်(ပြင်ပ)၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်။ |
| ၉၃ | F - 00102 | WEC ဇင်ယော်နီ ဖိနပ်လုပ်ငန်း | အမှတ်-၃၆၇၊ သခင်အုန်းဖေကြီးလမ်း၊ ၄၈ ရက်ကွက်၊ ဒဂုံမြောက် |
| ၉၄ | F - 00151 | KM အိတ်ချုပ်လုပ်ငန်း | အမှတ် 4/3 (A) ၊ မာန်ပြေ (၁၀)လမ်းအနောက်၊ ၃ ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်။ |
| ၉၅ | F - 00144 | ဥမ္မာဆွေ ပလတ်စတစ်ကြိုးလုပ်ငန်း | ၁၃၈၅၊ လှိုင်မြစ်လမ်း၊ စက်မှုဇုံ (၂) ၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| ၉၆ | F - 00142 | Thadar Htun Fashion + Garment | 308/ လယ်သမား ၃ လမ်း၊ ၂၁ ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| ၉၇ | F - 00124 | ဇေတဝန်သက်န်းတိုက်နှင့် အထည်ချုပ်လုပ်ငန်း | အမှတ်(၄၄၊ ၄၅)၊ ၁၄ လမ်း၊ မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ |
| ၉၈ | F - 00123 | Bravo ပလပ်စတစ်စက်ရုံ | အမှတ်(၄၄)၊ ဗန်းမော်အတွင်းဝန်လမ်း၊ လှိုင်သာယာ စက်မှုဇုန်(၃)၊ ရန်ကုန်မြို့။ |
| ၉၉ | F - 00134 | လင်းပိုင်ဖိနပ်လုပ်ငန်း | ၂၅၂/၁၀၊ ရွှေပြည်စိုးလမ်း၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |
| ၁၀၀ | F - 00122 | H .M. A အိတ်ချုပ်လုပ်ငန်း | No.(54), ကာယ(၁၀)လမ်း၊ ကာယရပ်ကွက်၊ သဃ်န်းကျွန်းကြီး၊ မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့။ |
| ၁၀၁ | F - 00113 | အိမ အထည်ထုတ်လုပ် ရေး ချုပ်လုပ်ငန်း | အမှတ် ၄၊ မဥ္ဇူလမ်း၊ (၁၁၀) ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်။ |
| ၁၀၂ | F - 00112 | လမင်းအထည်ချုပ် လုပ်ငန်း | အမှတ် (၁၁)၊ တော်ဝင်လမ်း၊ (၁၁၀) ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| ၁၀၃ | F - 00091 | NICE GARMENT FACTORY နိုက်စ် အထည်ချုပ်စက်ရုံ | အမှတ် ၁၁၂၊ ရွှေနှင်းဆီကန်လမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ |
| ၁၀၄ | F - 00154 | ကေသီအောင်အထည်ချုပ် လုပ်ငန်း | အမှတ်(၃၁၂/ခ)၊ ပိတောက်(၅)လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၀၅ | H - 00048 | ထွန်းရတနာဆန်စက် | အဇက်ဝကျေးရွာ၊ သုံးခွမြို့နယ် |
| ၁၀၆ | H - 00040 | မေတ္တာစမ်းရေသောက်ရေသန့် | No.319, ရွှေဘုံသာလမ်း၊ ရွှေလင်ပန်း၊ လှိုင်သာယာ |
| ၁၀၇ | H - 00037 | ဟိုင်းမင်းတို့ဖူးပဲပြားစားသောက် ကုန်လုပ်ငန်း | အမှတ် (၅၅၈/၅၅၉) ဦးဖိုးလှိုင်လမ်း၊ ၈ ရပ်ကွက်၊ လှိုင်သာယာမြို့နယ် |
| ၁၀၈ | H - 00046 | AQUA PLANET (AP) သောက်ရေသန့် လုပ်ငန်း | အမှတ် (၁၁၄၁)၊ (၃၂) ရပ်ကွက်၊ ငွေပြည်သာ (၄) လမ်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| ၁၀၉ | H - 00043 | စွန်ညီနောင် စွန်မင်း ထုတ်လုပ်မှုကုမ္ပဏီ | အမှတ် (၆၈/၆၉)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေပြည်သာဇုံ(၄)၊ ရန်ကုန်။ |
| ၁၁၀ | O - 00336 | ငွေဆည်တော်(999) ကုမ္ပဏီလီမိတက် | အမှတ် (၁၄၀)၊ ပန်းတဥ်းဝန်ဦးရွှေဘင်လမ်း၊ (၁၁၃)ရပ်ကွက်၊ ဒဂုံအရှေ့စက်မှုဇုံမြို့၊ ရန်ကုန်မြို့နယ် |
| ၁၁၁ | O - 00602 | ရွှေမြို့တော်တည်းခို ခန်း၊ လမင်းအိမ် တည်းခိုခန်း | ၄၈/၄၈ မဟာဆွေ၁၊ ဒဂုံမြောက် ၈၁/၈၂/၈၃/၄၈ စွယ်တော်ဖြူးလမ်း၊ မဒဂုံ |

# ကရင်ပြည်နယ်အတွင်း လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော်  မေ  ၇**

ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်နေချိန်တွင် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် (၇) မြို့နယ်မှ တောင်သူလယ်သမားများအတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်ရှိ လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများမှ နွေစပါး၊ မိုးစပါးများ အလှည့်ကျ စိုက်ပျိုးရန် ၊ မြေသားပြုပြင်ခြင်း၊ တမန်းနိုးခြင်း၊ အငှားဝန်ဆောင်ထွန်ယက် ပြုပြင်ပေးခြင်း၊ အလေအလွင့် အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်း၊ ကြိတ်ခွဲခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဇာသပြင် ကော့ကျိုက်ကျေးရွာတွင် လယ်ယာမြေ ၃၅ ကေ၊ နောင်လုံ အနောက်ကျေးရွာတွင် လယ်ယာမြေ ၂၅ ကေ၊ သံလှယ် ကော့ပနော့ကျေးရွာတွင် လယ်ယာမြေ ၇၇ ကေ၊ တရုတ်လှ ကျေးရွာတွင် လယ်ယာမြေ ၁၆၂ ဒသမ ၅ ကေ၊ ထုံးအိုင် ကျေးရွာတွင် လယ်ယာမြေ ၁၇၁ ကေ၊ ဝင်းကြံကျေးရွာ တွင် လယ်ယာမြေ ၂၅ကေ သံလွင်မြစ်အနောက်ဘက် ခြမ်း ကုန်းတန်းကြီးကျေးရွာတွင် လယ်ယာမြေ ၁၇၁ ကေ၊ ရေကျော်ကြီးကျေးရွာတွင် ကေ ၄၀၊ မြိုင်ကျေးရွာ တွင် လယ်ယာမြေ ကေ ၁၆၀၊ လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြ ကျေးရွာတွင် ၅၅ ကေ စုစုပေါင်း ၉၂၁ ဒသမ ၅ ကေအား မြေယာပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဘားအံမြို့နယ် ကော့ပနော့၊ ခရားသံလှယ်၊ ကော့ဝါးဆူး ကျေးရွာများ၊ မွန်ပြည်နယ် ဘီလူးကျွန်း၊ ချောင်းဆုံ၊ ကမာကေးကျေးရွာ၊ ဘားအံမြို့နယ် ရွှေတောကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ၊ ကော့မြတ်ကြီး ကျေးရွာ များရှိ ၁၆၅၁ ကေတို့အား ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း များ ဆောင်ရွက်လျက်ရှိပြီး တောင်သူလယ်သမားဦးကြီး များအနေဖြင့် မိမိတို့၏ လယ်ယာလုပ်ငန်းများမှ ထွက်ရှိလာမည့် နွေစပါးနှင့် မိုးစပါးများ အချိန်မီထွန်ယက် စိုက်ပျိုးရိတ်သိမ်းခြွေလှေ့လိုပါက လယ်ယာအထောက် အကူပြု ဝန်ဆောင်မှု သမဝါယမအသင်းများမှ နေရာဒေသ မရွေး သင့်လျော်သောဈေးနှုန်းများဖြင့် အခက်အခဲမရှိ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နူးညံ့သောစွမ်းအား(သို့မဟုတ်)ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း

## “Soft Power: Cultural Diplomacy”

နှင်းမြတ်သူ(ယဉ်ကျေးမှု)

နိဒါန်း

**“ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း”အား နိုင်ငံတစ်နိုင်ငံက ၎င်း၏နိုင်ငံခြားရေးရာမူဝါဒရည်မှန်းချက် (သို့မဟုတ်) ၎င်း၏သံတမန်ရေးရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်ရန်အတွက် လက်ခံကျင့်သုံးသော သံတမန်ရေးရာကိစ္စရပ်ပင်ဖြစ်ကြောင်း အလွယ်ကူဆုံး အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ နိုင်ငံများသည် ပဋိပက္ခများကို ကာကွယ်ရန်၊ ယဉ်ကျေးမှုများ ပုံစံသွတ်သွင်းခံရခြင်းနှင့် မိမိယဉ်ကျေးမှုကိုသာ ဗဟိုပြု၍ စံသတ်မှတ်ထားခြင်းကို တားဆီးရန်၊ အပြန်အလှန်နားလည်မှုတိုးမြှင့်ရန်တို့ကို ရည်ရွယ်ပြီး ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်းကို ရာစုနှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်လာခဲ့ကြပါသည်။ “ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်း”ဆိုသည်မှာ ယခုအချိန်မှသာ ပေါ်ပေါက်လာသော ဝေါဟာရနှင့် ဆောင်ရွက်ချက်မဟုတ်ဘဲ သမိုင်းရှည်ကြာစွာ ဆောင်ရွက်ခဲ့ကြသော အထောက်အထားများလည်းရှိပါသည်။ နယ်မြေသစ်များကို စူးစမ်းရှာဖွေသူများ၊ ခရီးသွားလာသူများ၊ ကုန်သွယ်သူများ၊ သင်ကြားပြသသူများနှင့် အနုပညာရှင်များသည် ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်းကို ဆောင်ရွက်သူများအဖြစ် သတ်မှတ်ရမည်ဖြစ်ပါသည်။ အကျဉ်းအားဖြင့်ဆိုရပါမူ အနုပညာ၊ အားကစား၊ စာပေ၊ ဂီတ၊ သိပ္ပံ၊ ကုန်သွယ်ရေး၊ စီးပွားရေးဆိုင်ရာနယ်ပယ်များနှင့် အခြားနယ်ပယ်များတွင် ပြင်ပမှ မတူညီသော ယဉ်ကျေးမှုများနှင့် ထိတွေ့ကူးလူးဆက်ဆံရသူ/ဆက်ဆံခဲ့သူ မည်သူမဆိုကို ယဉ်ကျေးမှုရေးရာသံတမန်များအဖြစ် သတ်မှတ်နိုင်ပါသည်။**

**ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်းနှင့် ၎င်း၏အရေးပါပုံ**

“ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်း”သည် လူသားများအကြား မတူညီသော အတွေးအခေါ် အယူအဆများ၊ တန်ဖိုးထားသတ်မှတ်မှုများ၊ ရိုးရာဓလေ့ထုံးစံများကို အကျိုးရှိရှိ ဖလှယ်အသုံးချခြင်း၊ ဆက်ဆံရေးများကို အားဖြည့်မြှင့်တင်ခြင်း၊ လူမှုရေး-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းလာစေခြင်းနှင့် တိုင်းပြည်၏ အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ခြင်းတို့အတွက် ဆောင်ရွက်သော လုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။

ယနေ့ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် “ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း”သည် ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို မြှင့်တင်ရန်အတွက် အဓိက အရေးပါသော အရာဖြစ်လာပါသည်။ လူမှုအဖွဲ့အစည်း အလွှာအသီးသီးတွင် ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်းကို လက်ခံကျင့်သုံးပါက အဆိုပါ ယဉ်ကျေးမှုရေးရာဆိုင်ရာ ကိစ္စရပ်များသည် လူထုအမြင်ကိုလွှမ်းမိုးနိုင်သည့် တစ်မူထူးခြားသော စွမ်းရည်အဖြစ် ဖြစ်ပေါ်လာပြီး လူတစ်ဦး တစ်ယောက်ချင်းစီမှစ၍ လူမှုအဖွဲ့အစည်းများ၊ ယဉ်ကျေးမှုများ၏ အတွေးအမြင်စနစ်များကို ပြောင်းလဲလာစေပါသည်။ ထိုသို့ပြောင်းလဲလာရာတွင် အောက်ပါအဓိကအချက် ငါးချက်ကို တွေးခေါ် ဆင်ခြင်တတ်လာစေရန်နှင့် အဆင့်ဆင့်ကျင့်သုံး အကောင်အထည်ဖော်ဆောင်လာစေရန် အထောက်အကူပြုလာပါသည်-

(၁) မတူကွဲပြားသော ယဉ်ကျေးမှုများနှင့် အမွေအနှစ်များကို အသိအမှတ်ပြုခြင်းနှင့် တန်ဖိုးထားလေးစားခြင်းများ၊
(၂) ကမ္ဘာလုံးဆိုင်ရာ မတူကွဲပြားသော ယဉ်ကျေးမှုရေးရာ ဆွေးနွေးမှုများ၊
(၃) တရားမျှတမှုများ၊ ညီညွတ်မျှတမှုများ၊ အပြန်အလှန် မှီခိုအားထားမှုများ၊
(၄) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်မှုများ၊
(၅) ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးများ။

အဆိုပါအချက်များသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်လျက်ရှိပြီး ပထမအချက်ဖြစ်သော မတူကွဲပြားသည့် ယဉ်ကျေးမှုများနှင့် အမွေအနှစ်များကို အသိအမှတ်ပြုခြင်းနှင့် တန်ဖိုးထားလေးစားခြင်းကို သိရှိနားလည် အကောင်အထည်ဖော်ပြီးပါက ထိုမှတစ်ဆင့် ဒုတိယအချက်၊ တတိယအချက်နှင့် စတုတ္ထအချက်စသည်ဖြင့် အဆင့်ဆင့် ဖော်ဆောင်နိုင်မည်ဖြစ်ကာ နောက်ဆုံးအဆင့်ဖြစ်သော ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးများကို ဖော်ဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပါသည်။

**နူးညံ့သောစွမ်းအား(သို့မဟုတ်) ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း**

ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးများတွင် အသုံးပြုလေ့ရှိသော စွမ်းအား နှစ်မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ ခိုင်မာတောင့်တင်းသော ရုပ်ပိုင်းဆိုင်ရာ စွမ်းအား (Hard Power) ဖြစ်ပြီး ဒုတိယတစ်မျိုးမှာ နူးညံ့သောစွမ်းအား (Soft Power) ပင်ဖြစ်ပါသည်။ ယခင်ရာစုနှစ်များအလွန်က နိုင်ငံအချင်းချင်းဆက်ဆံရေးတွင် ခိုင်မာတောင့်တင်းသော ရုပ်ပိုင်းဆိုင်ရာစွမ်းအား (Hard Power) အဖြစ် စစ်ရေး၊ စီးပွားရေး အစရှိသော အင်အားများကို အသုံးပြုပြီး လွှမ်းမိုးချုပ်ကိုင်ခဲ့ကြသော်လည်း ယနေ့ခေတ်တွင် အဆိုပါနှစ်ရပ်အနက် နူးညံ့သောစွမ်းအား(Soft Power) ကို အထူးအလေးထားအသုံးပြုလာကြပါသည်။ နိုင်ငံရေးသိပ္ပံပညာရှင် တစ်ဦးဖြစ်သူ Prof. Joseph S. Nye က နူးညံ့သောစွမ်းအား(Soft Power) ကို (Hard Power) နှင့် ခွဲခြားပြီး အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နူးညံ့သောစွမ်းအား(Soft Power) သည် ခိုင်မာတောင့်တင်းသည့် ရုပ်ပိုင်းဆိုင်ရာ စွမ်းအား (Hard Power) ကဲ့သို့ စစ်ရေးအင်အား၊ စီးပွားရေးအင်အားဖြင့် အနိုင်ယူခြင်း (သို့မဟုတ်) အကျပ်ကိုင် လွှမ်းမိုးခြင်းမျိုးမဟုတ်ဘဲ ယဉ်ကျေးမှုတန်ဖိုးနှင့် အတွေးအခေါ်များမှတစ်ဆင့် ဆွဲဆောင်သိမ်းသွင်းနိုင်သည့် စွမ်းအင်ပင်ဖြစ်သည်ဟု ဖွင့်ဆိုခဲ့ပါသည်။

- ယနေ့ခေတ်အချိန်အခါတွင် ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်းသည် အထူးအရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်လာပြီး နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ရပ်တည်ချက်ကို ကိုယ်စားပြုဖော်ပြလာနိုင်ပြီ ဖြစ်ပါသည်။
- နိုင်ငံသားတိုင်းသည် မိမိနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ရပ်တည်ချက်ကို ကိုယ်တိုင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သည်ဖြစ်ပါ၍ အားလုံး အတူတကွပူးပေါင်းကာ ပြည်သူတစ်ရပ်လုံးက ပိုမိုပါဝင်လာနိုင်စေရန် ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း၏ သဘောသဘာဝများကို လက်ဆင့်ကမ်းမျှဝေပေးနိုင်ရန်လည်း လိုအပ်လှပါသည်။

သို့ဖြစ်ရာ ယနေ့ခေတ်တွင် နိုင်ငံများသည် ၎င်းတို့၏ အမျိုးသားရေး လက္ခဏာပုံရိပ်တို့ကို အပြည့်အဝဖော်ထုတ် မိတ်ဆက်ပြသနိုင်ရန် “ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း”ကို နူးညံ့သော စွမ်းအား(Soft Power) အဖြစ် အသားပေး ဆောင်ရွက်လာကြပါသည်။ ကမ္ဘာ့နိုင်ငံတိုင်း အားလုံးလိုလိုသည် “ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း” ကို မိမိတို့ ကိုယ်ပိုင်နည်းလမ်းများဖြင့် ဖော်ထုတ်မိတ်ဆက်လျက်ရှိပြီး နိုင်ငံအချင်းချင်း ချစ်ကြည်ရေး တည်တံ့ခိုင်မြဲစေရန်နှင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု စရိုက်လက္ခဏာများကို အခြားနိုင်ငံများနှင့် မတူညီသော လူမှုအဖွဲ့အစည်းတို့က လေးစားတန်ဖိုးထားလာကြစေရန် ဆောင်ရွက်လာကြ နေပါသည်။ ယနေ့ခေတ်ကာလတွင် နူးညံ့သော စွမ်းအား (Soft Power)သည် ခိုင်မာတောင့်တင်းသည့် ရုပ်ပိုင်းဆိုင်ရာ စွမ်းအား(Hard Power) ထက် ပိုမိုအားကောင်းလာသည်ကိုတော့ ငြင်းဆိုမရသည့် အချက်ပင်ဖြစ်ပါသည်။

**“ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်း”၊ ၎င်း၏အမျိုးအစား စံသတ်မှတ်မှု သီအိုရီနှင့် ၎င်းကိုယ်တိုင် ဖြစ်ထွန်းလာသော ယဉ်ကျေးမှု**

ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်း၏ သဘောတရားများသည် အမျိုးအစားစံသတ်မှတ်မှု သီအိုရီ သို့မဟုတ် စံသတ်မှတ်မှုအား စီမံခန့်ခွဲမှုနှင့် ရောယှက်လျက်ရှိနေပါသေးသည်။ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အခန်းကဏ္ဍသည် ကမ္ဘာ့နိုင်ငံများစွာအတွက် ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု စရိုက်လက္ခဏာများ၏ စံသတ်မှတ်မှုများကို ဖော်ထုတ်မြှင့်တင်ရာ၌ အရေးပါသည့် ဦးဆောင်ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လာပါသည်။ နိုင်ငံများသည် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များနှင့် အနုပညာရပ်များကို ပြင်ပနိုင်ငံများသို့ ဖော်ထုတ်ပြသခြင်းဖြင့် ၎င်းတို့သည် မည်သို့သော လူမှုအဖွဲ့အစည်းဖြစ်သည်ကို ကမ္ဘာသို့ ပြသနိုင်သော အခွင့်အရေးများ ရှိလာမည်ဖြစ်ပါသည်။ တစ်နည်းဆိုသော် မိမိနိုင်ငံ၏ ကောင်းမွန်သော ပုံရိပ်ကို တည်ဆောက်နိုင်မည်ဖြစ်ကာ အဆိုပါနိုင်ငံက ဖော်ဆောင်မည့် နိုင်ငံတကာဆက်ဆံရေး၏ ရည်ရွယ်ချက်များလည်း ပိုမိုအောင်မြင်လာနိုင်မည်ဖြစ်ပါသည်။ ယင်းသို့သော အခြေခံအကြောင်းတရားကြောင့် ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုသုံးစွဲလာသော ယဉ်ကျေးမှုတစ်ခုအဖြစ် ၎င်းကိုယ်တိုင် ဖြစ်ထွန်းလာခဲ့ပြန်ပါသေးသည်။

**ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်း၏ အမျိုးအစားများ**

ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်း၏ အမျိုးအစားများစွာရှိပါသည်။ ၎င်းတို့အနက် ဥပမာအနေဖြင့် တင်ပြရပါမူ နိုင်ငံများအကြား ချုပ်ဆိုသော ယဉ်ကျေးမှုဆိုင်ရာ နားလည်မှု စာချွန်လွှာများ၊ ညီအစ်မမြို့တော် သဘောတူညီမှုများ၊ ပညာတော်သင်ထောက်ပံ့မှုများ၊ ပညာရေးဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများ၊ ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများ၊ ဘာသာစကား သင်ကြားသင်ယူမှုများ၊ ရိုးရာအစားအစာများ၊ ရုပ်ရှင်နှင့် စာပေပွဲတော်များ၊ အနုပညာလက်ရာ ခင်းကျင်းပြသပွဲများနှင့် အားကစားပြိုင်ပွဲများ အစရှိသည့် လုပ်ဆောင်ချက်များပင် ဖြစ်ပါသည်။ ထို့အပြင် လူငယ်ဖလှယ်ရေးအစီအစဉ်များ၊ ယဉ်ကျေးမှု ဖျော်ဖြေပွဲများနှင့် အခြားသော ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ခြင်းသည်လည်း အပါအဝင်ဖြစ်ပါသည်။ အဆိုပါကိစ္စရပ်များကို ရှုမြင်ခြင်းအားဖြင့် အင်အားကြီးနိုင်ငံများသည် အထက်ဖော်ပြပါ ကိစ္စရပ်များတွင် ဘဏ္ဍာငွေများစွာသုံးစွဲပြီး ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု စရိုက်လက္ခဏာများကို ပြည်ပနိုင်ငံများတွင် မိတ်ဆက်ကာ မြှင့်တင်နိုင်ရေး ဆောင်ရွက်လာကြပါသည်။ သို့ဖြစ်ရာ ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်းသည် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားနှင့် ဂုဏ်သိက္ခာရပ်တည်ချက်အတွက် နိုင်ငံ၏ ယဉ်ကျေးမှုအား ဒိုင်းသဖွယ် အကာအကွယ်ပြုကာ ရှေ့ဆက်ဖော်ဆောင်သော နိုင်ငံရေးဆောင်ရွက်ချက် တစ်ရပ်အဖြစ်လည်း ရှုမြင်နိုင်ပါသည်။ ဤအခြေခံအကြောင်းတရားအရ “ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း” သည် နိုင်ငံရေး၊ စီးပွားရေးရာ သံခင်းတမန်ခင်း၏ ဆင့်ပွားအရာမဟုတ်ဘဲ ယင်းတို့အတွက် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းအဖြစ် ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။

**ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်းမှ ယူဆောင်ပေးလာသော အရာများ**

ယဉ်ကျေးမှုရေးရာသံခင်းတမန်ခင်းကို ဆောင်ရွက်ခြင်းဖြင့် မတူညီသော ယဉ်ကျေးမှုများကို ပိုင်ဆိုင်ထားသော လူမှုအဖွဲ့အစည်းများအကြား အပြန်အလှန်နားလည်ယုံကြည်မှုနှင့် လေးစားမှုတို့ကို ယူဆောင်လာပေးနိုင်ပါသည်။ ဥပမာအားဖြင့် တင်ပြရပါမူ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ လက်ရာပစ္စည်းတစ်ခုကို အခြားနိုင်ငံတွင် မိတ်ဆက်ခင်းကျင်းပြသခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းတန်ဖိုးမြင့်မားမှုကို အဆိုပါနိုင်ငံမှ ပြည်သူများ သိမြင်နားလည်သဘောပေါက်လာပြီး မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုများကို အထင်ကြီးလေးစားလာစေခြင်းအားဖြင့် အပြန်အလှန်လေးစားတန်ဖိုးထားတတ်သော စိတ်ထားကို ဖန်တီးဖော်ထုတ်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ယဉ်ကျေးမှုရေးရာကို တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်နေကြသော သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့နိုင်ငံသားများအတွက် အမျိုးသားရေးစိတ်ဓာတ်ဆိုင်ရာ အသိပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များအား ထင်ရှားခိုင်မာသော မှတ်တိုင်များအဖြစ် တည်ဆောက်ပေးရန်၊ မိမိတို့လူမှုအဖွဲ့အစည်းတစ်ရပ်၏ အတွေးအမြင်များ ထည့်သွင်း၊ ပါဝင်နေသော ယဉ်ကျေးမှုဆိုင်ရာ ဆက်နွှယ်ဆောင်ရွက်မှုများဖြစ်သည့် ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်းကို ဒေသတွင်းနှင့် ဒေသပြင်ပနေရာများတွင်ပါ တိုးမြှင့်ဆောင်ရွက်ရန်၊ မိမိနိုင်ငံ၏ ဂုဏ်သတင်းကို တိုးမြှင့်နိုင်ရေး ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံမှ ထောက်ပံ့ကူညီပေးရန် တာဝန်ရှိပါသည်။ ထို့အပြင် မိမိတို့နိုင်ငံ၏ဖြစ်ပေါ်တိုးတက်နေမှုများကို ဖော်ထုတ်ပြသနိုင်မည့် အနုပညာလက်ရာများကို ဖန်တီးထုတ်လုပ်ပြီး ကမ္ဘာ့အရပ်ရပ်မှ နိုင်ငံများနှင့် ယဉ်ကျေးမှုဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရန်၊ အပြန်အလှန်ရင်းနှီးချစ်ကြည်မှုများ တည်ဆောက်ကြရန်လည်း အထူးလိုအပ်လှပါသည်။

ယနေ့ခေတ်အချိန်အခါတွင် ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်းသည် အထူးအရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်လာပြီး နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ရပ်တည်ချက်ကို ကိုယ်စားပြု ဖော်ပြလာနိုင်ပြီဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း နိုင်ငံသားတိုင်းသည် မိမိနိုင်ငံ၏ ဂုဏ်သိက္ခာနှင့် ရပ်တည်ချက်ကို ကိုယ်တိုင်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်သည် ဖြစ်ပါ၍ အားလုံး အတူတကွပူးပေါင်းကာ ပြည်သူတစ်ရပ်လုံးက ပိုမိုပါဝင်လာနိုင်စေရန် ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း၏ သဘောသဘာဝများကို လက်ဆင့်ကမ်းမျှဝေပေးနိုင်ရန်လည်း လိုအပ်လှပါသည်။ သို့မှသာ မိမိတို့၏ စည်းလုံးညီညွတ်မှုများ၊ အမျိုးသားရေးစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ဦးစွာရှင်သန်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံတကာ ယဉ်ကျေးမှုများနှင့် နားလည်ယုံကြည်မှုရှိစွာ အပြန်အလှန်ဖလှယ်နိုင်ကြမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ ယနေ့ခေတ်တွင် မိမိတို့ ဦးတည်သွားရမည့် လမ်းကြောင်းကို ထင်ရှားစွာသိမြင်နေကြပြီ ဖြစ်ပါ၍ တစ်ဦးတစ်ယောက်ချင်းစီက မိမိတို့နိုင်ငံအား ကိုယ်စားပြုဖော်ပြနိုင်ရေးအတွက် ဖြစ်နိုင်ခြေရှိသော အကောင်းဆုံးနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

# နေပြည်တော်ကောင်စီနယ်မြေ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ် ၅၁၈ တန်ကျော် ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၈၄ ဒသမ ၃၂၀၂တန်၊ သစ်မာ ၅၂ ဒသမ ၃၄၁၂ တန်၊ အခြား ၂၈၂ ဒသမ ၂၈၇၀ တန်၊ စုစုပေါင်း ၅၁၈ ဒသမ ၉၄၈၄ တန်၊ ပြစ်မှုကျူးလွန်သူ ၄၅ ဦး၊ ယာဉ်/ ယန္တရား အစီး ၃၀ ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**



## မြန်မာ့ရုပ်မြင်သံကြား

၈ . ၅ . ၂၀၂၀ (သောကြာနေ့)

**နံနက်ပိုင်း**

၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
၇:၀၀ – Breakfast News
၇:၃၅ – MRTV Travelogue "ရှမ်းပြည်နယ်မြောက်ပိုင်း ခရီးသွားမှတ်တမ်း" (အပိုင်း– ၂)
၈:၃၅ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ရခိုင်ပြည်နယ်အစိုးရအဖွဲ့)
၁၁:၁၅– မျက်မှောက်ရေးရာအဖြာဖြာ
၁၁:၄၀– "COVID–19 ကာကွယ် ထိန်းချုပ်ရေး စုပေါင်းအင်အားပါဝင်ပေး"
၁၃:၃၀– နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာခေါက်ဆွဲ" (အပိုင်း–၁)

**ညပိုင်း**

၁၆:၃၀– (၇၄)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း "191" (အပိုင်း–၇) (ဇာတ်သိမ်း) (ပြေတီဦး၊ နိုင်းနိုင်း၊ မင်းမော်ကွန်း၊ မိုးဟေကို၊ ယုသန္တာတင်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ– ဝိုင်း)
၁၇:၃၀– လူငယ်ကဏ္ဍအစီအစဉ်
၁၈:၂၅– "COVID–19 ကာကွယ်ဖို့ ပူးပေါင်းပါဝင် ဆောင်ရွက်စို့"
၁၉:၂၀– နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ " (အပိုင်း– ၄၂)
၂၀:၀၀– ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
– နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ကယားပြည်နယ်အစိုးရအဖွဲ့)
– မြန်မာ့ရုပ်ရှင်ရာပြည့် ဂုဏ်ပြုအစီအစဉ် "လိပ်ပြာကူးထူးခြားသူများ" (မန္တလေးသိန်းဇော်)
– မြန်မာဗီဒီယိုဇာတ်လမ်း "မကျေပွဲ" (ဇေရဲထက်၊ စံရတီမိုးမြင့်) (ဒါရိုက်တာ–ဇမ္ဗူထွန်းသက်လွင်)
– မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၇**

ဖောင်းပြင်မြို့နယ် မိုင်းချောင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၅ ရက် ညပိုင်းက ဖောင်းပြင်မြို့နယ် မိုင်းချောင်းကျေးရွာအုပ်စု ရွှာသာကျေးရွာ ကောင်းပေါင်းချောင်းအနီးတွင် အောင်ကျော်လွင် မောင်းနှင်ပြီး မြဝင်းလိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ဝ ဒသမ ၂၈၇ ကီလို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့တွင် တပ်မတော်မှ မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု မြိတ်တောင်ကျေးရွာ ငါးလေလံတံတား၏ အရှေ့ဘက်ကိုက် ၁၀၀ ခန့်အကွာတွင် စက်လှေတစ်စင်းကို တွေ့ရှိစစ်ဆေးရှာဖွေရာ လှေပေါ်တွင် ကြည်သန်းနှင့် ၎င်း၏ ဇနီးဖြစ်သူ မသီတာတို့အား တွေ့ရှိရပြီး စက်လှေပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ တို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၁၀ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းယောင်းမြို့ အမှတ်(၁)ရပ်ကွက် မိုင်းယောင်း–မိုင်းဖြတ်သွားကားလမ်းတွင် တွေ့ရှိသူ မနာဘိုအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မိုင်းယောင်းမြို့ အမှတ်(၁)ရပ်ကွက် အိုက်ပေး၏ နေအိမ်ကို သွားရောက်စစ်ဆေးရှာဖွေရာ အိုက်ပေးပိုင်ဆိုင်သည့်ယာဉ်ကို တွေ့ရှိသဖြင့် ဆက်လက်ရှာဖွေရာ ယာဉ်အတွင်းမှ စုစုပေါင်း တန်ဖိုးငွေ ကျပ်သိန်း ၁၄၉၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀၀၀ တို့ကိုလည်းကောင်း။

အလားတူ မေ ၆ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(က) မြို့ရှောင်လမ်းပေါ်တွင် အားကာမောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၆ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်း–အောင်ပန်းသွားကားလမ်း မြင်းတွင်းကျေးရွာအုပ်စု ပက်တလယ်ကျေးရွာ အနီးတွင် ထင်ပေါ်(ခ)ဇော်တိက မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ကျော်လှိုင်မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၇ ဒသမ ၅ ကီလို၊ ဘိန်းဆီခဲ ၄ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြဝတီမြို့၌ ညမထွက်ရအမိန့် ထုတ်ပြန်ပြီးနောက်ပိုင်း မေ ၆ ရက်အထိ ကျူးလွန်သူ ၃၈၅ ဦး ဖမ်းဆီးရမိ

**မြဝတီ မေ ၇**

မြန်မာ–ထိုင်းနယ်စပ် မြဝတီမြို့တွင် ညမထွက်ရအမိန့်ကို ဧပြီ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် ဧပြီ ၂၁ရက်မှစတင်၍ တပ်မတော်၊ နယ်မြေခံရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်နှင့် မီးသတ်တပ်ဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့မှ ညစဉ်လှည့်ကင်းများ ဆောင်ရွက်ပြီး ညမထွက်ရအမိန့်ကျူးလွန်သူများအား ဖမ်းဆီးခဲ့ရာ မေ ၆ ရက် ညအထိ ညမထွက်ရအမိန့် ကျူးလွန်သူများအား ဖမ်းဆီးရမိခဲ့ရာ ၃၈၅ ဦးထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဧပြီ ၁၈ ရက်က စပြီး ညမထွက်ရအမိန့်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဧပြီ ၁၉ နဲ့ ၂၀ ရက်တွေမှာတော့ ပညာပေးအနေနဲ့ဆောင်ရွက်မှုတွေပြုလုပ်ခဲ့ပြီး ဧပြီ ၂၁ ရက်ကနေ ပူးပေါင်းလှည့်ကင်းတွေနဲ့ လှည့်ပြီး ဖမ်းဆီးရာမှာ ဧပြီ ၂၁ ရက်ကနေ မေ ၆ ရက်ထိ စုစုပေါင်း ၃၈၅ ဦး ဖမ်းဆီးနိုင်ခဲ့ပြီး ၃၂၉ ဦးကို မြို့နယ်တရားရုံးမှာ တရားစွဲတင်ခဲ့ပါတယ်။ ဒီနေ့ ၅၆ ဦး ထပ်မံတရားစွဲတင်ဖို့ ရှိနေပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုက ပြောသည်။

ထိုသို့ ဖမ်းဆီးရမိရာတွင် ဧပြီ ၁၂ ရက်မှ မေ ၄ ရက်အထိ အရေးယူဆောင်ရွက်မှုအနေဖြင့် ၃၂၉ ဦးကို မြို့နယ်တရားရုံး၌ တရားစွဲတင်ခဲ့ရာ ဖမ်းဆီးရမိသူ ၅၀ ကို ထောင်ဒဏ် ၁၅ ရက် ချမှတ်ခဲ့ပြီး ကျန် ၂၇၉ ဦးကို ဒဏ်ငွေ ၅၀၀၀၀ ချမှတ်ခဲ့သည်။ ထို့ပြင် မေ ၆ ရက်တွင် ဖမ်းဆီးရမိသူ ၃၈ ဦးနှင့် မေ ၆ ရက်တွင် ဖမ်းဆီးရမိသူ ၁၈ ဦး စုစုပေါင်း ၅၆ ဦးအား ယနေ့ မြို့နယ်တရားရုံးသို့ တရားစွဲတင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင် (ပြန်/ဆက်)**

# လယ်ထဲတွင် မြက်သတ်ဆေးဖျန်းရင်း မိုးကြိုးထိမှန်၍ အမျိုးသားတစ်ဦးသေဆုံး

**ဘိုကလေး မေ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သပြေကန်ကျေးရွာအုပ်စု သပြေကန်ကျေးရွာတွင် ယမန်နေ့ညနေပိုင်း၌ လယ်ယာမြေအတွင်း မြက်သတ်ဆေးဖျန်းနေစဉ် မိုးရွာသွန်းပြီး မိုးကြိုးပစ်ကာ အမျိုးသားတစ်ဦး သေဆုံးခဲ့သည်။

သေဆုံးသူမှာ နေထွန်းအောင် ဘိုကလေးမြို့နယ် သပြေကန်ကျေးရွာ နေထိုင်သူဖြစ်ကြောင်း၊ ဖခင်နှင့်အတူ လယ်ထဲ၌ မြက်သတ်ဆေးဖျန်းနေစဉ် မိုးရွာသွန်းပြီး မိုးကြိုးပစ်၍ ဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူ၏ ရုပ်အလောင်းအား တာဝန်ရှိသူများက ဘိုကလေးမြို့နယ်ခုတင် ၁၀၀ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် ကမကလူနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

❊ *ကျောဖုံးမှ*

ထို့အပြင် ဂျာမန်ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ခရစ္စတီယန် ဆီဖတ်ကလည်း ယခုလို ဆုံးဖြတ်ချက်ဟာ ဘွန်ဒက်စ်လီဂါနှင့် ဘွန်ဒက်စ်လီဂါ–၂ တို့အတွက် သတင်းကောင်းပါပဲဟု ပြောကြားခဲ့သည်။

ဂျာမန်လိဂ်နှစ်ခုမှ ကစားသမားများနှင့် ဝန်ထမ်းအင်အား စုစုပေါင်း ၁၇၂၄ ဦးကို ကိုရိုနာဗိုင်းရပ် ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီး ၁၀ ဦး ရောဂါပိုးတွေ့ရှိကြောင်း အတည်ပြုကြေညာပြီးနောက် မကြာမီတွင် အထက်ပါအတိုင်း အတည်ပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျာမန်ကစားသမားများသည် ပြီးခဲ့သည့်လတွင် လေ့ကျင့်ရေးအစီအစဉ်စတင်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ ဂျာမန်ဘောလုံးအဖွဲ့ချုပ်က ကနဦးတွင် မေ ၉ ရက်၌ ပွဲစဉ်များ ပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ယမန်နေ့အထိ သေဆုံးသူ ၇၀၀၀ နီးပါးရှိလာပြီး အဆိုပါပမာဏဟာ ဗြိတိန်၊ အီတလီ၊ ပြင်သစ်နှင့် စပိန်တို့ထက်လျော့နည်းသည့် ပမာဏဖြစ်ကြောင်း သိရသည်။

ဂျာမန်လိဂ်များနည်းတူ တူရကီစူပါလိဂ်လည်း ဇွန် ၁၂ ရက်တွင် ပြန်လည်စတင်နိုင်ဖွယ်ရှိကြောင်း ကြေညာခဲ့ပြီး ဇူလိုင်လကုန်တွင် ပြိုင်ပွဲများ ပြီးဆုံးရန် ရည်မှန်းထားကြောင်း သိရသည်။ စပိန်လာလီဂါသည် ဇွန်လတွင် ပြန်လည်စတင်နိုင်ရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ခရိုအေးရှားထိပ်တန်းလိဂ်သည်လည်း မေ ၃၀ ရက်တွင် ပြန်လည်စတင်ရန် အဆိုပြုထားပြီး အစိုးရ၏အတည်ပြုဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**အီဂါလို၏ အငှားစာချုပ်ကို သက်တမ်းတိုးလို**

မန်ယူအသင်းသည် တရုတ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းမှ နိုင်ဂျီးရီးယားတိုက်စစ်ကစားသမား အီဂါလို (၃၀နှစ်)၏ အငှားစာချုပ်ကို သက်တမ်းတိုးလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဂျော်ဂျင်ဟိုကို ပြန်လည်ခေါ်ယူနိုင်ရန် ဆွေးနွေး**

ဂျူဗင်တပ်စ်အသင်းသည် ချယ်လ်ဆီးနှင့် အီတလီကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကို ပြန်လည်ခေါ်ယူနိုင်ရန်အတွက် အဆိုပါကစားသမား၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ကာဗာဝါကို ခေါ်ယူနိုင်ရန် မျှော်လင့်**

အာဆင်နယ်အသင်းသည် ပီအက်စ်ဂျီအသင်းမှ ပြင်သစ်ဘယ်ခံစစ်ကစားသမား ကာဗာဝါကို ခေါ်ယူနိုင်ရန် မျှော်လင့်နေကြောင်း၊ ဘာစီလိုနာအသင်းကလည်း အသက် ၂၇ နှစ်အရွယ် အဆိုပါ ကစားသမားကို ခေါ်ယူဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မူနီယာကို ခေါ်ယူရေး ဦးဆောင်**

စပါးအသင်းသည် ပီအက်စ်ဂျီအသင်းမှ ဘယ်လ်ဂျီယံခံစစ်ကစားသမား သောမက်စ် မူနီယာ (၂၈နှစ်) ကို ခေါ်ယူရေးတွင် ဦးဆောင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ရာရှီကာကို ခေါ်ယူဖွယ်ရှိ**

လီဗာပူး၊ ဆောက်သမ်တန်နှင့် လိုက်ပ်ဇစ်အသင်းတို့သည် ဇွန်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သော အသက် ၂၃ နှစ်အရွယ် ဝါဒါဘရီမင်တောင်ပံကစားသမား ရာရှီကာကို ခေါ်ယူဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဂိုမက်ဇ်ကို တစ်ပတ် ပေါင် ၃၀၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်း**

မန်ယူအသင်းသည် နွေရာသီတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိနေသည့် တိုက်စစ်ကစားသမား ဂိုမက်ဇ် (၁၉နှစ်) ကို တစ်ပတ် ပေါင် ၃၀၀၀၀ ဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဘာကာယိုကိုသည် အေစီမီလန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့လို**

လက်ရှိတွင် မိုနာကိုအသင်း၌ အငှားကစားနေသော ချယ်လ်ဆီးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ဘာကာယိုကိုသည် အေစီမီလန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့လိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၅ နှစ်အရွယ် အဆိုပါ ကစားသမားသည် ၂၀၁၈–၂၀၁၉ ရာသီတွင် ဆန်စီယိုု၌ အငှားကစားခဲ့ဖူးသူဖြစ်သည်။

**ကာမာရာကို ခေါ်ယူရန် ပြင်ဆင်**

မန်စီးတီးအသင်းသည် မာဆေးလ်အသင်းမှ ပြင်သစ်ခံစစ်ကစားသမား ကာမာရာ (၂၀နှစ်) ကို ပေါင် ၂၈ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေကြောင်း ပြင်သစ်အခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

❏ *ကျောဖုံးမှ*

ယနေ့ Coronavirus Disease 2019 (Covid–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ လှူဒါန်းသည့် အလှူငွေကျပ် ၂၂ သိန်းကို ရုရှားသံရုံးမိသားစုများက စုပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**




ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရုံးချုပ်ကို တွေ့ရစဉ်။

# ကိုဗစ်-၁၉ တိုက်ဖျက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာထားသော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွင် တရုတ်နိုင်ငံက ချိတ်ဆက်ဆောင်ရွက်သွားမည်

**ပေကျင်း မေ ၇**

တရုတ်နိုင်ငံသည် ကိုဗစ် – ၁၉ တိုက်ဖျက်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာထားသော နိုင်ငံတကာပူးတွဲဆောင်ရွက်မှုတွင် ချိတ်ဆက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မကြာသေးမီက ပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒ်ရို့စ်အက်ဟာနွန်က ကာကွယ်ဆေးရှာဖွေစမ်းသပ်မှု၊ ထုတ်လုပ်မှုနှင့် မျှတစွာ ဖြန့်ဖြူးမှုများ၊ ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ ရောဂါရှာဖွေမှု များနှင့် ရောဂါကုသမှုများတွင် အရှိန်မြှင့်လုပ်ဆောင်ရန် နိုင်ငံတကာ ပူးတွဲဆောင်ရွက်မှုတစ်ခုကို ဧပြီ ၂၄ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါတိုက်ဖျက်ရေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်အခန်းကဏ္ဍကို ထောက်ခံသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာပူးတွဲဆောင်ရွက်မှုတွင် ပါဝင်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဟွာချွမ်းရင်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

ဗိုင်းရပ်စ်သည် နယ်စည်းများကန့်သတ်ထားရှိထားသည်ကို မသိရှိကြောင်း၊ နိုင်ငံတိုင်းမှ ပြည်သူများအနေဖြင့် ကာကွယ်ဆေးနှင့် ဆေးဝါးများကို အညီအမျှ ရရှိသင့်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဗိုင်းရပ်စ်ဖြစ်ပွားပြီးနောက်ပိုင်းတွင် တရုတ်နိုင်ငံသည် ကိုဗစ် – ၁၉ ရောဂါဆိုင်ရာ မျိုးရိုးဗီဇအချက်အလက်များကို အခြားနိုင်ငံများနှင့် ချက်ချင်းမျှဝေခဲ့ကြောင်း၊ ထို့အပြင် အချက်အလက်များကို သိပ္ပံပညာရပ်ဆိုင်ရာ သုတေသနရလဒ်များအတွက် မှုဘောင်တစ်ခုတည်ဆောက်ပြီး ဆေးဝါးနှင့် ကာကွယ်ဆေးသုတေသနနှင့် တိုးတက်မှုများရရှိရန် နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် အောက်လွှတ်တော်တွင် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး ပြင်းထန်သောမေးခွန်းများနှင့် ရင်ဆိုင်ခဲ့ရ

**လန်ဒန် မေ ၇**

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိရောက်စွာ ကာကွယ်ဟန့်တားရန် ချမှတ်ထားသော အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဖြေလျှော့ပေးရေးပြီးပြည့်စုံသောအစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ရန် စဉ်းစားနေသော ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် အောက်လွှတ်တော်တွင် ပြင်းထန်သောမေးခွန်းများနှင့် ရင်ဆိုင်ခဲ့ရကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၇ ရက်က ဖော်ပြလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုတွင် အဆိုးရွားဆုံး ခံစားခဲ့ရသော ဥရောပနိုင်ငံတစ်နိုင်ငံ ဖြစ်သည့် အီတလီကို ဗြိတိန်က ဒုတိယရက်အနေဖြင့် ကျော်လွန်သွားပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် အတိုက်အခံ လေဘာပါတီ ခေါင်းဆောင်သစ် ကားရ်စတာမာ၏ မေးခွန်းများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ ဖွင့်ဟပြောကြားချက်တွင် ဗြိတိန်အစိုးရသည် အသွားအလာကန့်သတ်မှုများကို လျှော့ချသွားရန်ရှိကြောင်းနှင့် မေလကုန်အထိ တစ်နေ့လျှင် လူနှစ်သိန်းခန့် စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျွန်ဆင်သည် ဗြိတိန်ကို အသွားအလာ ကန့်သတ်မှုဘောင်အတွင်းမှ လွတ်မြောက်နိုင်ရေး ဝန်ကြီးအစည်းအဝေးတစ်ရပ်ခေါ်ယူကျင်းပမည်ဖြစ်သလို အရေးပေါ် ကော်ဘရာအစည်းအဝေး (ကျန်းမာရေးဆိုင်ရာ စဉ်ဆက်မပြတ် တိုင်ပင်ဆွေးနွေးလုပ်ကိုင်ဆောင်ရွက်ရေး အစည်းအဝေး) တစ်ရပ်ကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်တွင် လတ်တလောတွင် ကိုရိုနာဗိုင်းရပ်စ်နှင့်ဆက်စပ်ရောဂါများကြောင့် သေဆုံးသူ ၃၀၀၇၆ ဦး အထိရှိလာကြောင်း ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးဌာနက ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး အစိုးရ၏ နည်းဗျူဟာများအပေါ် မေးမြန်းချက်နှင့်ပတ်သက်ပြီး စတာမာက ဗြိတိန်ဝန်ကြီးချုပ်သည် ရက်သတ္တတစ်ပတ်ထက်စောပြီး လုပ်ငန်းခွင်ပြန်လည် ဝင်ရောက်လာမည်ဆိုပါက အစိုးရ၏ ချဉ်းကပ်မှုပုံစံသည် အောင်မြင်မည်ဟု ပြည်သူများက ထင်မြင်ယူဆကြောင်း၊ သို့သော်လည်း ယမန်နေ့က ကြားသိရသလောက် ကိုဗစ်-၁၉ကြောင့် အင်္ဂလန်တွင် လူပေါင်း ၂၉၄၂၇ ဦးအထိ သေဆုံးခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် ထိုသို့ဖြစ်ရကြောင်း မေးမြန်းခဲ့သည်။

စတာမာ၏ မေးမြန်းချက်အပေါ် ဂျွန်ဆင်က ကိုဗစ် – ၁၉ နှင့်ပတ်သက်ပြီး အခြားနိုင်ငံများ၏ စာရင်းဇယားများနှင့် နှိုင်းယှဉ်ရန် စောလွန်းသေးကြောင်း ပြောကြားလိုက်သည်။

ဆင်ဟွာ



ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်

# အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုများကို ပြန်ဖွင့်လျှင် ဖြစ်လာနိုင်မည့်အန္တရာယ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ သတိပေး

**ဂျီနီဗာ မေ ၇**

ကမ္ဘာ့နိုင်ငံအချို့တွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု အရှိန်အဟုန်လျော့ကျလာပြီဖြစ်သောကြောင့် နိုင်ငံအများအပြားက ကပ်ရောဂါဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုများနှင့် စည်းကမ်းလမ်းညွှန်ချက်များကို ဖြေလျှော့မှုများ ပြုလုပ်ကာ စီးပွားရေးလုပ်ငန်းအချို့ကို ပြန်လည်ဖွင့်လှစ်နေပြီဖြစ်ရာ ယင်းသို့ဆောင်ရွက်နေမှုများကို အထူးသတိထားပြီး ဆောင်ရွက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒ်ရို့စ်အက်ဟာနွန်က သတိပေးခဲ့သည်။

လော့ခ်ဒေါင်းပြန်ဖွင့်မည့် နိုင်ငံများအနေဖြင့် ထိရောက်သည့် အစီအမံများ ကြိုတင်စီမံထားရန် လိုကြောင်းနှင့် ထိုသို့မဟုတ်ပါက အန္တရာယ်ကြီးမားကြောင်း ဂျီနီဗာမြို့၌ ပြုလုပ်သည့် အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ကန့်သတ်ပိတ်ဆို့မှုများ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေသည့်နိုင်ငံများအနေဖြင့် စောင့်ကြည့်ရေးခိုင်မာစွာ လုပ်ဆောင်ရန်၊ သီးသန့်ခွဲခြားနေထိုင်ရန်၊ လူနာမှန်သမျှကို ကုသမှုပေးရန်၊ ပိုးရှိလူနာနှင့်ထိတွေ့မှုရှိသူအားလုံးကို ရှာဖွေဖော်ထုတ်ရန်၊ လုပ်ငန်းခွင်များနှင့် စာသင်ကျောင်းများတွင် ထိရောက်သည့် အကာအကွယ်စီမံမှုများပြုလုပ်ရန်နှင့် အသွားအလာကန့်သတ်ကာလကုန်ဆုံးပြီးနောက် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကို ပြည်သူလူထုက အပြည့်အဝ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ရန် ဟူသော စံနှုန်း ခြောက်ချက်နှင့် ပတ်သက်၍လည်း ၎င်းက သတိပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ




ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူး တက်ဒ်ရို့စ်အက်ဟာနွန်

# ဗိုင်းရပ်စ်စစ်ဆေးခွင့်ပြုမည့် စံနှုန်းသတ်မှတ်ချက်များ ပြောင်းလဲရန် ညွှန်ကြားချက်အသစ် ဂျပန်ထုတ်ပြန်

**တိုကျို မေ ၇**

ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်–၁၉ စစ်ဆေးခွင့်ပြုမည့် စံနှုန်းသတ်မှတ်ချက်များ ပြောင်းလဲရန် ညွှန်ကြားချက်အသစ်တစ်ရပ်ကို အတည်ပြုလိုက်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် မိမိကိုယ်ကိုယ် ဗိုင်းရပ်စ်ကူးစက်ခံရသည်ဟု ထင်သည့် လူများသည် ဒေသန္တရ ကျန်းမာရေးဌာနများရှိ အကြံပေးစင်တာကို အရင်ဆုံးဆက်သွယ်ရမည်ဖြစ်ပြီး ဆရာဝန်က လိုအပ်သည်ဟု ယူဆပါက ဆက်သွယ်လာသူများသည် ဓာတ်ခွဲစမ်းသပ်မှုခံယူနိုင်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် ညွှန်ကြားချက်များအရ လူတစ်ဦးသည် ကိုယ်အပူချိန် ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးရပ်စ်သို့မဟုတ် ၎င်းထက်မြင့်သော အပူချိန် ၄ ရက်ဆက်တိုက်ရှိနေပါက စစ်ဆေးမှုလုပ်ဆောင်ရန် ဆက်သွယ်သင့်ကြောင်း သိရသည်။

ယခုသတ်မှတ်ချက်က ပြည်သူများကို ဆေးကုသမှုဖြစ်အောင် တွန်းအားပေးမှုမရှိတော့သည့်အတွက် အဆိုပါညွှန်ကြားချက်နေရာတွင် ညွှန်ကြားချက်အသစ်ကို အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အစားထိုးလိုက်သော ညွှန်ကြားချက်အသစ်တွင် လူများအနေဖြင့် အသက်ရှူခက်ခဲခြင်း၊ အလွန်ပင်ပန်းနွမ်းလျခြင်း သို့မဟုတ် ကိုယ်ပူချိန်မြင့်နေခြင်း စသည့်ရောဂါလက္ခဏာများရှိနေမည်ဆိုပါက သက်ဆိုင်ရာအာဏာပိုင်များကို ချက်ချင်းဆက်သွယ်ရန်လိုကြောင်း အဆိုပါညွှန်ကြားချက်အသစ်တွင် ဖော်ပြထားသည်။ အသက်အရွယ်ကြီးသူများ သို့မဟုတ် ရောဂါအခံရှိသူများ စသည့်ရောဂါကူးစက်လွယ်သူများတွင် ဖျားနာခြင်း သို့မဟုတ် ချောင်းဆိုးခြင်း စသည့် အအေးမိသည့်လက္ခဏာများရှိလာခဲ့ပါက အလားတူလုပ်ဆောင်ရန်လိုကြောင်း ဆက်လက်ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

# အီရန်၌ ကိုဗစ် – ၁၉ ဒုတိယအကျော့ပြန်လည်ဖြစ်ပွားနိုင်သည့် အခြေအနေအပေါ် စိုးရိမ်

**တီဟီရန် မေ ၇**
ကမ္ဘာ့နိုင်ငံအများအပြားတွင် ကိုဗစ် – ၁၉ ကပ်ရောဂါဆိုင်ရာ အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုများကို စတင်ဖြေလျှော့မှုများ လုပ်ဆောင်နေပြီဖြစ်သော်လည်း ကိုဗစ်–၁၉ ဒုတိယအကျော့ပြန်လည်ဖြစ်ပွားနိုင်မည့် အန္တရာယ်ကို မည်သို့ရှောင်ရှားမည်ဆိုသည့် ပြဿနာမှာ စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက် ကျန်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံအတွင်း ကပ်ရောဂါကူးစက်မှုအရှိန်အဟုန်လျော့ကျလာပြီးနောက် အစိုးရက ပြီးခဲ့သည့်လတွင် စီးပွားရေးဆိုင်ရာ လည်ပတ်လှုပ်ရှားမှုတချို့တစ်ဝက်ကို ပြန်လည်ခွင့်ပြုပေးခဲ့သည်။ သို့ရာတွင်နိုင်ငံအတွင်း ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက် ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး မေ ၆ ရက်တွင် ၁၆၈၀ အထိ ရှိခဲ့သည်။ ရောဂါကူးစက်မှု ထပ်မံမြင့်တက်နေရခြင်းမှာ မလိုလားအပ်ဘဲ အပြင်ထွက်ခြင်းနှင့် ခရီးသွားလာမှုများကြောင့် ဖြစ်နိုင်ကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အီရန်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကီရာနုရှ် ဂျာဟန်ပါက အီရန်ပြည်သူများအနေဖြင့် ၎င်းတို့၏ ပုံမှန်ဘဝကို ပြန်လည်မရရှိသေးကြောင်း နားလည်သဘောပေါက်ရန် လိုအပ်သည်ဟု ပြောသည်။

ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်သည် ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အကြာက အသေးစားစီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရန် မီးစိမ်းပြခဲ့ပြီးနောက်တွင် နိုင်ငံများအားလုံးရှိ ဈေးဆိုင်များပြန်လည်ဖွင့်လှစ်ရမည့် နည်းလမ်းများကို ပြောကြားခဲ့သည်။ သို့သော်လည်း တစ်ပတ်အတွင်း အုပ်ချုပ်ရေးနယ်မြေတစ်ခုရှိ လူ ၁၀၀၀၀၀ တွင် ရောဂါထပ်မံကူးစက်ခံရသူ ၅၀ ကျော်လာခဲ့လျှင် ကပ်ရောဂါဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုလမ်းညွှန်ချက်များကို ပြန်လည်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်သည် ၃ ဒသမ ၇ သန်းရှိပြီဖြစ်ပြီး သေဆုံးသူအရေအတွက် ၂၆၀၀၀၀ ကျော်ရှိကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်က ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**



အီရန်ကျန်းမာရေးဝန်ထမ်းများက ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်းဆောင်ရွက်နေစဉ်။

## အိန္ဒိယနိုင်ငံ၌ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ငါးဦးထက်မနည်းသေဆုံးကာ လူ ၁၀၀၀ ကျော် ကျန်းမာရေးထိခိုက်

**နယူးဒေလီ မေ ၇**
အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေရှိ ဓာတုစက်ရုံတစ်ရုံ၌ အန္တရာယ်ရှိသည့် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူ ငါးဦးထက်မနည်းသေဆုံးခဲ့ပြီး လူ ၁၀၀၀ ကျော်ကို ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း အာဏာပိုင်များက မေ ၇ ရက်တွင် ပြောကြားခဲ့သည်။

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် တစ်နိုင်ငံလုံး အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှု ချမှတ်ခဲ့သည့် မတ်လနှောင်းပိုင်းမှစတင်ကာ အသုံးပြုရခြင်းမရှိတော့သည့် တန်ချိန်၅၀၀၀ ဆံ့ တိုင်ကီနှစ်လုံးမှ ဓာတ်ငွေ့များ ယိုစိမ့်ခဲ့ခြင်းဖြစ်ကြောင်း ဒေသရဲအရာရှိတစ်ဦးက ပြောပြခဲ့သည်။




ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ထိခိုက်ခဲ့သူများကို ကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။

အိန္ဒိယရုပ်မြင်သံကြား သတင်းချန်နယ်မှ ထုတ်လွှင့်ပြသခဲ့သည့် ပုံရိပ်များတွင် အန်ဒရာပရာဒေ့ရှ်ပြည်နယ် စက်မှုဆိပ်ကမ်းမြို့ ဝိသာခါပတ္တနမ်ရှိ လမ်းများပေါ်တွင် ကလေးငယ်များနှင့် အမျိုးသမီးများ အပါအဝင် လူအများအပြား လဲကျနေသည့်မြင်ကွင်းကို တွေ့ရသည်။

လတ်တလောတွင် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် သေဆုံးသူ ငါးဦးရှိကြောင်း အတည်ပြုထားပြီး သေဆုံးသူ အရေအတွက် ထပ်မံမြင့်တက်လာနိုင်ဖွယ်ရှိသေးကြောင်း ဝိသာခါပတ္တနမ်မြို့ လက်ထောက်ရဲမင်းကြီး ဆွာရွတ်ရာနီက ပြောကြားခဲ့သည်

ဓာတ်ငွေ့ယိုစိမ့်မှုအတွင်း ထိခိုက်ခဲ့သူ အယောက် ၁၀၀၀ ကျော်ကို ဆေးရုံအသီးသီးသို့ ပို့ဆောင်ထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## အီရန်အပေါ် သမ္မတ၏စစ်ရေးဆုံးဖြတ်ပိုင်ခွင့် ကန့်သတ်သည့် ဆုံးဖြတ်ချက်ကို သမ္မတထရမ့်က ဗီတိုအာဏာဖြင့်ပယ်ချ

**ဝါရှင်တန် မေ ၇**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်အပေါ်တွင် စစ်ရေးအရ ဖိအားပေးမှုများ ပြုလုပ်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်ရန် ရည်ရွယ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို မေ ၆ ရက်က ဗီတိုအာဏာဖြင့် ပယ်ချလိုက်ကြောင်း သိရသည်။

သမ္မတထရမ့်က ၎င်း၏ စစ်ရေးဆုံးဖြတ်ခွင့်ကို ကန့်သတ်ချုပ်ချယ်ရန် ကြိုးပမ်းသည့် အဆိုပါဆုံးဖြတ်ချက်သည် လွန်စွာစော်ကားရာကျကြောင်း သမ္မတထရမ့်က ဗီတိုအာဏာဖြင့် ပယ်ချခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြခဲ့သည့် ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းကို ဒီမိုကရက်ပါတီဝင်များက ရွေးကောက်ပွဲအတွင်း အနိုင်ရရှိရေးအတွက် ကြိုးပမ်းသည့် နည်းဗျူဟာအစိတ်အပိုင်းတစ်ခုအနေဖြင့် နိုဝင်ဘာ ၃ ရက်တွင် စတင်ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သမ္မတထရမ့်က ဆိုထားသည်။

ထို့ပြင် သမ္မတထရမ့်က ၎င်း၏ စစ်ရေးဆုံးဖြတ်ခွင့်ကို ကန့်သတ်ရန် ရေးဆွဲလိုက်သည့် ယင်းဆုံးဖြတ်ချက်ကို မဲပေးခဲ့ကြသည့် ရီပတ်ဘလစ်ကန်အမတ်အနည်းစုတို့မှာ ဒီမိုကရက်ပါတီဝင်များ၏ လက်ခုပ်အတွင်း ဆော့ကစားခံနေရသူများဖြစ်ကြောင်း ထပ်မံပြောကြားလိုက်သည်။ အဆိုပါ ဆုံးဖြတ်ချက်သည် အမေရိကန်ပြည်ထောင်စုကို အကာအကွယ်ပေးရန် သမ္မတတစ်ဦး၏ ကြိုးပမ်းအားထုတ်မှုစွမ်းရည်ကို ထိခိုက်အားနည်းစေရုံသာမက အမေရိကန်၏ မဟာမိတ်အဖွဲ့ဝင်များနှင့် လုပ်ဖော်ကိုင်ဖက်များကိုပါ ကာကွယ်နိုင်စွမ်း ဆုတ်ယုတ်စေလိမ့်မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့သော ဆုံးဖြတ်ချက်မျိုးကို အထက်လွှတ်တော်က ခွင့်ပြုမပေးခဲ့သင့်ကြောင်း သမ္မတထရမ့်က ပြောကြားလိုက်သည်။ **ဆင်ဟွာ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့ဝင်များနှင့် ဆွေးနွေးနေစဉ်။

## နယူးယောက်ပြည်နယ်၌ ကိုဗစ်-၁၉ နှင့်ဆက်နွယ်သည့် ရောဂါလက္ခဏာ ခံစားရသူ ကလေးငယ် ၆၄ ဦးကို ဆေးရုံတင်ထားရ

**နယူးယောက် မေ ၇**
အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်၌ ကိုဗစ် – ၁၉ ကူးစက်မှုနှင့် ဆက်နွယ်သည့် ရောဂါလက္ခဏာ ခံစားရသူ ကလေးငယ် ၆၄ ဦးကို တွေ့ရှိခဲ့ရကြောင်း ပြည်နယ်ကျန်းမာရေးဌာနက မေ ၇ ရက်တွင် ပြောကြားခဲ့သည်။

နယူးယောက်ပြည်နယ် ကျန်းမာရေးဌာနက ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အဖွဲ့အစည်းများသို့ ထုတ်ပြန်ခဲ့သည့် အကြံပြုချက်၌ မေ ၆ ရက်က ကိုဗစ် – ၁၉ ကူးစက်ခံရမှုနှင့်ဆက်နွယ်သည့် လက္ခဏာတွေ့ရှိရသည့် ကလေးငယ် ၆၄ ဦးကို နယူးယောက်စီးတီးအပါအဝင် ပြည်နယ်တစ်ဝန်းရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါ ကလေးငယ် ၆၄ ဦးအနက် ကလေးငယ်အများစုမှာ ရောဂါလက္ခဏာပြင်းထန်မှုမရှိသော်လည်း အချို့တွင် အန္တရာယ်ရှိသည့် ရောင်ရမ်းခြင်းလက္ခဏာများ ပိုဆိုးလာနိုင်ဖွယ်ရှိနေကြောင်း နယူးယောက်ပြည်နယ် ကျန်းမာရေးဌာန ကော်မရှင်နာ ဒေါက်တာ ဟောင်းဝပ်ဇူကာက ပြောကြားခဲ့သည်။ ကလေးငယ်အချို့တို့တွင် အဖျားမကျခြင်း၊ ဝမ်းဗိုက်ပိုင်းဆိုင်ရာ လက္ခဏာများဖြစ်ပေါ်ခြင်းနှင့် နှလုံးသွေးကြောလည်ပတ်မှုစနစ်ဆိုင်ရာ အပြောင်းအလဲများဖြစ်ပေါ်ခြင်းလက္ခဏာများပင်တွေ့ရှိရပြီး အထူးကြပ်မတ်ကုသမှုခံယူရန် လိုအပ်လျက်ရှိကြောင်း ကျန်းမာရေးဌာနက ပြောသည်။

နယူးယောက်မြို့တွင်းရှိ ကလေးငယ် ၁၅ ဦးခန့် ထူးဆန်းသည့်လက္ခဏာ အချို့တွေ့ရပြီး ထက်ဝက်ခန့်မှာ သွေးဖိအားအထောက်အကူပေးရန်နှင့် အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်ကြောင်း နယူးယောက်စီးတီးအာဏာပိုင်များက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အိန္ဒိယအစိုးရက အယ်လ်ကိုဟောအသုံးပြုထုတ်လုပ်ထားသည့် လက်သန့်ဆေး ပြည်ပသို့ တင်ပို့ရောင်းချမှုကို ပိတ်ပင်

**နယူးဒေလီ မေ ၇**
အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို သတိပြု နေချိန်တွင် အယ်လ်ကိုဟောကို အခြေခံ၍ ထုတ်လုပ်ထားသည့် လက်သန့်ဆေးရည်များ ပြည်ပသို့ တင်ပို့ရောင်းချမှု ကို အိန္ဒိယဖက်ဒရယ်အစိုးရက ပိတ်ပင်လိုက်ကြောင်း သိရသည်။

ကပ်ရောဂါကူးစက်မှုအရှိန်မြင့်နေချိန်တွင် နိုင်ငံ အတွင်း လက်သန့်ဆေးရည်များ ပိုမိုလိုအပ်နေ သည့်အတွက် ပြည်ပသို့ တင်ပို့ရောင်းချမှုကို တားမြစ် လိုက်ခြင်းဖြစ်ကြောင်း အစိုးရအာဏာပိုင်များက မေ ၇ ရက်တွင် ပြောကြားခဲ့သည်။ ပြည်တွင်းဈေးကွက်၌ ပစ္စည်းပြတ်လပ်မှု မဖြစ်ပေါ်စေရန်အတွက် ထိုသို့လုပ်ဆောင်ရခြင်းဖြစ်သည်ဟု အာဏာပိုင်များက ဆိုသည်။

အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်–၁၉ ကူးစက်ခံရသူအရေ အတွက် ၅၂၉၅၂ ဦးရှိလာပြီး သေဆုံးသူအရေအတွက် ၁၇၈၃ ဦးအထိရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# နိုင်ငံ့ခေါင်းဆောင်တွေ တစ်နည်းတစ်ဖုံပါဝင်လာတဲ့ ကိုဗစ်-၁၉ ကုသဆေးကိစ္စ

ကလျာမိုးမြင့်

**ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကို တစ်ကမ္ဘာလုံးက တွန်းလှန်ရင်ဆိုင်နေရခြင်းနဲ့အတူ ဒီရောဂါအတွက် ထိရောက်တဲ့ဆေးကိုအမြန်ဆုံးရရှိနိုင်ဖို့ အသည်းအသန်ကြိုးပမ်းနေကြချိန်မှာ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ဟာ ငှက်ဖျားရောဂါကုသဆေးတစ်မျိုးဖြစ်တဲ့ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးကို အလွန်အမင်းယုံကြည်အားထားနေတာကို တွေ့ရပါတယ်။ ဒီအချိန်မှာငင်းရဲ့ထိပ်တန်းမဟာမိတ်နိုင်ငံတစ်ခုဖြစ်တဲ့ ဂျပန်ဟာဆိုရင်လည်း ကိုဗစ်-၁၉ ကုသဆေးရရှိရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှေ့ဆက်ဖို့ ဟန်ပြင်လျက်ရှိနေပါတယ်။**

## ချီးမွမ်းခန်းဖွင့်

အဝါဖျော့ဖျော့အရောင်ရှိတဲ့ ဆေးပြားလေးတွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါကိုတိုက်ဖျက်တဲ့နေရာမှာ မရှိမဖြစ် အရေးပါလာနိုင်တယ်လို့ လူပြောသူပြောများလျက်ရှိနေပါတယ်။ ကပ်ရောဂါအတွက် မျှော်လင့်ချက်ရောင်ခြည် တစ်ခုသဖွယ် တင်စားခံနေရတဲ့ အဲဒီအရာကတော့ အဗီဂန် (Avigan)လို့ ခေါ်တဲ့ ဆေးပါပဲ။ အထူးသဖြင့် ဒီဆေးကို ထင်ထင်ရှားရှားဖြစ်လာအောင် ချီးမွမ်းခန်းဖွင့်နေသူကတော့ ဂျပန်ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး ဖြစ်ပါတယ်။

မစ္စတာအာဘေးဟာ ပြည်တွင်းဖြစ် အဗီဂန်ဆေးကို သတင်းစာရှင်းလင်းပွဲတွေ၊ သမ္မတထရမ့်နဲ့ တခြားသော ဂျီဆဲဗင်းနိုင်ငံ့ခေါင်းဆောင်တွေဆီ ဖုန်းခေါ်ဆိုခဲ့မှုတွေ အပါအဝင် ကမ္ဘာ့ခေါင်းဆောင်တွေနဲ့ ပြုလုပ်ခဲ့တဲ့ ဆွေးနွေးပွဲတွေအထိ ဆွဲသွင်းလာတဲ့သူပါပဲ။ လက်ရှိ ထုတ်လုပ်ထားတဲ့ အဗီဂန်ဆေးအရေအတွက်ကို သုံးဆလောက်အထိ ထပ်တိုးထုတ်လုပ်ဖို့အတွက် ၎င်းက ငွေကြေး အမေရိကန်ဒေါ်လာ သန်း ၁၃၀ နီးပါးအထိ သုံးစွဲဖို့ ခွဲဝေသတ်မှတ်ထားတယ်လို့လည်း သိရပါတယ်။

## ခိုင်လုံတဲ့အထောက်အထားမရှိသေး

သို့သော်လည်းပဲ အဗီဂန်ဆေးနဲ့ပတ်သက်ပြီး အဓိကကျတဲ့အချက်တစ်ချက်ကိုတော့ ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက မှတ်ချက်အနေနဲ့ ရှင်းလင်းထားပါတယ်။ အဲဒါကတော့ အဗီဂန်ဆေးဟာ ကိုဗစ်-၁၉ ကို အမှန်တကယ်ပျောက်ကင်းစေနိုင်တယ်ဆိုပြီး လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ သက်သေအထောက်အထားမရှိသေးဘူးဆိုတဲ့အချက်ပါ။ တခြားသော အသက်အန္တရာယ်ထိခိုက်စေနိုင်တဲ့ အီဘိုလာလို ရောဂါမျိုးတွေကို ကုသရာမှာ ပျောက်ကင်းတဲ့ အလားအလာမျိုး ပြသခဲ့တယ်ဆိုသော်ငြားလည်း ဒီဆေးဟာ လူတွေမှာဖြစ်တဲ့ အဖျားရောဂါမှန်သမျှကို ကုသပေးနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ကတော့ ရာနှုန်းပြည့် မဟုတ်သေးဘူးလို့ ဆိုပါတယ်။

“လက်ရှိ ထုတ်လုပ်ထားတဲ့ အဗီဂန်ဆေး အရေအတွက်ကို သုံးဆလောက်အထိ ထပ်တိုးထုတ်လုပ်ဖို့အတွက် ၎င်းက ငွေကြေး အမေရိကန်ဒေါ်လာ သန်း ၁၃၀ နီးပါးအထိ သုံးစွဲဖို့ခွဲဝေသတ်မှတ်ထားတယ်လို့လည်း သိရ”



တရုတ်နိုင်ငံ ကျီအန်စုပြည်နယ်ရှိ ဆေးဝါးထုတ်လုပ်ရေး စက်ရုံတစ်ရုံမှ ဝန်ထမ်းများ လုပ်ငန်းခွင်

## မွေးဖွားမှုဆိုင်ရာ ချို့ယွင်းချက်ဖြစ်နိုင်

ပြီးတော့ ယေဘုယျနာမည် ဖာဗီပီရာဗာလို့ အမည်ရတဲ့ အဗီဂန်ဆေးမှာ စည်းကမ်းကြပ်မတ်မှုလုပ်ဆောင်ခဲ့ရတဲ့ ထူးထူးခြားခြား သမိုင်းကြောင်းတစ်ခုရှိနေပြီး အန္တရာယ်ဖြစ်စေနိုင်တဲ့ ဘေးထွက်ဆိုးကျိုးတစ်ခုလည်း ရှိနေပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီးတော့လည်း ပြီးခဲ့တဲ့တနင်္လာနေ့မှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ မစ္စတာအာဘေးကိုယ်တိုင်က ထုတ်ဖော်ပြောဆိုထားတာ ရှိပါတယ်။

ဒီဆေးရဲ့ ဘေးထွက်ဆိုးကျိုးက ကိုယ်ဝန်ဆောင်မိခင်တွေမှာဆိုရင် ကလေးမွေးဖွားမှုဆိုင်ရာ ချို့ယွင်းချက်တွေဖြစ်ပေါ်နိုင်တယ်လို့ သိရပါတယ်။ ဆေးရဲ့ ဘေးထွက်ဆိုးကျိုးက သာလီဒိုမိုက်( Thalidomide) ခေါ် စိတ်ငြိမ်ဆေးရဲ့ ဘေးထွက်ဆိုးကျိုးနဲ့ သက်ရောက်မှုချင်းတူပြီး ၁၉၅၀ ပြည့်နှစ်တွေနဲ့ ၁၉၆၀ ပြည့်နှစ်များအတွင်းမှာ ဒီဆေးကြောင့် ကိုယ်လက်အင်္ဂါချို့ယွင်းမှုရှိတဲ့ ကလေးငယ်ထောင်ပေါင်းများစွာ မွေးဖွားခဲ့ဖူးတယ်လို့ သိရပါတယ်။

## ကမောက်ကမဖြစ်စေမလား

တစ်ချိန်တည်းမှာပဲ ဂျပန်ဝန်ကြီးချုပ်ဟာ ယခုလကုန်လောက်မှာ အဗီဂန်ဆေးကို ကိုဗစ်-၁၉ အတွက် ကုသတဲ့ဆေးအဖြစ် အသုံးပြုခွင့်ရရှိရေး အတည်ပြုနိုင်ဖို့ တိုက်တွန်းတောင်းဆိုနေပါတယ်။ ငှက်ဖျားရောဂါကုသဆေးဖြစ်တဲ့ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးကို သမ္မတထရမ့်က အထူးယုံကြည်အားထားနေသလိုမျိုး ဂျပန်ဝန်ကြီးချုပ်ကလည်း အဗီဂန်ဆေးကို အကြီးအကျယ် ချီးကျူးထောက်ခံနေတာဟာ စဉ်းစားစရာတစ်ခုပေါ်လာပါတယ်။ အဲဒါကတော့ နိုင်ငံ့ခေါင်းဆောင်တွေဟာ ခိုင်လုံတဲ့အထောက်အထားဖော်ပြနိုင်ခြင်းမရှိသေးတဲ့ ဆေးဝါးတွေကို ထောက်ခံအားပေးနေခြင်းအားဖြင့် မြင်ရတွေ့ရခဲ့တဲ့ ပါဝင်စွက်ဖက်မှုတွေ ပြုလုပ်လာကြတာဟာ အထူးသတိထားပြီး လုပ်ဆောင်ရမယ့် ဆေးဝါးထောက်ခံအတည်ပြုခြင်းဖြစ်စဉ်တွေကို ကမောက်ကမဖြစ်စေတော့မလားဆိုတဲ့ စိုးရိမ်ပူပန်ကြောင့်ကြမှုတွေ ပေါ်ထွက်လာခြင်းပါပဲ။

## နိုင်ငံပေါင်း ၈၀ နီးပါး တောင်းဆို

ဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေးရဲ့ အားပေးမြှင့်တင်မှုကြောင့်ပဲ ဂျပန်မှာ အဗီဂန်ဆေးဝါးထုတ်လုပ်တဲ့ ဆေးဝါးစက်ရုံ ၁၀၀၀ ကျော်အထိ ဖြစ်လာခဲ့သလို နိုင်ငံပေါင်း ၈၀ နီးပါးလောက်အထိ ဒီဆေးကိုဖြန့်ဝေပေးဖို့ တောင်းဆိုနေကြပြီလို့ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ပါတယ်။

စူဆန်အယ်လန်ဘတ်ဟာ ဆေးဝါးကုသမှုဆိုင်ရာ လေ့လာမှုတွေကို စီစဉ်နေတဲ့ ပင်ဆယ်လ်ဗေးနီးယားတက္ကသိုလ်က ပါမောက္ခတစ်ဦးပါ။ ၎င်းက ကိုဗစ်-၁၉ ပျောက်အောင်ကုသနိုင်မယ့် ဆေးရဖို့ကို ကျွန်ုပ်တို့အားလုံးလိုလို စိတ်မရှည်နိုင်ကြတော့ဘူး။ ဒီနေ့မရနိုင်ရင် မနက်ဖြန်ရချင်တယ်။ ဒါပေမယ့် ဒီလိုလေ့လာစမ်းသပ်မှုတွေ မလုပ်ခင်မှာ ဘာတွေလုပ်ရမလဲဆိုတာကိုကျတော့ ကျွန်ုပ်တို့မသိတော့ဘူးလို့ ၎င်းက အားမလို အားမရဖြစ်ဟန်နဲ့ ပြောဆိုခဲ့ပါတယ်။

## နှလုံးခုန်ခြင်းကို ထိခိုက်နိုင်

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲမှုအဖွဲ့က သမ္မတထရမ့် အမွှမ်းတင်နေတဲ့ ဟိုက်ဒရောက်စီကလိုရိုကွင်းဆေးနဲ့ တခြားဆက်စပ်ဆေးဝါးတစ်ခုဖြစ်တဲ့ ကလိုရိုကွင်းဆေးဟာ နှလုံးခုန်ခြင်းကို ထိခိုက်စေနိုင်တဲ့ ဘေးထွက်ဆိုးကျိုးဖြစ်စေနိုင်တယ်ဆိုပြီး သတိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။ အရီဇိုးနားပြည်နယ်က အမျိုးသားတစ်ဦးဟာ ကလိုရိုကွင်းနဲ့ ပါဝင်ပစ္စည်းချင်းတူတဲ့ ငါးမွေးကန်သန့်စင်ဆေးတစ်မျိုးကို ထိုးသွင်းခဲ့ပြီးနောက်မှာ နှလုံးခုန်ရပ်ပြီး သေဆုံးသွားခဲ့မှုကို သာဓကထားပြီး အက်ဖ်ဒီအေက သတိပေးခဲ့တာဖြစ်ပါတယ်။

တစ်ကမ္ဘာလုံးက ကိုဗစ်-၁၉ အတွက်ဆေးနည်းတွေ၊ ကုထုံးတွေကို ပွက်ပွက်ညံအောင် တောင်းဆိုနေကြသလို ဆရာဝန်တွေဟာဆိုရင်လည်းပဲ အမျိုးမျိုးအဖုံဖုံသော ဆေးဝါးတွေကို သဲကြီးမဲကြီးစမ်းသပ်လေ့လာနေကြပါတယ်။

## ဘေးအန္တရာယ်ကြီးတစ်ခုဖြစ်လာနိုင်

အခုအချိန်မှာတော့ အဗီဂန်ဆေးကို အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံအမြောက်အမြားက အသေးစိတ်လေ့လာစမ်းသပ်မှုတွေ လုပ်ဆောင်ဖို့ စီစဉ်နေကြတာတွေရှိသလို စပြီး စမ်းသပ်လေ့လာနေကြသူတွေလည်း ရှိပါတယ်။

နိုင်ငံရေးဆိုင်ရာ ရှုန်းကန်လှုပ်ရှားနေကြတဲ့ ခေါင်းဆောင်တွေအတွက်ဆိုရင်လည်း ကပ်ရောဂါကို သေချာပေါက်ကုသနိုင်မယ့် ဆေးနည်းတစ်ခုကို ပံ့ပိုးပေးနိုင်ခဲ့မယ်ဆိုရင် ပြည်သူတွေရဲ့ ဘဝပေါင်းများစွာကို ကယ်တင်နိုင်ရုံသာမကပဲ နိုင်ငံတကာအလယ်မှာလည်း နာမည်ဂုဏ်သတင်းကောင်းတစ်ခု ရလာမယ့်အပြင် မိမိပတ်ဝန်းကျင်ရဲ့ စိတ်အာရုံကို လွှမ်းမိုးဖမ်းစားနိုင်တဲ့ အကျိုးအမြတ်တွေလည်းရရှိမှာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် ယုံကြည်စိတ်ချလို့မရတဲ့ ဆေးအမှားတစ်ခုကို အားပေးထောက်ခံလိုက်မိရင်တော့ ကပ်ဘေးထက်ကြောက်စရာကောင်းတဲ့ ဘေးအန္တရာယ်ကြီးတစ်ခုလည်း ဖြစ်လာနိုင်တာမို့ အတော်လေးဆင်ခြင်သုံးသပ်ရမယ့် ကိစ္စတစ်ရပ်လို့တွေးဆမိပါတယ်။ ။

**ကိုးကား-နယူးယောက်တိုင်းမ်၊ အင်န်အိတ်ချ်ကေ**

---

**နိုင်ငံတကာသတင်းတိုထွာ**

## ဘာရိန်းနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းပေါင်း ၅၉ ဦးအထိ ကိုဗစ် - ၁၉ ကူးစက်ခံရ

**မနာမာ မေ ၇**

ဘာရိန်းနိုင်ငံတွင် ကိုဗစ် – ၁၉ ကပ်ရောဂါကူးစက်မှု ဖြစ်ပွားခဲ့သည့် ဖေဖော်ဝါရီလမှစတင်ကာ ရောဂါတိုက်ဖျက်ရေးတွင် ရှေ့တန်းမှပါဝင်နေကြသည့် ကျန်းမာရေးစောင့်ရှောက်ရေးဝန်ထမ်းပေါင်း ၅၉ ဦးအထိ ရောဂါကူးစက်ခံခဲ့ရကြောင်း ဘာရိန်းအာဏာပိုင်များက မေ ၇ ရက်တွင် ပြောကြားခဲ့သည်။

ကိုဗစ် – ၁၉ ကူးစက်ခံထားရသည့် ဆရာဝန်များ၊သူနာပြုများနှင့် အခြားကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူ ၃၃ ဦးရှိပြီး သန့်ရှင်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်သည့် ဝန်ထမ်း ၂၆ ဦးအထိ ရောဂါကူးစက်ခံခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာန အများပြည်သူကျန်းမာရေး ဒါရိုက်တာ ဒေါက်တာ နာဂျက်အဘူအယ်လ်ဖာတက်က ပြောကြားခဲ့သည်။

ရောဂါကူးစက်ခံခဲ့ရသူများအနက် လူ ၄၀ ကျော်မှာ နေပြန်ကောင်းလာပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ**

## ယူကရိန်းနိုင်ငံ၌ ကိုဗစ် – ၁၉ ထပ်မံကူးစက်ခံရသူ ၅၀၇ ဦးရှိ

**ကီယက်ဗ် မေ ၇**

ယူကရိန်းနိုင်ငံ၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ် – ၁၉ ထပ်မံကူးစက်ခံရသူ ၅၀၇ ဦး စစ်ဆေးတွေ့ရှိရကြောင်း အတည်ပြုခဲ့ရာ စုစုပေါင်း ရောဂါကူးစက်ခံရသူ အရေအတွက် ၁၃၆၉၁ ဦးအထိဖြစ်လာခဲ့ကြောင်း ယူကရိန်းကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကျန်ကမ္ဘာ့နိုင်ငံများကဲ့သို့ပင် ယူကရိန်းနိုင်ငံသည်လည်း ကပ်ရောဂါဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုများနှင့် လမ်းညွှန်ချက်များကိုဖြေလျှော့ရန် ပြင်ဆင်လျက်ရှိသည်။ နောက်ဆုံးတွေ့ရှိခဲ့ရသည့် ရောဂါထပ်မံကူးစက်ခံရသူ အရေအတွက်သည် မေ ၆ ရက်ကတွေ့ရသည့် ထပ်မံကူးစက်ခံရသူ အရေအတွက်ထက် ပိုများလာခဲ့သည်။ အစိုးရက နိုင်ငံအတွင်း ကန့်သတ်စောင့်ကြည့်သည့် ဆောင်ရွက်မှုကို မေ ၂၂ ရက်အထိ အချိန်ထပ်တိုးရန် ဆုံးဖြတ်ခဲ့သည်။

ကန့်သတ်မှုများအား ဖြေလျှော့မှု ပထမအဆင့်တွင် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များကို ပြန်ဖွင့်ဦးမည်မဟုတ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၅-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ ၆-၅-၂၀၂၀ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန(ရန်ကုန်) (NHL)မှ ဒုတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ ၈၄ ခုအား စစ်ဆေးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တစ်ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ ၆-၅-၂၀၂၀ရက်နေ့အတွက် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)၊ ဆေးသုတေသန ဦးစီးဌာန(DMR) နှင့် အမှတ်(၂)တပ်မတော်ဆေးရုံးကြီးခုတင် ၁၀၀၀ နေပြည်တော်တို့မှ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၀၆ ခုအနက် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ခဲ့ပါသည်။

၃။ ၇-၅-၂၀၂၀ရက်နေ့၊ နံနက် ၈ နာရီအထိ မြန်မာနိုင်ငံတွင် ဓာတ်ခွဲအတည်ပြုလူနာ ၁၆၂ ဦး ရှိပြီ ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

ဇယား -၁

(၆-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုတွင် COVID-19 လူနာတွေ့ရှိမှု

(၇-၄-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 162 | ၄၃ နှစ် | မ | အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case 151, 152, 153, 154) | မရှိပါ။ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၇-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၆-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ပထမ + ဒုတိယ)အသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၇၈) ခု |
| (၆-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၇၂) ခု |
| (၆-၅-၂၀၂၀) ရက်နေ့အတွက်အမှတ် (၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) နေပြည်တော် မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၅၆) |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၇-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ပထမအသုတ်စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၈၃)ခု၊ ဆေးသုတေသနဦးစီးဌာန(DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၂) ခု၊ စုစုပေါင်း (၁၈၅) ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၁၇၆)ဦးရှိပြီ ဖြစ်ပါသည်။

၃။ (၇-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case)များ၏ ဓာတ်ခွဲနမူနာများတွင် (၂)ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၁၂) ဦး (Case– 26, 46, 62, 63, 66, 69, 72, 79, 84, 118, 120, 132) ရှိခဲ့သဖြင့် စုစုပေါင်း(၆၂)ဦးရှိပြီး ၎င်းတို့အနက် (၃၇) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၆-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၇-၅-၂၀၂၀)ရက်နေ့၊ နေ့လယ်(၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ်(၇၀) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၇-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၃) ခု |
| (၇-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၂) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၄) ဦး |

COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၇-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၄) ဦး | (၁၇၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁၂) ဦး | (၆၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ဇယား–၁

(၇-၅-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိမှု

ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID–19 ရောဂါအတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁၆၃ | ၄၃ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 155) | မရှိ | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| ၁၆၄ | ၅၂ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 155) | မရှိ | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၆၅ | ၂၀ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၆၆ | ၂၅ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၆၇ | ၂၂ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၆၈ | ၂၂ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID–19 ရောဂါအတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁၆၉ | ၁၂ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ |
| ၁၇၀ | ၂၈ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၇၁ | ၂၉ နှစ် | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၇၂ | ၂၂ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၇၃ | ၁၈ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၇၄ | ၂၄ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၇၅ | ၂၃ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |
| ၁၇၆ | ၂၈ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case – 152, 153, 154) | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံ | တွေ့ရှိ | |

# ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၇

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်း နေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**




ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ရှိ မြို့မနှစ်ခြင်း၊ လော်ဝေါ်နှစ်ခြင်း၊ မူရင်းနှစ်ခြင်း၊ လော်ဝေါ်အေဂျီ၊ လီဆူ နှစ်ခြင်း၊ မဒိန်၊ ခတ်ချို၊ နောင်ဟီး၊ မိုင်းနားကက်သလစ်၊ မိုင်းနားဖွံ့ဖြိုးရေးခြံ IDP စခန်း စုစုပေါင်း ၁၀ ခုသို့ သွားရောက်၍ Mask ၈၅၅၄ ခု၊ လက်ဆေးစင် ၁၀ ခု၊ အပူချိန်တိုင်းကိရိယာ နှစ်ခု၊ Handspaker ၁၀ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick ၁၀ ခုနှင့် ဗီနိုင်းနှစ်ချပ်တို့အား ထောက်ပံ့ခဲ့သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဃောသိတာရုံကျောင်းတိုက်၊ ဗုဒ္ဓေါမော်ကျောင်းတိုက်၊ မဟာမုနိဗုဒ္ဓဝိဟာရကျောင်းတိုက်၊ မဟာဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်းတိုက်၊ ဆည်ကြီးကျောင်းတိုက်၊ အလိုတော်ပြည့်ကျောင်းတိုက်၊ မဟာဝိဇယကျောင်းတိုက်၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ ဒက္ခိုင်းကျောင်းတိုက်၊ မဟာအောင်မြေဘုံကျောင်းတိုက်၊ တေဇာရာမကျောင်းတိုက်၊ သာသနာ့ဗိမာန် ကျောင်းတိုက်၊ မဟာသိမဝံသ ကျောင်းတိုက်များရှိ ယာယီတိုက်ပွဲ ရှောင်စခန်း စုစုပေါင်း ၁၄ ခုသို့ သွားရောက်၍ Mask ၂၂၃၄ ခု၊ လက်ဆေးဆပ်ပြာ ၂၈၂ ဘူး၊ အပူချိန် တိုင်းကိရိယာ ၁၄ ခု၊ Handspaker ၁၄ ခု၊ ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင် ထည့်သွင်းထားသော Memory Stick ၁၄ ခုတို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့ရှိ နမ့်ဖက်ကာနှစ်ခြင်းအသင်းတော်နှင့် နမ့်ဖက်ကာ နယ်မြေ (၄) IDP စခန်း စုစုပေါင်း နှစ်ခုသို့ သွားရောက်၍ စခန်း တစ်ခုလျှင် ထုံး ၁၀ အိတ်နှုန်းဖြင့် စုစုပေါင်းထုံးအိတ် ၂၀ တို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ လုပ်ငန်းများကို နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့အပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ယာယီဈေးများတွင် နှာခေါင်းစည်းကမ်ပိန်းပြုလုပ်၍ အခမဲ့ဝေငှ

တောင်ကြီး မေ ၇

**ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ ဦးဆောင်၍ တောင်ကြီးမြို့ရှိ ယာယီဈေးများတွင် မေ ၇ ရက် နံနက် ၇ နာရီက နှာခေါင်းစည်းများကို ပရဟိတအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။**




အဆိုပါ နှာခေါင်းစည်း ဝေငှရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်နှင့် ပြည်နယ်ဝန်ကြီးတို့က ပရဟိတအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများကို ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

"ကျွန်တော်တို့ တောင်ကြီးမြို့သူ မြို့သားတွေကစပြီး နှာခေါင်းစည်းတွေကို ကျန်းမာရေးအတွက် စနစ်တကျတပ်နိုင်ဖို့ ပြည်နယ်အစိုးရအဖွဲ့နဲ့ ပရဟိတအဖွဲ့တွေ၊ လူမှုရေးအဖွဲ့အစည်းတွေ ပူးပေါင်းပြီးတော့ ပြည်သူတွေကို မျက်နှာဖုံးတွေ၊ နှာခေါင်းစည်းတွေ ဖြန့်ဝေပေးတာ ဖြစ်ပါတယ်။ ဈေးတွေ အနေနဲ့ကတော့ ရဲဘော်ဈေး၊ စဝ်စံထွန်းဈေး၊ မြို့မဈေးတွေ၊ ပါမိုးနဲ၊ ကမ္ဘောဇဈေးတွေ အစရှိတဲ့ အဲဒီက ယာယီဈေးမှာရှိတဲ့ ဈေးသူဈေးသားတွေကို အန္တရာယ်ကင်းစေဖို့ ပေးပါတယ်။ ဈေးသူဈေးသားတွေနည်းတူ ဈေးဝယ်လာတဲ့သူတွေကိုလည်း မျက်နှာဖုံးတွေ ပေးပါတယ်။ ကျန်းမာရေးပညာကို အဓိကပေးခြင်း ဖြစ်ပါတယ် "ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောသည်။

ထို့အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က "အဓိကရည်ရွယ်ချက်ကတော့ နှာခေါင်းစည်း ယဉ်ကျေးမှုဟာ ကိုဗစ်-၁၉ ကာလမှာသာမက ကိုဗစ်-၁၉ အလွန်ကာလမှာလည်း ဒီယဉ်ကျေးမှုကို စာသင်ကျောင်းတွေ၊ အလုပ်ရုံတွေ၊ စက်ရုံတွေ အဲဒီမှာ တည်ဆောက်သွားဖို့ ရည်ရွယ်ချက်ဖြစ်တယ်။ လောလောဆယ် နှာခေါင်းစည်းတပ်ခြင်းအားဖြင့် အဓိကကတော့ မိမိမှာရှိတဲ့ရောဂါ သူတစ်ပါးကို မကူးစက်အောင် ထိန်းချုပ်တဲ့ရည်ရွယ်ချက်ပါ။ ရောဂါမပြန့်ပွားဖို့ ရည်ရွယ်ပါတယ်" ဟု ပြောသည်။

အဆိုပါ Mask Shan Campaign ကို မြို့တော် တောင်ကြီးအပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့ပေါင်း ၂၁ မြို့အပြင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင်လည်း Mask Shan Campaign ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ Mask Shan Campaign ကို မြို့တော် တောင်ကြီးအပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့ပေါင်း ၁၅ မြို့ခန့်တွင် တစ်ပြိုင်တည်း ပြုလုပ်သွားမည်ဖြစ်ပြီး Campaign တွင် မည်သူမဆို ပါဝင်ဆောင်ရွက်နိုင်ကြောင်းနှင့် နှာခေါင်းစည်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က အခမဲ့ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ အသက်ရှူအထောက်အကူပြုကိရိယာ လာရောက်လှူဒါန်း

**မင်းဘူး မေ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Myanmar Kaido Co.Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ညွန့်ဦးနှင့် တာဝန်ရှိသူများက အသက်ရှူအထောက်အကူပြုကိရိယာ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါအသက်ရှူအထောက်အကူပြုကိရိယာ၏ အသုံးဝင်ပုံနှင့် အသုံးပြုပုံအဆင့်ဆင့်ကို ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးမှ ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ရှိသူများက လက်ခံရယူကာ အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(ယာပုံ)**

ထို့နောက် ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကာလအတွင်း ယခုကဲ့သို့ အမှန်တကယ်လိုအပ်သော ကုသရေးဆိုင်ရာ အထောက်ကူပြုဆေးရုံသုံးပစ္စည်းများကို လာရောက်လှူဒါန်းကြသည့်အတွက် များစွာအကျိုးရှိကြောင်း၊ ယခု အသက်ရှူအထောက်အကူပြုကိရိယာ၏ တန်ဖိုးသည် ငွေကျပ် ၁၆၅၀၀၀၀ ရှိကြောင်း မင်းဘူးမြို့ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ခိုင်ထံမှ သိရသည်။ **မောင်မောင်(မင်းဘူး)**

# ကိုဗစ် – ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၇**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်သားများနှင့်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် မေ ၇**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၆၃ မြို့နယ်ရှိ နေရာ ၁၃၅ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၃၁၉ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၈၇ ကီလိုဂရမ်၊ ရေ ၂၄၃၆၀ ဂါလန် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများမှ လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



၁၀.၄.၂၀၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ဆူးလေဘုရားလမ်းတွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။





၁၀.၄.၂၀၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး Sule Square တွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၁၀.၄.၂၀၂၀ ရက်က နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာ(၁)တွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၁၀.၄.၂၀၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အောင်နန်းအရှေ့ရပ်ကွက် ယူနန် ဗုဒ္ဓဘာသာဘုရားကျောင်းတွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၁၀.၄.၂၀၂၀ ရက်က ချင်းပြည်နယ် ဟားခါးမြို့ လွှတ်တော်ရုံးတွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။



၁၀.၄.၂၀၂၀ ရက်က ရှမ်းပြည်နယ် ကျိုင်းတုံမြို့ပေါ်တွင် COVID-19 ကာကွယ်ဆေးဖျန်းစဉ်။

# ပြည်ပရောက်မြန်မာနိုင်ငံသားများကို (MAI) လေကြောင်းလိုင်းမှ အခမဲ့သယ်ဆောင်ပေးနိုင်သဖြင့် ဂုဏ်ယူ

**ရန်ကုန် မေ ၇**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ထားသဖြင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ Myanmar Airways International (MAI) လေကြောင်းလိုင်းမှ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၃၅ ဦးကို မေ ၆ ရက်က အခမဲ့ပြန်လည်သယ်ဆောင်လာခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ကဏ္ဍအလိုက် ဆောင်ရွက်ပေးသည်။

ထိုသို့ပြန်လည်ခေါ်ဆောင်ပေးရာတွင် ထိုင်းနိုင်ငံ၌ အခက်အခဲဖြစ်ခဲ့သည့် မြန်မာနိုင်ငံသား ခရီးသည်များအားသွားရောက်သယ်ဆောင်မှုနှင့် ပတ်သက်၍ MAI လေယာဉ်မှူးကြီး ဦးတက်တိုးဟန်က "ထိုင်းနိုင်ငံထဲမှာ ပိတ်မိနေတဲ့ မြန်မာနိုင်ငံသားတွေက မြန်မာနိုင်ငံကို ပြန်လာလိုကြောင်း ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာသံရုံးကို အကြောင်းကြားတာတွေ ရှိပါတယ်။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ကော်မတီရဲ့ လမ်းညွှန်ချက်နဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဆောင်ရွက်တဲ့အခါမှ ကျွန်တော်တို့ MAI ကနေပြီး ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၃၅ ဦး ကို အခမဲ့ပြန်လည်ခေါ်ဆောင်လာခဲ့တာဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေချိန်တွင် လေယာဉ်ပေါ်၌ တစ်ဦးနှင့်တစ်ဦး မကူးစက်စေရန်နှင့် ပတ်သက်၍



"MAI လေကြောင်းလိုင်းဟာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာတဲ့အပြင် IATA ရဲ့ IOSA Audit အသိအမှတ်ပြုလက်မှတ်ရထားတဲ့ တစ်ခုတည်းသော မြန်မာနိုင်ငံမှ လေကြောင်းလိုင်းဖြစ်တဲ့အတွက် ဘေးအန္တရာယ်ကင်းရှင်းရေးကို ပိုပြီးအဓိကထားပါတယ်။ ဒါကြောင့် လေယာဉ်အမှုထမ်း ရှစ်ဦးလုံး PPE အပြည့်အစုံ ဝတ်ဆင်တာ၊ ထိတွေ့မှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်တာ၊ လေယာဉ်တစ်စင်းလုံးကို မသွားခင်မှာတစ်ကြိမ်၊ ဗန်ကောက်မှာ တစ်ကြိမ် ကာကွယ်ဆေးဖျန်းတာတွေကို ဆောင်ရွက်ပါတယ်။ ရန်ကုန် ပြန်ရောက်တော့လည်း Remote Parking မှာပဲ ရပ်ပြီး လူအယောက် ၂၀ ကို ဘတ်စ်ကားတစ်စီးနှုန်းနဲ့ စနစ်တကျလေဆိပ်ထဲပို့ဆောင်ပေးခဲ့ပါတယ်" ၎င်းက ထပ်မံရှင်းပြသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် MAI လေကြောင်းလိုင်းအနေဖြင့် ကယ်ဆယ်ရေးလေယာဉ် ၁၉ ခေါက်ပျံသန်းမောင်းနှင်ခဲ့ပြီး ခရီးသည် ၂၀၀၀ ခန့်နှင့် ကိုဗစ်-၁၉ ကာကွယ်ကုသရေးအတွက် ဆေးနှင့် ဆေးပစ္စည်း တန် ၆၀ ခန့်ကို အခမဲ့သယ်ပို့ပေးခဲ့ပြီးဖြစ်သည်။ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်၌ ဖောင်ကြီးတွင် ဖွင့်လှစ်ထားသည့် ကိုဗစ်-၁၉ Medical Center အတွက် လိုအပ်သည့် ဆေးနှင့်ဆေးရုံသုံးပစ္စည်းများကို တရုတ်နိုင်ငံ Zhengzhou Xinzheng International လေဆိပ်မှ လေယာဉ်တစ်စင်းစာ သွားရောက်သယ်ဆောင်ခဲ့သည်။

MAI လေကြောင်းလိုင်းသည် ကမ္ဘောဇဘဏ်နှင့် ပူးပေါင်းပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းနှင့် ငွေကျပ် သိန်း ၆၀၀၀ ကျော် အကုန်အကျခံကာ အင်ဒိုနီးရှားနိုင်ငံ ဘန်ဂျီနာကျွန်းတွင် လူကုန်ကူးခံခဲ့ရသော မြန်မာလုပ်သားဒုက္ခသည်များ၊ မလေးရှားနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာလုပ်သားဒုက္ခသည်များနှင့် အိန္ဒိယနိုင်ငံ(Port Blair)တွင် ရောက်ရှိနေသည့် မြန်မာရေလုပ်သားဒုက္ခသည်များအပါအဝင် စုစုပေါင်း လူဦးရေ ၆၀၀၀ ကျော်ကို အခမဲ့ပြန်လည် ခေါ်ဆောင်ပေးခဲ့ပြီး လမ်းစရိတ် တစ်သိန်းစီ ကူညီပေးခဲ့သည်။

ပြည်ပရောက် မြန်မာနိုင်ငံသားများကို ပြန်လည်သယ်ဆောင်ခဲ့ခြင်းနှင့်ပတ်သက်၍ "ကျွန်တော်တို့ MAI လေကြောင်းလိုင်းမှာ ဝန်ထမ်းပေါင်း ၁၉၀၀ ကျော်ရှိပါတယ်။ အခုကာလမှာ စီးပွားရေးအရ ထိခိုက်မှုအရှိဆုံး လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ပြည်ပရောက်နေပြီး ကိုယ့်ထက်ခက်ခဲနေတဲ့သူတွေကို သွားရောက်ခေါ်ဆောင်ရတဲ့ ကယ်ဆယ်ရေးလေယာဉ်ကို MAI က လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူ မောင်းနှင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်"ဟု ပြောကြားသည်။

MAI သည် မေလ ၈ ရက်တွင် မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေသည့် မြန်မာနိုင်ငံသား ၁၀၀ ကို အခမဲ့သွားရောက်ခေါ်ဆောင်မည်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် အခက်အခဲကြုံတွေ့နေ သည့် မြန်မာနိုင်ငံသား ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များကို လည်း ယခုလအတွင်း ထပ်မံသွားရောက်ခေါ်ဆောင်မည်ဟု သိရသည်။ **ကိုကျော်**



ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူငွေလှူဒါန်းရာ ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံက လက်ခံရယူစဉ်။

## ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေလှူဒါန်း

**တောင်ကြီး မေ ၇**

ရှမ်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေလှူဒါန်းခြင်းကို မေ ၇ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါလှူဒါန်းပွဲတွင် ပတ္တမြားနဂါး Co.,Ltd ဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ ဇနီး ဒေါ်အေးအေးမြင့် မိသားစုနှင့် ကုမ္ပဏီဝန်ထမ်းများက အလှူငွေကျပ် သိန်း ၃၀ ပေးအပ်ရာ ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## ကျောက်မဲမြို့ရှိ ယခင် ဘူတာပန်းခြံတွင် ယာယီပျံကျဈေး စတင်ဖွင့်လှစ်ရောင်းချ

**ကျောက်မဲ မေ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူစုလူဝေးမဖြစ်စေရန်နှင့် ပြည်သူများစားသောက်ကုန်များကို အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်စေရန်အတွက် ယာယီပျံကျဈေးကို ပင်လုံလမ်းနှင့်ပတ္တမြားလမ်းထောင့်ရှိ ယခင်ဘူတာပန်းခြံမြေကွက်လပ်နေရာတွင် ယနေ့နံနက်ပိုင်းမှစ၍ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ကျောက်မဲမြို့ စည်ပင်သာယာရေးကော်မတီက ကျောက်မဲမြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး ခရိုင်/မြို့နယ်ကော်မတီ၊ ရပ်မိရပ်ဖများ၊ စက်ယန္တရားလုပ်ငန်းရှင်များ၊ မြန်မာ့မီးရထားနှင့် Mytel, Telenor ကုမ္ပဏီတို့၏ကူညီမှုဖြင့် ယခုပျံကျဈေးနေရာတွင် ဈေးသည်များ အဆင်ပြေစွာ ဈေးရောင်းချနိုင်စေရန်အတွက် ယခင်ဘူတာပန်းခြံ မြေကွက်လပ်နေရာကို မြေညှိပြုပြင်ပေးကာ ခြောက်ပေ ပတ်လည် အကွက် ၁၁၇ ကွက်ကို ခြောက်ပေခြားစီ အကွက်ရိုက်သတ်မှတ်၍ ထီးနှင့်မီးတိုင်များ တပ်ဆင်ပေးထားခြင်း၊ ဈေးသည်များအား သတ်မှတ်နေရာတွင် စနစ်တကျ ဈေးရောင်းချစေခြင်း၊ ကျန်းမာရေးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နှာခေါင်းစည်း၊ လက်အိတ်များ ဝတ်ဆင်၍ ရောင်းချစေခြင်းများ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ဖွင့်လှစ်သော ပျံကျဈေးနေရာသို့ မင်္ဂလာဈေးနှင့် ဆက်စပ်လျက်ရှိသည့် ရွှေဖီဦးလမ်းမဘေးဝဲ/ယာတွင် နံနက်ပိုင်း ရောင်းချနေသည့် ပျံကျဟင်းသီးဟင်းရွက်ဈေးသည်များကို ပြောင်းရွှေ့နေရာချထားပေးခြင်းဖြစ်ကြောင်း သိရသည်။ **မိုင်းထွန်း (ပြန်/ဆက်)**



## မန္တလေးတိုင်းဒေသကြီးအတွင်း စက်ရုံ၊ အလုပ်ရုံ ၆၀၀ ကျော် ပြန်လည်ပတ်

**မန္တလေး မေ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်း မေ ၅ ရက်က ပြန်လည်ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်နေသည့် စက်ရုံ ၆၄၀ ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သတင်းမှန်ပြန်ကြားရေးနှင့် ကိုဗစ် - ၁၉ သတင်းမှား ဖြန့်ဝေသူများအား ရှာဖွေဖော်ထုတ်၍ သတင်းစောင့်ကြည့်ရေးအဖွဲ့ လုပ်ငန်းကော်မတီမှသိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ လမ်းညွှန်ချက် (Version 3.0) ကို လိုက်နာဆောင်ရွက်ရန် ထုတ်ပြန်ထားသည်။



မန္တလေးစက်မှုဇုန်ရှိ စက်ရုံတစ်ရုံ။

မန္တလေးတိုင်းဒေသကြီးအတွင်း အကြီးစား၊ အလတ်စား၊ အသေးစား SME စက်ရုံပေါင်း ၈၁၃၁ ရုံရှိ၍ စစ်ဆေးပြီးစက်ရုံ ၉၉၉ ရုံရှိကာ မေ ၄ ရက်အထိ စက်ရုံ ၅၇၃ ရုံဖွင့်လှစ်လည်ပတ်လျက်ရှိပြီး လူဦးရေ ၂၂၂၀၃ ဦး လုပ်ငန်းခွင်ဝင်ရောက်နေပြီဖြစ်ကြောင်း မေ ၅ ရက်က စက်ရုံ ၆၇ ရုံကို ထပ်မံဖွင့်လှစ်နိုင်ခဲ့ကြောင်း အဆိုပါလုပ်ငန်းကော်မတီက ထုတ်ပြန်ချက်များအရ သိရသည်။

မန္တလေး စက်မှုဇုန်အတွင်းရှိ အကြီးစား၊ အလတ်စား၊ အသေးစား လုပ်ငန်းများတွင် စက်ရုံ၊ အလုပ်ရုံ ၁၁၈၀ ရုံရှိပြီး စစ်ဆေးခံရန် တင်ပြထားသော စက်ရုံအလုပ်ရုံ ၁၅၀ရှိကာ ပြန်လည်ဖွင့်လှစ် လည်ပတ်ခွင့်ပြုထားသည့် စက်ရုံ၊ အလုပ်ရုံ ၇၂ ရုံရှိကြောင်းသိရသည်။

လည်ပတ်နေသည့် စက်ရုံများတွင် စားသောက်ကုန်ထုတ်လုပ်ရေးစက်ရုံများ၊ ဆေးဝါးထုတ်လုပ်ရေးစက်ရုံများ၊ ကိုဗစ် - ၁၉ ကာကွယ်၊ ကုသရေးပစ္စည်းများ ထုတ်လုပ်ရေးစက်ရုံများ၊ တိရစ္ဆာန်မွေးမြူရေးအတွက် ဆေးဝါးစက်ရုံများ၊ အစာစက်ရုံများ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း စက်ရုံများ၊ ဓာတ်မြေဩဇာစက်ရုံများ ပါဝင်ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးမှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့်အချက် ၁၀ ချက်နှင့်အညီ ကိုဗစ် - ၁၉ ရောဂါနှင့် ပတ်သက်သည့် ကာကွယ်ရေးနည်းလမ်းများ ဆောင်ရွက်ထားမှု ရှိ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထိပ်ထားနိုင်**

## ရန်ကုန်အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်ကျဆင်း

**ရန်ကုန် မေ ၇**

၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတွင် ရန်ကုန်မြို့အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်ရှိခဲ့ပြီး ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ဧပြီလဆန်းမှစတင်ပြီး အရောင်းအဝယ်ကျဆင်းလာရာ ဧပြီလကုန်တွင် အရောင်းအဝယ်ရပ်ဆိုင်းသွားသည်။ ယခင်က ငှားရမ်းမှုအနည်းငယ်ရှိခဲ့သည့် ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်နှင့် ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်တို့တွင် အငှား ၉၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း အိမ်ခြံမြေအကျိုးဆောင် i Myanmar House . com မှ မန်နေဂျင်း ဒါရိုက်တာ ဦးနေမင်းသူထံက သိရသည်။

အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများကို မေ ၁၅ ရက်အထိ လုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားပြီး ရန်ကုန်မြို့တွင် ကန့်သတ်တားမြစ်ခြင်းမရှိသည့် မြို့နယ်များ၌ ငှားရမ်းမှုအနည်းငယ်ရှိသည်။ မဖြစ်မနေပြောင်းရွှေ့ရမည့် အိမ်ငှားများက ဆက်ငှားပြီး နေထိုင်ကြောင်း၊ တစ်လလျှင် ငှားရမ်းခ ငွေကျပ်ငါးသိန်း အောက်ရှိ အခန်းငှားရမ်းပြီး အိမ်ပြောင်းနေထိုင်မှုများရှိကြောင်း သိရသည်။

အိမ်ခြံမြေရောင်းဝယ်မှုကဏ္ဍတွင် ယခင်နှစ်များက သင်္ကြန်ကာလအပြီး မေလတွင် တိုက်ခန်းများရောင်းဝယ်မှုမှာ ရန်ကုန်တစ်မြို့တည်းတွင် ခန့်မှန်းခြေ ငွေကျပ် ဘီလီယံ ၁၀၀ ကျော်ရှိသည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ဆောက်လုပ်ရေးကုမ္ပဏီအများစုမှာ ဆောက်နေသည့်တိုက်ခန်းများ၊ ကွန်ဒိုများကို ဆက်လက်ဆောက်လုပ်နိုင်ခြင်းမရှိဘဲ ရပ်ဆိုင်းထားသည့် ဆောက်လုပ်ရေးကုမ္ပဏီများနှင့် အကျိုးဆောင်ကုမ္ပဏီများကြောင့် တိုက်ခန်းများရောင်းဝယ်မှု လုံးဝရပ်ဆိုင်းသွားသည်။

၂၀၁၉ ခုနှစ်တွင် ရန်ကုန်မြို့အိမ်ခြံမြေဈေးကွက် ပြန်လည်ကောင်းမွန်ခဲ့ပြီး ရင်းနှီးမြှုပ်နှံလိုသူများက အိမ်ခြံမြေအရောင်းအဝယ်ပြပွဲများတွင် ဝယ်ယူမှုများရှိခဲ့သည်။ လူဦးရေထူထပ်သည့်နေရာများရှိ ဈေးနှုန်းသင့်သည့် တိုက်ခန်းများနှင့် ငွေကျပ်သိန်း ၅၀၀ နှင့် သိန်း ၁၀၀၀ ကြားရှိ မီနီကွန်ဒိုတိုက်ခန်းများ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကြောင့် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် အခြားကဏ္ဍများတွင် ထိခိုက်မှုရှိသကဲ့သို့ အိမ်ခြံမြေကဏ္ဍတွင်လည်း ထိခိုက်မှုရှိကြောင်း သိရသည်။

**အောင်သူရ**

## ငါးလုပ်ငန်းဦးစီးဌာနမှ ရှားပါးရေနေသတ္တဝါနှင့် ငါးမဖမ်းရ တားမြစ်ရေပြင် သတိပေးတားမြစ်ချက်ပိုစတာများ သန်လျင်၌ စိုက်ထူ

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ကျရောက်နေသော ရှားပါးရေနေ သတ္တဝါများအား ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းကြပါစို့ ပိုစတာနှင့် ငါးမဖမ်းရ တားမြစ်ရေပြင် သတိပေးတားမြစ်ချက် ပိုစတာများ စိုက်ထူပွဲကို ယမန်နေ့က သန်လျင်မြို့ မြို့ဟောင်းအရှေ့ရပ်ကွက် ပဲခူးမြစ်ကမ်းဘေး၌ ကျင်းပသည်။



အဆိုပါ ပိုစတာများစိုက်ထူပွဲသို့ သန်လျင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒေါ်မိုးသူဇာမောင်နှင့် ဝန်ထမ်းများ၊ ရေလုပ်သားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ သတိပေးတားမြစ်ချက် ပိုစတာများတွင် မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ကျရောက်နေသော ရှားပါးရေနေသတ္တဝါများအား ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းရေးနှင့် ငါးမဖမ်းရ တားမြစ်ရေပြင် သတိပေးတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ပြစ်မှုနှင့်ပြစ်ဒဏ်ဆိုင်ရာ ပြဋ္ဌာန်းချက်များအတိုင်း အရေးယူသွားမည့်အချက်များ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇- ၅ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၅၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၁၅/၄၇၅ | ကျပ် | ၄၄၀/၄၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၂၅/၄၈၅ | ကျပ် | ၄၅၅/၄၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၀၀/၃၃၀ | ကျပ် | ၃၃၀/၃၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၄၂၀/၄၆၅ | ကျပ် | ၄၈၅/၅၀၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | | |
|---|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၇ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၀၇ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၄ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၇ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၁၃ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၀၂ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၀၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၃ . ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၁၂၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၂၂၄ | ၂၂၅၈၀၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၉၈၈၅ | ၃၇၉၀၇၂၅၀ |
| MCB | ၈၁၀၀ | ၈၀၀၀ | ၉ | ၇၂၂၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၁၆၄ | ၃၈၂၇၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၈၉ | ၁၃၄၄၇၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မန်ယူ၊ ရီးရဲတို့ စိတ်ဝင်စားနေတဲ့ ဗန်ဒီဘီးခ်ကောက်ကြောင်း

အောင်က



**လာမယ့်အပြောင်းအရွှေ့ဈေးကွက်အတွင်း ဘောလုံးလောကရဲ့ထိပ်တန်းအသင်းတော်တော်များများက ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ ကစားသမားကိုပြောပါဆိုရင် အိုင်းယက်စ်ကစားသမား ဗန်ဒီဘီးခ်ကို ပြရမှာ ဖြစ်ပါတယ်။ လက်ရှိထွက်ပေါ်နေတဲ့သတင်းတွေမှာ သူ့ကိုခေါ်ယူဖို့စိတ်ဝင်စားနေတဲ့အသင်းတွေက စပါး၊ မန်ယူ၊ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နဲ့ အခြားအသင်းပေါင်းများစွာတို့ ဖြစ်ပါတယ်။ ဘာကြောင့် အိုင်းယက်စ်ကွင်းလယ်ကစားသမား ဗန်ဒီဘီးခ်ကို ထိပ်တန်းအသင်းတွေက အလွန်အမင်းလိုချင်နေကြတာလဲ။ သူဟာဘယ်လိုကစားသမားမျိုးလဲ။**

## အခြေတည်မှု

ဟော်လန်သားတစ်ဦးဖြစ်တဲ့ ဗန်ဒီဘီးခ်ဟာ ကစားသမားဘဝကို သူ့ရဲ့ဒေသဆိုင်ရာအသင်းဖြစ်တဲ့ ဗီချီဗွိုင်းအသင်းမှာ စတင်ခဲ့တာဖြစ်ပြီး အိုင်းယက်စ်အကယ်ဒမီကို ၂၀၁၄ ခုနှစ်မှရောက်ရှိခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် သူဟာ အိုင်းယက်စ်အသင်းကို ရောက်ရှိခဲ့ပြီးမကြာခင် ခြေစွမ်းပြကစားနိုင်မှုတွေကြောင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ဆဲလ်တစ်အသင်းနဲ့ ကစားခဲ့တဲ့ ယူရိုပါလိဂ်ပွဲစဉ်မှာ စတင်ကစားခွင့်ရခဲ့ပါတယ်။ အဲဒီရာသီမှာပဲ သူဟာ အသင်းရဲ့ပုံမှန်ပွဲထွက်ကစားခွင့်ရတဲ့ကစားသမားတစ်ဦး ဖြစ်ခဲ့ပါတယ်။ အဲဒီကတည်းကလည်း သူဟာ စပါး၊ ရိုးမား၊ ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့က ခေါ်ယူဖို့ မျက်စိကျနေခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရာသီက အိုင်းယက်စ်အသင်း ချန်ပီယံလိဂ်ဆီမီး ဖိုင်နယ်ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ ကစားသမားတွေထဲမှာ ဗန်ဒီဘီးခ်က တစ်ဦး အပါအဝင်လို့ပြောရမှာ ဖြစ်ပါတယ်။ သူဟာ ဂျူဗင်တပ်စ်နဲ့ ဘာစီလိုနာအသင်းတို့ကို ပြောင်းရွှေ့သွားခဲ့တဲ့ ဒီလိုက်တို့လိုပဲ အိုင်းယက်စ်အသင်းရဲ့အထူးချွန်ဆုံး လူငယ်ကစားသမားတစ်ဦးဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ချန်ပီယံလိဂ်မှာဆိုရင် သူဟာ အသင်းအတွက် ချန်ပီယံလိဂ်သွင်းဂိုး သုံးဂိုးအထိတောင် သွင်းယူပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။

ဒီနှစ်ရာသီမှာဆိုရင် အိုင်းယက်စ်အသင်းဟာ ချန်ပီယံလိဂ်မှာအောင်မြင်မှုမရရှိခဲ့ပေမယ့် ဗန်ဒီဘီးခ်ရဲ့ ခြေစွမ်းကတော့ ကျသွားခြင်း မရှိပါဘူး။သူဟာဒီနှစ်ရာသီမှာတော့ အသင်းနဲ့ အတူပြိုင်ပွဲစုံ ၃၇ပွဲမှာ ၁၀ ဂိုးသွင်းယူပေးပြီး ဂိုးရရှိဖို့အတွက် ၁၁ ကြိမ် ဖန်တီးပေးထားနိုင်သူဖြစ်ပါတယ်။

## ခြေစွမ်း

ဗန်ဒီဘီးခ်ဟာ စွယ်စုံရကွင်းလယ်ကစားသမားတစ်ဦးလို့ ပြောရမှာလည်း ဖြစ်ပါတယ်။ သူဟာ ကွင်းလယ်တိုက်စစ်၊ ဗဟိုကွင်းလယ်၊ box-to-box ကွင်းလယ်ကစားသမား တစ်ဦးအဖြစ် ကစားနိုင်စွမ်းရှိတဲ့သူ ဖြစ်ပါတယ်။ အသက် ၂၂ နှစ်သာ ရှိနေသေးတဲ့ ဗန်ဒီဘီးခ်ဟာ ကွင်းလယ်နေရာစုံကစားနိုင်စွမ်း ရှိတာကြောင့်လည်း သူ့ရဲ့တန်ဖိုးက တက်ပြီးရင်းတက်နေတဲ့သူလို့ပြောရမှာပါ။ သူဟာ တိုက်စစ်နဲ့ ခံစစ်ကြားအချိတ်အဆက်မိမိနဲ့ကစားနိုင်ဖို့အတွက် အကောင်းဆုံးပေါင်းကူးပေးနိုင်စွမ်းရှိတဲ့သူ လည်း ဖြစ်ပါတယ်။

ဒါ့အပြင် လိုအပ်လာမယ်ဆိုရင်လည်း ခံစစ်ပိုင်းအတွက်ပါ အားဖြည့်ကစားပေးနိုင်စွမ်းရှိတဲ့သူ တစ်ဦးအဖြစ်ပါ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း သူနဲ့ပတ်သက်ပြီး ကိုင်တွယ်ဖူးခဲ့တဲ့ နည်းပြတိုင်းကလည်း ဗန်ဒီဘီးခ်ရဲ့ ခြေစွမ်းကို နှစ်သက်သဘောကျပြီး အနာဂတ်မှာ အလားအလာရှိတဲ့သူတစ်ဦး အဖြစ်လည်း သတ်မှတ်ထားကြတာ ဖြစ်ပါတယ်။

## လားရာ

လက်ရှိ ထွက်ပေါ်နေတဲ့ သတင်းတွေအရ ဗန် ဒီ ဘီးခ် ကို ခေါ်ယူဖို့ အတွက် ရှေ့ တန်း က နေ အဓိက ကြိုးစားနေတဲ့အသင်းတွေက မန်ယူအသင်းနဲ့ ရီးရဲ မက်ဒရစ် အသင်းတို့ဖြစ်တယ်လို့ဆိုပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ဇန်နဝါရီ ဈေးကွက်ကတည်းကလည်း ဗန်ဒီ ဘီးခ်ဟာ ပရီမီယာလိဂ် ကို ပြောင်းရွှေ့ကစားဖို့အတွက် စဉ်းစားနေတယ်လို့သတင်းတွေ ထွက်ပေါ်နေခဲ့ပါသေးတယ်။ ပြီးခဲ့တဲ့ရက်က ထွက်ပေါ်ခဲ့တဲ့ သတင်းမှာဆိုရင် မန်ယူအသင်းဟာ ပေါ့ဂ်ဘာရဲ့ နေရာအတွက် ဗန်ဒီဘီးခ်ကို အစားထိုးနိုင်ဖို့ ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် မန်ယူအသင်း နည်းပြဆိုးလ်ရှားဟာ ၄-၂-၃-၁ ကစားကွက်ကို ကြိုက်နှစ်သက်တာကြောင့် ဗန်ဒီဘီးခ်ကို ခံစစ်အရှေ့မှာထားသုံးသွားဖို့ရှိနိုင်တယ်လို့လည်းဆိုပါတယ်။ ရီးရဲမက်ဒရစ်အသင်းနည်းပြဇီဒန်းကတော့ ၄-၃-၃ ကစားကွက်မှာ ဗန်ဒီဘီးခ်ကို ကွင်းလယ် သုံးယောက်တန်းမှာထား သုံးသွားဖို့လည်း ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။

ဒါကြောင့်လည်း ကိုဗစ်ကပ်ဆိုးကြီး ပြီးဆုံးသွားပြီး ကမ္ဘာ့ဘောလုံး အပြောင်းအရွှေ့ဈေးကွက် ပြန်ဖွင့်ပြီဆိုရင် ဗန်ဒီဘီးခ်ရဲ့ အရွှေ့ကို တွေ့မြင်ရဖို့လည်း ရှိလာနိုင်ပါတယ်။ အိုင်းယက်စ်အသင်း အနေနဲ့ကလည်း လက်ရှိအချိန် စာချုပ် နှစ်နှစ်သက်တမ်းသာကျန်ရှိတော့တဲ့ ဗန်ဒီဘီးခ်ကိုလည်း ရောင်းထုတ်သွားဖို့က အသင့်အနေအထားမှာရှိနေတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် ဘောလုံးလောကမှာ အလိုချင်ဆုံး ကစားသမားတစ်ဦးဖြစ်တဲ့ ဗန်ဒီဘီးခ်ရဲ့ အရွှေ့ကိုတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ။

### ဘန်ဒီဘီးခ် မှတ်တမ်း

| ခုနှစ် | ပွဲ | ဂိုး | ဖန်တီးမှု |
|---|---|---|---|
| ၂၀၁၆-၁၇ | ၃၂ | ၀ | ၄ |
| ၂၀၁၇-၁၈ | ၃၉ | ၁၃ | ၆ |
| ၂၀၁၈-၁၉ | ၅၇ | ၁၇ | ၁၃ |
| ၂၀၁၉-၂၀ | ၃၇ | ၁၀ | ၁၁ |

# နယ်သာလန်တောင်ပံကစားသမားဟောင်း ရော်ဘင်အား ခေါ်ယူရန် ဘိုတာဖိုဂိုအသင်း ကြိုးစားနေ


ထက်အောင်

ဘရာဇီးထိပ်တန်းကလပ်အသင်း တစ်သင်းဖြစ်သည့် ဘိုတာဖိုဂိုအသင်းသည် ကစားသမားဘဝမှ အနားယူခဲ့ပြီးဖြစ်သူ နယ်သာလန်တောင်ပံကစားသမားဟောင်း အာဂျန်ရော်ဘင်အား ဘောလုံးလောကသို့ တစ်ကျော့ပြန် ဝင်ရောက်လာစေရန် ကမ်းလှမ်းမှုပြုလုပ်ထားကြောင်း သတင်းများ ထွက်ပေါ်လာသည်။

တောင်ပံကစားသမားဟောင်း ရော်ဘင် (၃၆ နှစ်) သည် ၂၀၀၀ ပြည့်နှစ်တွင် နယ်သာလန်ကလပ် ဂရိုနင်ဂျန်အသင်းတွင် ပရော်ဖက်ရှင်နယ် ကစားသမား ဘဝစတင်ခဲ့သူဖြစ်ပြီး ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမား ဘဝသက်တမ်းအတွင်း အိုင့်ဟိုဗင်၊ ချယ်လ်ဆီး၊ ရီးရဲမက်ဒရစ်၊ ဘိုင်ယန်မြူးနစ်အသင်းတို့၌ ပါဝင်ကစားခဲ့ကာ ၂၀၁၉ ခုနှစ် ဇူလိုင် ၄ ရက်တွင် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်သည်။ ရော်ဘင်သည် ကလပ် အသင်းများနှင့်အတူ စုစုပေါင်း ၆၀၆ ပွဲ ပါဝင်ကစားခဲ့ပြီး ဂိုး ၂၁၀ သွင်းယူနိုင်ခဲ့ကာ နယ်သာလန်၊ အင်္ဂလန်၊ စပိန်နှင့် ဂျာမနီနိုင်ငံများမှ အမှတ်ပေးချန်ပီယံဆုများအား စုစုပေါင်း ၁၂ ကြိမ် အပါအဝင် ဆုဖလားများ အများအပြား ရရှိခဲ့သူဖြစ်သည်။ တောင်ပံကစားသမားဟောင်း ရော်ဘင်သည် ကစားသမားဘဝသို့ ပြန်လာရန် လိုလားမှုရှိကြောင်း အရိပ်အမြွက် ဖွင့်ဟပြောဆိုထားသူဖြစ်သည်။

ဘိုတာဖိုဂိုအသင်း၏ ဒါရိုက်တာဖြစ်သူ ရီကာဒိုရိုတန်ဘတ်က ရော်ဘင်အား ခေါ်ယူရေးအတွက် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် နေထိုင်သည့် ကစားသမား အေးဂျင့်ဖြစ်သူ မားကိုစ်လိုင့်တီ၏ အကူအညီကို ရယူဆောင်ရွက်လျက်ရှိကြောင်း၊ ရော်ဘင်အနေဖြင့် ဘိုတာဖိုဂိုအသင်း၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားမှုရှိကြောင်း ပြောဆိုခဲ့သည်။

"ရော်ဘင်ကို ခေါ်ယူဖို့ ကြိုးစားတာက စွန့်စားမှုတစ်ခုပါပဲ။ ဘာကြောင့်လဲဆိုတော့ သူက ဘောလုံးလောကကနေ ထွက်ခွာခဲ့တာ အချိန်အတန်ကြာပြီဖြစ်တာကြောင့်ပါ။ ဒါပေမယ့် သူ့ကို ခေါ်ယူရေးအတွက် ကျွန်တော် စုံစမ်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ရော်ဘင်ကလည်း ကျွန်တော်တို့ရဲ့ စိတ်ဝင်စားမှုအတွက် ပျော်ရွှင်နေတယ်။ ဒီကြိုးစားမှုမှာ လိုင်တီကလည်း ကျွန်တော့်ကို အကူအညီပေးနေပါတယ်"ဟု ဒါရိုက်တာ ရိုတန်ဘတ်က ပြောဆိုခဲ့သည်။



# ကြားကွင်းတွင် ကစားမည့် အစီအစဉ် ကန့်ကွက်ပါက ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ ဖျက်သိမ်းခံရနိုင်ဖွယ်ရှိ



၂၀၁၉-၂၀၂၀ ပြည့်နှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၏ ရာသီလက်ကျန်ပွဲစဉ်များအား ကြားကွင်းတွင် ကစားမည့် အစီအစဉ်ကို ကလပ်အသင်းများအနေဖြင့် သဘောတူညီမှု မရှိခဲ့ပါက ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲသည် ဖျက်သိမ်းခံရနိုင်သည့်အခြေအနေတွင်ရှိကြောင်း လိဂ်မန်နေဂျာအဖွဲ့ အမှုဆောင်အရာရှိ ရစ်ချက်ဘီဗန်က သတိပေးပြောဆိုလိုက်သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် လာမည့် တနင်္ဂနွေနေ့တွင် အသွားအလာကန့်သတ်သည့်စီမံချက်များ လျှော့ပေါ့သည့် အစီအစဉ်တစ်ရပ်ကို ကြေညာဖွယ်ရှိနေပြီး ပရီမီယာလိဂ်ပြိုင်ပွဲ ရှယ်ယာပိုင်ရှင်များသည် ပြိုင်ပွဲပြန်လည်စတင်ရေး အဆိုပြုချက်များနှင့် ပတ်သက်၍ လာမည့် တနင်္လာနေ့တွင် မဲခွဲဆုံးဖြတ်မှု ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါ မဲခွဲဆုံးဖြတ်မှုမတိုင်မီတွင် လိဂ်မန်နေဂျာအဖွဲ့အမှုဆောင်အရာရှိ ရစ်ချက်ဘီဗန်က လက်ရှိအချိန်တွင် အခြေအနေကောင်းများသည် မိမိတို့ဘက်တွင်မရှိဟု သတိပေးပြောဆိုခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ်လက်ကျန်ပွဲစဉ်များကို ကြားကွင်းတွင် ယှဉ်ပြိုင်ကစားမည့်အစီအစဉ်ကို ဆန့်ကျင်မှုများ ရှိခဲ့ပါက ပရီမီယာလိဂ်ပြိုင်ပွဲသည် ဖျက်သိမ်းခံရနိုင်ဖွယ်ရှိပါသလားဟု BBC Radio 4's Today programme အစီအစဉ်မှ မေးမြန်းမှုအား ဘီဗန်က "ဟုတ်ပါတယ်။ ဒါဟာ မှန်ကန်တဲ့ ယူဆမှုလို့ ထင်တယ်။ အိမ်ကွင်းပွဲတွေကို လူနေထူထပ်တဲ့နေရာက ကွင်းတွေမှာ ကျင်းပစေမလားဆိုတာကို နိုင်ငံအာဏာပိုင်တွေက ဆုံးဖြတ်သွားမှာပါ။ ဒီလို ကျင်းပချိန်မှာ social distancing စည်းမျဉ်းကို လိုက်နာနိုင်အောင် လုပ်ဆောင်နိုင်ခြင်းရှိမရှိဆိုတာ မေးခွန်းထုတ်စရာဖြစ်နေတယ်" ဟု ဖြေဆိုခဲ့သည်။

ပရီမီယာလိဂ် လက်ကျန်ပွဲများကို ကြားကွင်းတွင် ကစားမည့်အစီအစဉ်အား အမှတ်ပေးဇယား အောက်ခြေမှအသင်းများဖြစ်သည့် ဘရိုက်တန်၊ ဝက်စ်ဟမ်း၊ ဝက်ဖို့ဒ်၊ ဘုန်းမောက်၊ အက်စတွန်ဗီလာ၊ နော့ဝှစ်ချ်အသင်းတို့က ဆန့်ကျင်ဖွယ်ရှိနေကြောင်း သတင်းများ ထွက်ပေါ်နေသည်။ **ထက်အောင်**

## ဥသျှစ်ပင်မြို့သစ် အလက နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှု ၅၀ ရာခိုင်နှုန်းကျော် ပြီးစီး



**ပန်းတောင်း မေ ၇**
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ အခြေခံပညာ အလယ်တန်းကျောင်း အတွင်း၌ နှစ်ထပ်တိုးချဲ့ ကျောင်းဆောင်သစ် တည်ဆောက်မှု လုပ်ငန်းသည် မေ ၆ ရက်အထိ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ **(ဃာပုံ)**

အဆိုပါ ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံ ငွေကျပ် ၁၄၁ ဒသမ ၁၂ သန်းဖြင့် အလျားပေ ၁၀၀၊ အနံပေ ၃၀ အာစီစီ နှစ်ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက် ရှိရာ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီး ကျောင်းဖွင့်ချိန်အမီ တည်ဆောက်ပေးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးတာဝန်ခံ ဦးထွန်းထွန်းလွင်က ပြောသည်။

"ကျွန်တော်တို့ မြို့အနီးပတ်ဝန်းကျင်မှာ စက်ရုံ/အလုပ်ရုံတွေက များတယ်။ တိုးချဲ့မြို့သစ်ဆိုတော့ အငြိမ်းစားဝန်ထမ်းတွေ များတယ်။ လမ်းဆုံမြို့ဆိုတော့ ပုဂ္ဂလိကဘဏ်တွေလည်းရှိတယ်။ လူဦးရေ ထူထပ်မှုက မြို့နယ်အတွင်းမှာ အများဆုံးပဲ။ အထက်တန်းကျောင်း ရှိပေမယ့် ကျွန်တော်တို့ အလယ်တန်းကျောင်းက ကျောင်းသားအင်အားများတယ်။ ရှိတဲ့အဆောင်တွေနဲ့ မလောက်ပါဘူး။ အခုလို နှစ်ထပ်ကျောင်းကြီး ဆောက်ပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေအားလုံးကို အထူးပင်ကျေးဇူးတင်ပါတယ်" ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

**အောင်မြင့်(ပန်းတောင်း)**

## တောင်ကုတ်မြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မှုနှင့် ကျေးလက်အိမ်ရာတည်ဆောက်ပြီးစီးမှု အခြေအနေများ စစ်ဆေး

**သံတွဲ မေ ၇**
သံတွဲခရိုင် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော တောင်ကုတ်မြို့နယ် ကျေးရွာများ၌ ကျေးလက်ကုန်ထုတ်လမ်း အပါအဝင် ကျေးလက်အိမ်ရာတည်ဆောက်ပြီးစီးမှုနှင့် ကျေးရွာမြစိမ်းရောင်လုပ်ငန်းများကို ယမန်နေ့က မြို့နယ် ကျေးလက်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးသည်။

ထို့သို့ စစ်ဆေးရာတွင် မြို့နယ် ကျေးလက်ဦးစီးမှူး ဦးညီညီ၊ ဒေါ်စုစုလှိုင် ဦးစီးအရာရှိ(နည်းပညာ) အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ တောင်ကုတ်မြို့နယ် တောင်ရွာကျေးရွာအုပ်စု ခေးမကျကျေးရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၂ ဒသမ ၀၀ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည့် ခေးမကျကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ မြေသားလမ်းဖောက်လုပ်ခြင်း၊ ချောင်းကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ စစ်ဆေးပြီး သတ်မှတ်အရည်အသွေးပြည့်မီစွာ တည်ဆောက်ခြင်းနှင့် သတ်မှတ်ကာလ ပြီးစီးနိုင်ရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့သည် တောင်ကုတ်မြို့နယ် တောင်ရွာကျေးရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ပြည်ထောင်စု ရန်ပုံငွေ ကျပ် ၆၉ ဒသမ ၈၃၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီးစီးသည့် ကျေးလက်အိမ်ရာ ၁၀ လုံးတည်ဆောက်ခြင်းလုပ်ငန်းကို ယာယီစစ်ဆေးပြီး ကျေးရွာမြစိမ်းရောင် ကော်မတီဝင်များနှင့် မြစိမ်းရောင် စီမံကိန်း စာရင်းဇယားများကို စစ်ဆေးခြင်း၊ မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်ထားသော ရေလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို စစ်ဆေးခဲ့ကာ ရွာသူရွာသားများထံ လုပ်ငန်းများ အောင်မြင်တိုးတက်မှုရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ကြရန် ရှင်းလင်းပြောကြားကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

**စေတုတ္တရာ မေ ၇**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာက ကျေးလက်နေ ပြည်သူများ နွေရာသီကာလ သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရန်အတွက် ရည်ရွယ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ်၌ သောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ကံဇင်းကျေးရွာ၌ အနက်ပေ ၄၀၊ အကျယ် ခြောက်ပေရှိ လက်တူးတွင်းတစ်တွင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ် ပေရှိ ရေစက်ရုံတစ်ခု၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တစ်ကန်နှင့် အရှည်ပေ ၉၀၀ ရှိ ရေပိုက်သွယ်တန်းခြင်း၊ နဘဲတုန်းကျေးရွာ၌ အနက်ပေ ၄၀၊ အကျယ် ခြောက်ပေရှိ လက်တူးတွင်းတစ်တွင်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတစ်ခု၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်နှင့် အရှည် ပေ ၉၀၀ ရှိ ရေပိုက်သွယ်တန်းခြင်း၊ စင်းချောင်းကျေးရွာ၌ အရှည် နှစ်မိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေ ကန်တစ်ကန်နှင့် ရေတားတမံတည်ဆောက်ခြင်း၊ နတ်ကြီးကျေးရွာ၌ အရှည်ပေ ၉၀၀ ရှိ စိမ့်စမ်းရေသွယ်ပြုပြင်ခြင်း လုပ်ငန်းတို့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရန်ပုံငွေ ကျပ်သန်း ၆၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ကံဇင်းကျေးရွာ၊ နဘဲတုန်းကျေးရွာ၊ စင်းချောင်းကျေးရွာနှင့် နတ်ကြီးကျေးရွာတို့ရှိ အိမ်ခြေ ၃၇၈ အိမ်၊ လူဦးရေ ၁၆၂၀ သာမက ယင်းကျေးရွာ လေးရွာရှိ ကျွဲ၊ နွား တိရစ္ဆာန်များအတွက်ပါ သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်တော့မည် ဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံက သိရသည်။

**သူရိန်(မင်းဘူး)**

## မယ်စဲ့မြို့နယ် ပန်တိန်းကျေးရွာ လယ်ယာကုန်ထုတ်လမ်း ဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

**မယ်စဲ့ မေ ၇**
ကယားပြည်နယ် မယ်စဲ့မြို့နယ် ပန်တိန်းကျေးရွာတွင် ဒေသခံပြည်သူများ၏ စိုက်ပျိုးသီးနှံထွက်ကုန်များ ဈေးကွက်သို့ အမြန်ဆုံးတင်ပို့နိုင်ရေးအတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် လယ်ယာကုန်ထုတ်လမ်းနှင့် အဆိုပါလမ်းပေါ်တွင် ရေထုတ်ပြွန်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောဇံ (နည်းပညာ)၊ ခရိုင်ဦးစီးမှူး ဒေါ်နွယ်နွယ်သန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းအရှည်(၂/၄မိုင်)၊ မြေလွှာ ၁၇ ပေ၊ အမြင့် နှစ်ပေပေါ်၌ ကျောက်ရောမြေ ကိုးလက်မခင်းခြင်းနှင့် ယင်းလမ်းပေါ်တွင် ပေ ၂၀x၆x၅ ရေထုတ်ပြွန် ရှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေး ပြည့်မီစေရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက ပန်တိန်းကျေးရွာရှိ အိမ်ခြေ ၂၁၂၊ လူဦးရေ ၇၄၇ ဦးတို့၏ ဒေသထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည် (ပြန်/ဆက်)**

## တာချီလိတ်မြို့ စိုက်ပျိုးရေးဦးစီးဌာနက မီးဖိုချောင် စားသုံးပင်များနှင့် မျိုးစေ့များ၊ မြေဆွေးများဖြန့်ဝေ


**တာချီလိတ် မေ ၇**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင်းရှိ ဝန်ထမ်းများနှင့် ပြည်သူများသို့ မီးဖိုချောင်အတွက် စားသုံးပင်များ မျိုးစေ့များနှင့် မြေဆွေးများ လိုက်လံဖြန့်ဝေပေးခြင်းကို ယမန်နေ့က ပြုလုပ်သည်။

ယခုကဲ့သို့ လိုက်လံဖြန့်ဝေပေးခြင်းသည် ကိုဗစ်-၁၉ ကာလတွင် မိမိအိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် အိမ်ရာစိုက်ခင်းစနစ်ဖြင့် နည်းပညာများနှင့် အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များစိုက်ပျိုး ထုတ်လုပ်စားသုံးတတ်သော အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**


ကိုယ်ရေးကိုယ်တာ
အချက်အလက်များကို လေးစားပါ။

အခြားအသုံးပြုသူတစ်ယောက်၏
ကိုယ်ရေးအချက်အလက်များအား သက်ဆိုင်သူ၏
သဘောတူညီချက်မရှိဘဲ တစ်ဆင့်ပြန်လည်
ဖြန့်ဝေခြင်းမှ ရှောင်ကြဉ်စေလိုပါသည်။

# အားလုံးညီအစ်ကိုတွေပါ

**တက္ကသိုလ်ဇော်ထူးဦး**

လွန်ခဲ့သောနှစ်ပေါင်း ၁၆၀ ကျော်က ဥရောပတိုက်တစ်နေရာတွင် ဖြစ်ပွားခဲ့သော ဆိုဖာရီနိုစစ်မြေပြင်သို့ ဟင်နရီဒူးနန့် ဆိုသူ ဆွစ်ဇာလန်နိုင်ငံသားတစ်ဦး အမှတ်မထင်ရောက်ရှိခဲ့သည်။ နှစ်ဖက် သူနိုင်ကိုယ်နိုင် လက်နက်ကိုယ်စီဖြင့် တိုက်ခိုက်ခဲ့ကြသည့်အတွက် ကျဆုံးသော စစ်သည်တော်များနှင့် ထိခိုက်ဒဏ်ရာရသူများမှာ မြေပြင်နှင့်တောင်ကုန်းများကြားတွင် လဲလျောင်းလူးလိမ့်နေကြပြီး ညည်းညူငိုကြွေးသံများကို ဟင်နရီဒူးနန့် ကြားရမြင်နေရသည်။ ရေတိုက်မည့်သူ မရှိ၊ ပြုစုမည့်သူမရှိ၊ အားပေးမည့်သူမရှိသည့်အတွက် တဖြုတ်ဖြုတ်နှင့် ဇီဝိန်ချုပ်သွားနေကြသည်။ ထိုသို့ အနိဋ္ဌာရုံမြင်ကွင်းကိုတွေ့လိုက်ရသော စီးပွားရေးအတွက်လာရောက်ခဲ့သည့် ခရီးသည်လူငယ်တစ်ဦး၏ လူသားချင်းစာနာထောက်ထားမှု စိတ်ဓာတ်သည် သူ၏ဘဝကိုပြောင်းလဲစေခဲ့သည်။

### ပြုစုကုသပေးနေရ

ထိုသူတို့ကို မည်သူတို့ကပြုစုပေးကြမည်နည်း။ ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့သည့်အတွက် ထိခိုက်ဒဏ်ရာရသူများပြားသည့်အတွက် နှစ်ဖက်ဆေးဖက်ဆိုင်ရာ ဆရာဝန်နှင့် သူနာပြုများမှာ မနိုင်ဝန်ကိုထမ်းလျက် မိမိစစ်သည်တော်များကို ပြုစုကုသပေးနေရသည်။ ပြုစုကုသမှုပေးရန် လူနာများစွာကျန်နေသေးသည်။ လမ်းနံဘေးက ချောင်းကလေးမှရေသည် ကြည်လင်စွာ တသွင်သွင်စီးဆင်းနေခဲ့သော်လည်း ယခုအချိန်တွင် သွေးချောင်းစီးလျက်ရှိ၏။ ချောင်းနံဘေးဝဲယာတွင် မသေမရှင်လူနာများကရှိနေသည်။ သူတို့ကို မည်သူတို့က ကူညီကယ်ဆယ်ကြမည်နည်း။

စီးနင်းလာသောမြင်းရထားပေါ်မှဆင်းကာ ကူညီပေးမည့်သူမှာ ဟင်နရီဒူးနန့်ပင်ဖြစ်သည်။ ဆောင်ရွက်လိုသည့် စီးပွားရေးလုပ်ငန်းကို ခေတ္တလျစ်လျူရှုပြီး လူသားချင်းစာနာစိတ်ဖြင့် စေတနာ့ဝန်ထမ်း ဆောင်ရွက်ခဲ့သည်။ သူသည် ဆရာဝန်လည်းမဟုတ်သလို ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူလည်းမဟုတ်ပါ။ တတ်နိုင်သည့်ဘက်မှ လိုအပ်ချက်များကိုဆောင်ရွက်ပေးနိုင်ခဲ့သည်။ စစ်မြေပြင်အနီး ကတ်စတီလီအုံးမြို့မှ ရွာသားများနှင့် အမျိုးသမီးများကို စည်းရုံးပြီး စေတနာ့ဝန်ထမ်းအဖြစ် စစ်မြေပြင်မှထိခိုက်ဒဏ်ရာရသူများကို ပြုစုကုသပေးရုံမျှမက အစားအသောက်၊ အဝတ်အထည်များကိုပါ ကူညီပေးခဲ့ကြသည်။

### ကရုဏာစကား

အစောပိုင်းတွင် ရွာသူရွာသားစေတနာ့ဝန်ထမ်းများသည် မိမိတို့ဒေသအား သိမ်းပိုက်ရန် တိုက်ခိုက်ခဲ့ကြသည့် တစ်ဖက်စစ်သည်များကို ရန်သူများအဖြစ်သဘောထားကာ မပြုစု၊ မကူညီလိုကြ။ ဟင်နရီဒူးနန့်က မိတ်ဆွေဖြစ်စေ ရန်သူဖြစ်စေ၊ မည်သည့်လူမျိုးဖြစ်စေ မည်သည့်ဘာသာဖြစ်စေ ထိခိုက်ဒဏ်ရာရသည့်အချိန် လူနာဟုမှတ်ယူကာ ပြုစုကုသမှုပြုရမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုမှသာ လက်ခံခဲ့ကြသည်။ သူကိုယ်တိုင်ပင် အဖြူရောင်ဝတ်စုံကို အမြဲဝတ်ခဲ့သည်။ လူနာဝေဒနာသည်များကို All are Brothers "အားလုံးညီအစ်ကိုတွေပါ"ဟု ပြောဆိုခဲ့သည်။ ဟင်နရီဒူးနန့်၏စကားသည် စေတနာ့ဝန်ထမ်းများအတွက် ရန်သူမိတ်ဆွေမခွဲခြားဘဲ ဝေဒနာခံစားရသူများအား ကူညီရမည်ဟူသည့် ကရုဏာစကားပင်ဖြစ်သည်။

### အဓိကတောင်းဆိုချက် ၂ ရပ်

ဟင်နရီဒူးနန့်သည် မိမိ၏စီးပွားရေးလုပ်ငန်းထက် ဒုက္ခရောက်နေသူများနှင့်အကူအညီလိုအပ်နေသူများအတွက် စေတနာ့ဝန်ထမ်းလုပ်ငန်းများအပေါ် စိတ်ဝင်စားခဲ့သည်။ သူတွေ့ကြုံခဲ့သော စစ်ပွဲ၏အနိဋ္ဌာရုံများကို မြင်ယောင်မိရင်း ဆိုဖာရီနိုသတိရဖွယ်စာအုပ်ကို မိမိငွေဖြင့်စိုက်ထုတ်ကာထုတ်ဝေပြီး နိုင်ငံအသီးသီးရှိ ဘုရင်များ၊ အစိုးရများ၊ ဘာသာရေးခေါင်းဆောင်များ၊ စစ်ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများထံပေးပို့ခဲ့သည်။ အဆိုပါ စာအုပ်တွင် အဓိကတောင်းဆိုချက် ၂ ရပ်ပါရှိသည်။ ပထမတောင်းဆိုချက်မှာ စစ်ပွဲများတွင် ဒဏ်ရာရရှိသော လူနာများအား ပြုစုကုသပေးသည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအတွက် အကာအကွယ်ပေးအမှတ်အသားတစ်ခုကို သတ်မှတ်ရန်ဖြစ်သည်။ ယင်းအမှတ်အသားသည် ကြားနေဆောင်ရွက်မှုအဖြစ် နှစ်ဖက်တိုက်ခိုက်သူများ လေးစားလိုက်နာရန်ဖြစ်သည်။ ဒုတိယတောင်းဆိုချက်မှာ အစိုးရများသည် စစ်ပွဲများ၊ ပဋိပက္ခများဖြစ်ပွားပါက ဆေးတပ်ဖွဲ့များအားအကူအညီပေးရန်အတွက် စေတနာ့ဝန်ထမ်းအဖွဲ့များကို စုစည်းလေ့ကျင့်ပြင် ဆင်ထားရန်ဖြစ်သည်။ ယင်းတောင်းဆိုချက်ကို နိုင်ငံအစိုးရများက လက်ခံခဲ့ကြပြီး နိုင်ငံများတွင် စေတနာ့ဝန်ထမ်းအဖွဲ့များကို ဖွဲ့စည်းလာခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ်၊ ကမ္ဘာ့ကြက်ခြေနီနေ့ ဆောင်ပုဒ်

''Keep Clapping''

“လက်ခုပ်တီးလို့ဆက်လက်အားပေးဂုဏ်ပြုကြပါစို့”

### ၁၉၂ နိုင်ငံရှိပြီ

ကမ္ဘာပေါ်တွင် အစောဆုံးပေါ်ပေါက်ခဲ့သော စေတနာ့ဝန်ထမ်း အဖွဲ့အစည်းမှာ ကြက်ခြေနီအဖွဲ့ဖြစ်သည်။ ၁၈၆၃ ခုနှစ် နှစ်ဦးပိုင်း ဟင်နရီဒူးနန့်ရေးသားခဲ့သော ဆိုဖာရီနိုသတိရဖွယ် စာအုပ်ထွက်ရှိပြီး သုံးလခန့် အကြာတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(အိုင်စီအာစီ)ဟုခေါ်တွင်မည့်ကော်မတီကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၁၉ ခုနှစ်တွင် နိုင်ငံအသီးသီးမှ အမျိုးသားအသင်းများ စုစည်းထားသည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းကို ဖွဲ့စည်းခဲ့သည်။ နိုင်ငံအစိုးရများသည် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျလုပ်ဆောင်နိုင်ရန် စေတနာ့ဝန်ထမ်းအဖွဲ့များကို တရားဝင်ဖွဲ့စည်းထားရှိရာ အမျိုးသားကြက်ခြေနီအသင်းများအဖြစ် ပေါ်ပေါက်လာသည်။ အစ္စလာမ်ဘာသာ ကိုးကွယ်သောနိုင်ငံများတွင်မူ လခြမ်းနီအသင်းအဖြစ်ဖွဲ့စည်းခဲ့သည်။ ယနေ့အချိန်တွင် ကြက်ခြေနီနှင့်လခြမ်းနီအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂ နိုင်ငံရှိနေပါပြီ။

### လေးစားလိုက်နာရန်

အဆိုပါအပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ အမျိုးသားကြက်ခြေနီနှင့်လခြမ်းနီအသင်းများပါဝင်ဆောင်ရွက်မှုကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ လှုပ်ရှားမှု International Red Cross Movement ဟုခေါ်တွင်သည်။ အဆိုပါအဖွဲ့အစည်းတို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်သောအဖွဲ့များဖြစ်သည်။ ထို့အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများ International Humanitarian Law (IHL)ကို လေးစား လိုက်နာရန် တိုက်တွန်းနေသောအဖွဲ့ လည်းဖြစ်သည်။ နိုင်ငံအစိုးရများသည် ကြက်ခြေနီဆိုင်ရာ ကွန်ဗင်းရှင်းနှင့် စာချုပ်များကို လက်မှတ်ရေးထိုးထားကြသည်။ အဆိုပါစာချုပ်နှင့်သဘောတူညီချက်များကို လေးစားလိုက်နာရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန် လူသားချင်းစာနာထောက်ထားမှုအဖွဲ့ Humanitarian Organization ဖြစ်သည်။

### လူ့ဂုဏ်သိက္ခာကို အလေးထား

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ကြက်ခြေနီအဖွဲ့များသည် အခြေခံမူ ၇ ချက်ကိုလိုက်နာကြရသည်။ လူသားချင်းစာနာထောက်ထားခြင်း Humanity၊ ခွဲခြားမှုမရှိခြင်း Impartiality၊ ကြားနေခြင်း Neutrality၊ လွတ်လပ်စွာဆောင်ရွက်ခြင်း Independence၊ စေတနာ့ဝန်ထမ်း အကျိုးဆောင်ခြင်း Voluntary Service၊ စည်းလုံးညီညွတ်ခြင်း Unity၊ ကမ္ဘာတစ်ဝန်းဆောင်ရွက်ခြင်း Universality တို့ဖြစ်သည်။ ကြက်ခြေနီသည် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန် ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် လူ့ဂုဏ်သိက္ခာကိုအလေးထားတန်ဖိုးထားပြီးအကူအညီလိုအပ်နေသူများအတွက် ဆောင်ရွက်ပေးနေကြသည်။

### လက်မှတ်ရေးထိုးခဲ့

မြန်မာနိုင်ငံသည် ၁၉၃၉ ခုနှစ်တွင် အမျိုးသားကြက်ခြေနီအသင်းအဖြစ် ရပ်တည်ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း အဖွဲ့ဝင်ဖြစ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီလှုပ်ရှားမှုတွင်ပါဝင်ခဲ့သော မြန်မာနိုင်ငံသည် ၁၉၉၂ ခုနှစ်တွင် ဂျီနီဗာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့သည်။

ကြက်ခြေနီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလှုပ်ရှားမှုများကိုဖော်ညွှန်းရန်နှင့် အသိအမှတ်ပြုနိုင်ရန် ၁၉၄၈ ခုနှစ်မှစတင်ကာ မေလ ၈ ရက်နေ့ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ်စတင်ကျင်းပခဲ့သည်။ မေလ ၈ ရက်နေ့သည် ကြက်ခြေနီစိတ်ဓာတ်ကို စတင်ပျိုးထောင်ခဲ့သူ ဟင်နရီဒူးနန့်၏ မွေးနေ့ဖြစ်သည်။ ဟင်နရီဒူးနန့်သည် နိုင်ငံအသီးသီးတွင် စေတနာ့ဝန်ထမ်းအဖွဲ့များ ပေါ်ပေါက်ရေးကို အားပေးတိုက်တွန်းခဲ့သူဖြစ်သည်။ ကြက်ခြေနီသည် ကမ္ဘာတွင် ပထမဆုံးဆောင်ရွက်ခဲ့သော စေတနာ့ဝန်ထမ်းအဖွဲ့ဖြစ်သည်။

ကြက်ခြေနီသည် နေရာမရွေး၊ လူမျိုးမရွေးကူညီနေကြသည်။ ကြက်ခြေနီသည် ကမ္ဘာတစ်ဝန်းမှ လူသားတို့၏အပြုံးကို အမှတ်တရရှိနေမည်။ ကြက်ခြေနီ၏ကူညီမှုကြောင့် လူသားတို့၏ ဘဝနှင့်ဂုဏ်သိက္ခာမြင့်မားစေသည်။ ကမ္ဘာ့ကြက်ခြေနီနေ့သည် စေတနာ့ဝန်ထမ်းအားလုံးအတွက် အမှတ်တရဖြစ်စေသည်။

စေတနာ့ဝန်ထမ်းဆောင်ရွက်နေသူများ၊ စေတနာ့ဝန်ထမ်းလှုမှုရေးအဖွဲ့အစည်းများ ဟင်နရီဒူးနန့်၏ စကားလေးကို အမြဲသတိတရ ရှိစေချင်သည်။ ။

"ဟင်နရီဒူးနန့်က မိတ်ဆွေဖြစ်စေ ရန်သူဖြစ်စေ၊ မည်သည့်လူမျိုးဖြစ်စေမည်သည့်ဘာသာဖြစ်စေ ထိခိုက်ဒဏ်ရာရသည့်အချိန် လူနာဟုမှတ်ယူကာ ပြုစုကုသမှုပြုရမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုမှသာ လက်ခံခဲ့ကြသည်။ သူကိုယ်တိုင်ပင် အဖြူရောင်ဝတ်စုံကို အမြဲဝတ်ခဲ့သည်။ လူနာဝေဒနာသည်များကို All are Brothers "အားလုံးညီအစ်ကိုတွေပါ"ဟု ပြောဆိုခဲ့သည်။ ဟင်နရီဒူးနန့်၏စကားသည် စေတနာ့ဝန်ထမ်းများအတွက် ရန်သူမိတ်ဆွေမခွဲခြားဘဲ ဝေဒနာခံစားရသူများအား ကူညီရမည်ဟူသည့် ကရုဏာစကားပင်ဖြစ်"

# ခေတ္တပိတ်ထားသည့် စက်ရုံ၊ အလုပ်ဌာနများမှ လူမှုဖူလုံရေး အာမခံအလုပ်သမားများအတွက် ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်ပေးမည်

**မန္တလေး မေ ၇**

ခေတ္တပိတ်ထားသည့် စက်ရုံ၊ အလုပ်ဌာနများမှ လူမှုဖူလုံရေး အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်များ ခံစားခွင့်ပေးမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ သိရသည်။

"ညွှန်ကြားချက်အရ ဧပြီ ၂၃ ရက်မှ ၃၀ ရက် အထိ အစစ်ဆေးခံရန် ခေတ္တပိတ်ထားတဲ့ စက်ရုံ အလုပ်ရုံက အာမခံအလုပ်သမားတွေကို ထောက်ပံ့ကူညီမှုဆိုပြီး အကျိုးခံစားခွင့်တွေ ပေးဖို့ရှိပါတယ်။ ဧပြီ ၂၀ ရက်က စပြီး စက်ရုံပြန်ဖွင့်ခွင့်ရတဲ့ရက်အထိ ပေးမှာပါ။ နောက်တစ်ခုက အလုပ်ရှင်ကြောင့် အလုပ်လက်မဲ့ ဖြစ်သွားတဲ့ အာမခံ အလုပ်သမားများအတွက် အများဆုံး ၂၆ပတ်ထိ အကျိုးခံစားခွင့်တွေ ပေးပါတယ်။ အလုပ်လက်မဲ့ ဖြစ်တဲ့ နေ့ကနေ ၆လအတွင်း ပေးမှာပါ။ ဒါကလည်း ဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် ၆၄ ။ ၂၀၂၀ အရပေးမှာပါ။ အလုပ်လက်မဲ့ ဖြစ်တဲ့နေ့ကနေ တစ်နှစ်အတွင်း ပေးသွားမှာပါ။ဒါတွေကတော့ ကိုဗစ်ကာလအတွင်းမှာ လူမှုဖူလုံရေးက ပေးမယ့် အကျိုးခံစားခွင့်တွေပါ"ဟု မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေး ရုံးက တိုင်းတာဝန်ခံ အရာရှိ ဒေါ်နှင်းနှင်းက ပြောသည်။

ကိုဗစ်-၁၉ ကာလအတွင်း လူမှုဖူလုံရေး အာမခံ လုပ်သားများ အကျိုးခံစားခွင့်များအနေဖြင့် အသွားအလာ ကန့်သတ်စောင့်ကြည့်နေရာဝင်ရမည့် အာမခံ အလုပ်သမားများအတွက် ၂၈ ရက် ခံစားခွင့်ပေးမှာ ဖြစ်ပြီး နေထိုင်မကောင်းသော အာမခံအလုပ်သမားအတွက် အများဆုံး ၂၆ပတ်ထိ ပေးမည်ဖြစ်ကြောင်း၊ လက်ရှိ ကိုယ်ဝန်ဆောင်နေသော အာမခံ အလုပ်သမားများအတွက် ရက်သတ္တပတ် ၈ပတ်မှ အများ ဆုံး ၂၆ပတ်ထိ ပေးသွားမှာဖြစ်ကြောင်းနှင့် လူမှုဖူလုံရေးမှ ပေးသော အကျိုးခံစားခွင့်များကို လူမှုဖူလုံရေး ထည့်ဝင် ခွင့်ကာလ သတ်မှတ်ချက်များ ပြည့်မီမှ ရမည်ဖြစ်ကြောင်း သိရသည်။



မန္တလေးမြို့ လူမှုဖူလုံရေးအဖွဲ့ရုံးကို တွေ့ရစဉ်

"အလုပ်သမားအားလုံးက လူမှုဖူလုံရေးက ထောက်ပံ့ကြေးရတော့မှာပဲလို့ ထင်နေတဲ့ ကိစ္စက အားလုံးနဲ့ မဆိုင်ဘူး။ လူမှုဖူလုံရေးမှာ အကျိုးဝင်မှတ်ပုံတင်ထားတဲ့ အလုပ်ဌာနနဲ့ အလုပ်သမားတွေသာ သက်ဆိုင်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် လူမှုဖူလုံရေး ထည့်ဝင်ကြေး စာရင်းမှာမပါလည်း လူမှုဖူလုံရေးမှာ အကျိုးဝင်တဲ့ ဌာနမှာ လုပ်နေတယ်ဆိုရင် ရခွင့်ရှိတယ်။ အလုပ်ရှင်ကို ဥပဒေပုဒ်မ ၆၉အရ အလုပ်ရှင်သည် အလုပ်သမား သူ့ရဲ့အလုပ်မှာ စလုပ်ကတည်းက လူမှုဖူလုံရေးကို ပေးသွင်းဖို့ ထည့်ဝင်ကြေးတွေ ပျက်ကွက်ခဲ့တယ်။ ပျက်ကွက်ခဲ့တယ်ဆိုရင် ပျက်ကွက်တဲ့ထည့်ဝင်ကြေးတွေကို ပျက်ကွက်ကြေး ကောက်တယ်။ ပျက်ကွက်ကြေး အပါအဝင် သူသွင်းရမယ့် ထည့်ဝင်ကြေးတွေ စုစုပေါင်းပြီးရင် တကယ်သူရသင့်တဲ့ လူမှုဖူလုံရေးက ပေးမယ့် အကျိုးခံစားခွင့်ကို တွက်ချက်ပြီး အဲဒါတွေ ၂ခုလုံးကို အလုပ်ရှင်က ကျခံရမယ်။ အလုပ်သမားကတော့ ရခွင့်ရှိတယ်။ လူမှုဖူလုံရေးက ပေးလိုက်မယ်။ ခုနက ပြောခဲ့သလို အလုပ်ရှင်က ပြန်ပြီး သွင်းရမယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ဧပြီ ၃၀ ရက်အထိ လူမှုဖူလုံရေးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာန စုစုပေါင်း ၇၈၉၄ ဌာနရှိပြီး လူမှုဖူလုံရေးမှ အာမခံအလုပ်သမား စုစုပေါင်း ၁၂၇၃၄၁ ဦးရှိကြောင်းနှင့် လူမှုဖူလုံရေးတွင် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်အတွက် အလုပ်ရှင်က အလုပ်သမား လုပ်ခလစာ၏ ၂ရာခိုင်နှုန်း၊ အလုပ်သမားမှ လုပ်ခလစာ၏ ၂ရာခိုင်နှုန်း ထည့်ဝင်ကြေးသွင်းရမည့်အပြင် အလုပ်ရှင်က လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် အလုပ်သမား လုပ်ခလစာ၏ ၁ရာခိုင်နှုန်း သွင်းရမည်ဖြစ်ကာ စုစုပေါင်း အလုပ်ရှင် ထည့်ဝင်ကြေးသည် အလုပ်သမား လုပ်ခလစာ၏ ၃ရာခိုင်နှုန်းသွင်းရမှာဖြစ်ပြီး အလုပ်သမား၏ထည့်ဝင်ကြေးသည် လုပ်ခလစာ၏ ၂ရာခိုင်နှုန်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**ထိပ်ထားနိုင်**

## မကွေးတွင် တိုက်ခတ်သည့် လေပြင်းကြောင့် အိမ် ၂၀၀ အမိုးလန်ပျက်စီး

**မကွေး မေ ၇**

မေလ ပထမပတ်အတွင်း မကွေးတိုင်းဒေသကြီး၌ တိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် လူနေအိမ် ၂၀၀ အမိုးလန်ပျက်စီးခဲ့ပြီး လူနေအိမ်နှင့် ဘာသာရေးအဆောက်အအုံ ပျက်စီးမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ် စီမံခန့်ခွဲမှု ဦးစီးဌာနမှ သိရသည်။ မေ ၁ ရက်မှ ၆ ရက် နံနက်ပိုင်းအထိ မြိုင်မြို့နယ်၌ နေအိမ် ၂၈လုံး အမိုးလန်၊ နေအိမ်တစ်လုံးပြိုကျခြင်း၊ ပေါက်မြို့နယ်၌ နေအိမ်ခြောက်လုံး အမိုးလန်ခြင်း၊ တောင်တွင်းကြီးမြို့နယ်၌ နေအိမ် ခုနစ်လုံး အမိုးလန် ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

မေ ၆ ရက် မွန်းလွဲပိုင်းက သရက်မြို့နယ်မှ နေအိမ် လေး လုံး၊ ဂန့်ဂေါမြို့နယ်မှ နေအိမ် ၁၉ လုံး၊ မကွေးမြို့နယ်မှ နေအိမ် ၆၀ ၊ ဆင်ပေါင်ဝဲမြို့နယ်မှ နေအိမ် ၇၆ လုံး အမိုးလန်ပျက်စီးခဲ့ပြီး ဆင်ပေါင်ဝဲမြို့နယ်မှ နေအိမ် ခုနစ်လုံး၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံ ငါးလုံး ပြိုကျပျက်စီးမှုများ ဖြစ်ခဲ့ရသည်။ မကွေးမြို့ရှိ လမ်းမကြီးများတွင် သစ်ပင်ကြီးများ လဲကျခြင်း၊ ဆိုင်းဘုတ်များ လဲပြိုပျက်စီးခြင်း၊ လျှပ်စစ်မီးတိုင်များ ကျိုးကျကာ လျှပ်စစ်မီး ပြတ်တောက်ခဲ့သည်။ ပျက်စီးခဲ့ရသော နေအိမ်များမှ ဘေးသင့်ပြည်သူ ၂၆၁ ဦးအတွက် ခုနစ်ရက်စာ ဆန်ဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ကျပ် ၃၁ သိန်း ၉ သောင်းကျော် ထောက်ပံ့ထားပြီး မေ ၆ ရက် မွန်းလွဲပိုင်းက တိုက်ခတ်ခဲ့သော ပျက်စီးမှုများအတွက် ဆက်လက်ထောက်ပံ့ရန် စီစဉ်နေကြောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်စိုးထံမှသိရသည်။ **ဇေယျာတု(မကွေး)**

## သာယာဝတီ၌ ကိုဗစ်-၁၉ ကာလ အိမ်အတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးနည်းများ ပေးဝေမည်

**သာယာဝတီ မေ ၇**

သာယာဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်ကာလ Stay Home နေရချိန်တွင် ရပ်ကွက်၊ ကျေးရွာတို့ရှိ မိမိတို့၏ အိမ်ခြံဝင်းအတွင်း သီးနှံနှင့် ဟင်းသီးဟင်းရွက်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး အိမ်ရာစိုက်ခင်း စိုက်ပျိုး နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနများက ကူညီ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

သာယာဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဥမ္မာဟန်က "တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ် ရောင်းချခြင်းအားဖြင့် ဝင်ငွေ ရရှိရန်နှင့် အိမ်သုံးစရိတ် သက်သာခြင်း၊ ကိုယ်တိုင် စိုက်ပျိုး ထုတ်လုပ်ထားသော ဟင်းသီး ဟင်းရွက်သီးနှံများ စားသုံးခြင်းအားဖြင့် ပိုးမွှားကင်းစင်ပြီး ဘေးကင်းလုံခြုံသော ဟင်းသီးဟင်းရွက် အသီးအနှံများ စားသုံးနိုင်ရန် အဓိကရည်ရွယ်ချက်ဖြစ်ကြောင်း၊ မျိုးစေ့တွေ လိုအပ်ခဲ့မယ်ဆိုလို့ရှိရင် ဥယျာဉ်ခြံမြေနည်းပညာဌာနတွေ ချိတ်ဆက်ပေးမယ်၊ စိုက်ပျိုးရေးဦးစီးဌာနတွေကို လာပြီးတော့ ဆက်သွယ်လာမယ် ဆိုလို့ရှိရင် ချိတ်ဆက်ပေးမယ်၊ မျိုးစေ့ ဝယ်ယူပေးမယ်၊ မျိုးစေ့ရရှိရေးနှင့် စိုက်ပျိုးနည်းပညာများကို ကူညီပေးသွားမည်"ဟု ပြောသည်။

သာယာဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ ၁၀ မျိုးဖြစ်သည့် ရွှေဖရုံ၊ ရုံးပတီသီး၊ သခွား၊ ဘူး (ရှည်၊ ဝိုင်း၊ လုံးကြီး)၊ တိုင်ထောင်ပဲ၊ ပြောင်းချိုကြက်ဟင်းခါး၊ ခရမ်းသီး၊ ခရမ်းညို၊ ဟင်းနုနွယ် စသည့်မျိုးစေ့တို့ကို အိမ်ခြံဝန်းတို့တွင် စိုက်ပျိုးမည့်သူများကို စိုက်ပျိုးရေး အိမ်ရာစိုက်ခင်း နည်းပညာများ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


အိမ်တွင်းစိုက်ပျိုးနည်းနှင့် မျိုးစေ့များ

**သန့်ဇော်(ပြန်/ဆက်)**

# ပုပ္ပားဒေသထွက်စိန်တလုံးသရက်များ ဈေးနှုန်းကျဆင်းခြင်းကြောင့် ပိုင်ရှင်များတွက်ခြေမကိုက်ဖြစ်နေ


ပုပ္ပားဒေသမှ စိန်တလုံးသရက်ပင်များကို တွေ့ရစဉ်

**ကျောက်ပန်းတောင်း မေ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသထွက် စိန်တလုံးသရက်များလှိုင်လှိုင်ထွက်ရှိချိန် ဈေးနှုန်းကျဆင်းနေခြင်းကြောင့် စိန်တလုံးသရက် စိုက်ခြံပိုင်ရှင်များ တွက်ခြေမကိုက်ဖြစ်နေကြောင်း ဆင်ဆင်းကျေးရွာ စိန်တလုံးသရက်ခြံပိုင်ရှင် ဦးအောင်ဝင်းက ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မကြီး ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် အင်းချောင်းကျေးရွာ၊ ဆည်ပေါက်ကျေးရွာ၊ ညောင်ကန်ကျေးရွာ၊ ပုပ္ပားကျေးရွာ၊ ပုပ္ပားလွင်၊ ဆုံကုန်းကျေးရွာ၊ ဆင်ဆင်းကျေးရွာ၊ နဂါးလည်ကျေးရွာ၊ လျှော်တောကျေးရွာ၊ ဆည်ကျေးရွား၊ စီးမကျေးရွာ၊ လဲဂွကျေးရွာတို့တွင် စိန်တလုံးသရက်အားစီးပွားဖြစ်စိုက်ပျိုးကြသည့်ကျေးရွာများ ဖြစ်ကြကာ ယခုနှစ်စိန်တလုံးသရက် အသီးများကြောင်းသိရပြီး စိန်တလုံးသရက်သီးမှည့်ချိန် အောက်ဈေးဖြင့်ရောင်းချနေရကြောင်း သိရသည်။ ယခင်နှစ်များက စိန်တလုံးသရက် ပွင့်ပြီးချိန်မှ အသီးကင်းစတင်သီးချိန်တို့တွင် စိန်တလုံးသရက် ပွဲစားများရွာအထိ ဆင်းကာ ခြံပြတ်ဈေးဖြတ်ပြီး လာရောက်ဝယ်ယူမှုများ ရှိခဲ့ကြသော်လည်း ယခုနှစ် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြင့် ကြုံတွေ့သည့်နှစ်ဖြစ်ခဲ့ရာ စိန်တလုံး သရက်ပွဲစားများ လာရောက်ဝယ်ယူမှုမရှိခြင်းကြောင့် စိန်တလုံးသရက်ဈေးကွက် အရှုံးနှင့်ရင်ဆိုင်နေရကြောင်း နဂါးလည်ကျေးရွာ စိန်တလုံး စိုက်တောင်သူ ဒေါ်စန်းစန်းမြင့်က ပြောကြား၍ သိရသည်။

စိန်တလုံးသရက် ပေါ်ချိန် တစ်မြို့နှင့်တစ်မြို့ဆက်သွယ်သွားရောက်သည့် မော်တော်ကားအခက်အခဲနှင့်ပွဲစားများ လာရောက်ဝယ်ယူမှုမရှိသလောက်ဖြစ်နေပြီး ကုန်စည်စီးဆင်းမှုပြတ်တောက်သည့် အခြေအနေများက စိန်တလုံးသရက်ခြံစိုက်တောင်သူများကို အထိနာစေကြောင်း၊ ပုပ္ပားတောင်ပတ်ဝန်းကျင်ဒေသတွင် သရက်အမျိုးမျိုးရှိကြသော်လည်း စိန်တလုံး သရက်တစ်မျိုးတည်းသာ ခြံဖြင့် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း စိန်တလုံးသရက်ခြံများ မသီးသည့်နှစ်တွင် တစ်နှစ်ဆုံးရှုံးသလိုသီးသည့်နှစ်တွင်လည်း ဈေးကွက်ပျက်ပါက အရှုံးနှင့်ရင်ဆိုင်ရကြောင်း ဦးအောင်ဝင်းက ရှင်းပြသည်။

ပုပ္ပားဒေသထွက် စိန်တလုံးသရက်များသည် အရည်အသွေး ကောင်းမွန်ခြင်းကြောင့် နှစ်တိုင်းဈေးကွက်အသာစီးဖြင့်ရောင်းချခဲ့ရသော်လည်း ယခုနှစ် ကိုဗစ်-၁၉ ကြောင့် စိန်တလုံးသရက်ခြံပိုင်ရှင်များအထိနာသည့် နှစ်တစ်နှစ်ဖြစ်ကာ စိန်တလုံးသရက် ဆယ်လုံးဈေးကျပ်သုံးထောင်အများဆုံးဖြစ်နေပြီး ဆယ်လုံးဈေး နှစ်ထောင်ကျပ်ထိဖြစ်နေကြောင်း၊ သတင်းစာစက္ကူ ပတ်သည့်ခြံများသည် ဆယ်လုံးဈေးကျပ်သုံးထောင်ရရှိနိုင်ကာ စက္ကူမပတ်သည့် ခြံပိုင်ရှင်များ ဆယ်လုံးဈေး ကျပ်နှစ်ထောင်မှ ကျပ်တစ်ထောင့်ငါးရာထိ ဈေးနှုန်းကျဆင်းနေကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

# မြန်မာ့ထွက်ကုန် ပဲယင်းသီးနှံများ မန္တလေးအွန်လိုင်းဈေးကွက်တွင် အရောင်းအဝယ်များ ပြန်လည် သွက်လက်လာ

**မန္တလေး မေ ၇**

သက်ြန်မတိုင်ခင်ကာလက အရောင်းအဝယ်များ အေးစက်နေသည့် မြန်မာ့ပဲယင်းသီးနှံများ ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် မန္တလေး အွန်လိုင်းဈေးကွက်၌ အရောင်းအဝယ်များ ပြန်လည် သွက်လက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါပဲယင်းမှာ သင်္ကြန်မတိုင်ခင်ကာလက အရောင်းအဝယ်များ အေးစက်ကာ ဈေးနှုန်းများ ကျဆင်းနေခဲ့သော်လည်း လက်ရှိကာလ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မန္တလေး ကုန်စည်ဒိုင် ယာယီပိတ်ထားသည့် အချိန်၌ပင် Viber Group ဖြင့် ချိတ်ဆက်ကာ တရုတ်နိုင်ငံ၏ ဝယ်ယူမှုများကြောင့် မန္တလေး အွန်လိုင်းပဲဈေးကွက်တွင် အရောင်းအဝယ်များ သွက်လက်ကာ ဈေးနှုန်းများလည်း မြင့်တက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

"ဒီပဲယင်းက ပြည်တွင်းမှာ စားသုံးမှုနည်းပါးတဲ့အတွက် ပြည်ပပို့ကုန်အဖြစ်ပဲ အဓိက စိုက်ပျိုးကြတယ်။ ဒီရက်ပိုင်းမှာ မန္တလေး အွန်လိုင်းဈေးကွက်နဲ့ ပဲယင်းတွေ အရောင်းအဝယ်ဖြစ်နေတယ်ဆိုတာ ကြားတဲ့အတွက် ဒေသစုံက ပဲတွေ မန္တလေး ပွဲရုံတွေကို ဝင်လာနေကြသလို ဝင်သမျှလည်း သိမ်းကြုံဝယ်ယူနေကြတယ်။ အခုလို ကုန်စည်ဒိုင်ပိတ်ထားလို့ အွန်လိုင်းဈေးကွက်နဲ့ အဆင်ပြေအောင် ကြိုးစားရုန်းကန်နေရတယ်ဆိုပေမယ့် မျက်နှာချင်းဆိုင်တွေ့ဆုံပြီး အရောင်းအဝယ်လုပ်ရတာနဲ့စာရင် ကျေနပ်အားရမှုတော့ မရှိဘူးပေါ့။ ဒါကြောင့် ကုန်သည်နဲ့တောင်သူတွေအားလုံးက ကုန်စည်ဒိုင်အမြန်ဆုံးပြန်ဖွင့်ဖို့ မျှော်လင့်နေကြတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိအခြေအနေတွင် မန္တလေးအွန်လိုင်းပဲဈေးကွက်၌ ပဲယင်း (အသေး) သုံးတင်းဝင်တစ်အိတ်လျှင် ငါးသောင်း သုံးထောင်ကျပ်ဖြင့်လည်းကောင်း၊ ပဲယင်း (အကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ငါးသောင်း ခုနစ်ထောင် ကျပ်နှုန်းဖြင့်လည်းကောင်း ပေါက်ဈေးရှိနေပြီး ယခင်သင်္ကြန်မတိုင်ခင်ပေါက်ဈေးထက် ငွေကျပ် ၄၀၀၀ ကျပ်နှုန်းခန့် ဈေးပိုမိုရရှိနေကြောင်းနှင့် ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက အဆိုပါ ပဲယင်းမှာ တရုတ်ဝယ်လိုအားကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ခုနစ်သောင်းနှစ်ထောင်နှုန်းအထိ ဈေးမြင့်တက်ခဲ့ကြောင်း သိရပြီး လက်ရှိ အခြေအနေတွင် မန္တလေး အွန်လိုင်းဈေးကွက်၌ တရုတ်ဝယ်လိုအားကြောင့် ပဲယင်းနှင့်အတူ ပဲတီစိမ်း၊ ထောပတ်ပဲနှင့် မြေပဲလုံးဆံများလည်း အရောင်းသွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ပဲယင်းကို ထီးချိုင့်၊ ကသာ၊ မတ္တရာ၊ စဉ့်ကူးဒေသများနှင့် မြင်းခြံ၊ ပခုက္ကူ၊ ညောင်ဦးမြို့နယ်များတွင် ရေဝတီမြစ်ရိုး တစ်လျှောက် မြစ်ရေကျချိန်၌ ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင်တစ်ရာသီသာ စိုက်ပျိုးထွက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ရေတွင်း၊ ရေကန်များ ရေခန်းခြောက်မှုများ ယခင်နှစ်များကထက်ပိုမိုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာများတွင် ပြည်သူများသောက်သုံးရေအခက်အခဲများရှိနေခဲ့ရာ စေတနာရှင်များစုပေါင်း၍ ဖွဲ့စည်းထားသည့် ရေလှူဒါန်းရေးအဖွဲ့များမှ သံဖြူဇရပ်မြို့၌ သောက်သုံးရေလိုအပ်နေသည့် နေအိမ်များကို မေ ၇ ရက်က မြို့နယ်ရေပေးဝေရေးအဖွဲ့မှ သောက်သုံးရေများ လိုက်လံဖြည့်ဆည်းပေးစဉ်။

ကျော်ဝင်း(သံဖြူဇရပ်)

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# မိတ္ထီလာမြို့နယ်၌ ကျေးရွာငါးရွာဖြတ်သန်းသွားသော အောင်ရတနာတံတား တည်ဆောက်လျက်ရှိ

**မိတ္ထီလာ မေ ၇**

မိတ္ထီလာမြို့နယ်၌ ရှင်မြို့ကျေးရွာ အပါအဝင် ကျေးရွာငါးရွာ ဖြတ်သန်းသွားလာသော အောင်ရတနာတံတားကိုကိုယ့်အားကိုယ်ကိုးတည်ဆောက်လျက်ရှိသည်။

မိတ္ထီလာမြို့နှင့် ရှင်မြို့ကျေးရွာအပါအဝင် အုတ်နဲ့ပုတ်၊ ကျောက်ဖြူကုန်း၊ ဂဠုန်းကုန်း၊ ခါးကော့ကျေးရွာများနှင့် ဆက်သွယ်သွားလာသည့်လမ်းပေါ်ရှိ ရှင်မြို့ကျေးရွာ အောင်ရတနာတံတားမှာ မုန်တိုင်ဆည်မှ မိတ္ထီလာကန်အတွင်း ရေစီးဝင်သည့် နတ်စင်ချောင်းပေါ်တွင် ဖြတ်သန်းဆောက်လုပ်ထားခြင်းဖြစ်သည်။ ၎င်းအောင်ရတနာတံတားကို ၂၀၁၆-၂၀၁၇ ခုနှစ်က ရှင်မြို့ကျေးရွာရှိ ဒေသခံပြည်သူများက စုပေါင်း၍ အလျား ပေ ၉၀ ရှိ သစ်သားတံတားကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော်လည်း အဆိုပါတံတားမှာ ခိုင်ခံ့မှုမရှိဘဲ ချောင်းရေကြီးပြီး ရေတိုက်စားသဖြင့် ပျက်စီးခဲ့၍ တံတားခိုင်ခံမှု ရှိစေရန် ဇန်နဝါရီလ ၂၃ ရက်က စတင်၍ ကျေးရွာသူကျေးရွာသားများ၏ စုပေါင်းထည့်ဝင်ငွေဖြင့် အလျား ပေ ၈၀၊ အကျယ် ၁၅ ပေရှိ သံကူကွန်ကရစ်တံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ သံကူကွန်ကရစ်တံတားကို တည်ဆောက် လျက်ရှိရာမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်တို့က ကွင်းဆင်းကြည့်ရှုပြီး ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၂၅ သိန်း ပေးအပ်ခဲ့ရာ ယခုဆိုလျှင် ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သော်လည်း ကျန်ရှိသည့် အခင်းနှင့်လက်ရန်းတည်ဆောက်သည့်လုပ်ငန်းပြီးစီးနိုင်ရန် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် ၎င်းတံတားပေါ်မှ ဒေသခံပြည်သူများ သွားလာနိုင်ရန် အခင်းခင်းခြင်းကို သစ်သားဖြင့် ယာယီဆောင်ရွက်သွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်ခြင်းလုပ်ငန်း ဦးဆောင်သူ ဦးဝင်းမြင့်က ပြောကြားခဲ့သည်။



အောင်ရတနာတံတားတည်ဆောက်နေသည်ကို တွေ့ရစဉ်

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တောင်ငူ၌ သောက်သုံးရေအခက်ခဲရှိသော ကျေးရွာသုံးရွာတွင် သောက်သုံးရေများဖြန့်ဝေ

**တောင်ငူ မေ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဆိတ်ဖူးတောင်ကျေးရွာအုပ်စုနှင့် နဂါးမောက်ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာအချို့တွင် အပူချိန်မြင့်မားပြီး သောက်သုံးရေအခက်အခဲများဖြစ်ပေါ်နေကြောင်း သတင်းများရရှိသဖြင့် တောင်ငူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငုဝါထွေးနှင့်ဝန်ထမ်းများက ရေဂါလန် ၁၀၀၀ ဆံ့ ဌာနပိုင်ယာဉ်ဖြင့် မေ ၆ ရက်က ဆိတ်ဖူးတောင်ကျေးရွာအုပ်စု၊ စပါးလင်ကုန်းကျေးရွာ သို့ ရေဂါလန် ၂၀၀၀၊ ၅ မိုင်ကျေးရွာသို့ ရေဂါလန် ၂၀၀၀၊ နဂါးမောက်ကျေးရွာ အုပ်စု၊ ကျောက်ပါးစပ်ကျေးရွာသို့ ရေဂါလန် ၂၀၀၀ ပို့ဆောင်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ကျောက်ဆည်မြို့နယ်၌ သောက်သုံးရေဖူလုံရေး ကျေးရွာငါးရွာတွင် စက်ရေတွင်းတူးဖော်

**ကျောက်ဆည် မေ ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကနွေရာသီကာလ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာ ငါးရွာမှာ တောင်လွှဲ၊ ထန်းဇင်တော်၊ အင်ဒိုင်း၊ ရွာသစ်ကျေးရွာ နှင့် ကျားအိုလေးကျေးရွာတို့ဖြစ်ပြီး စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း သုံးခု၊ ဂါလန် ၂၀၀၀ဆံ့ အုတ်ရေကန် နှစ်ခု၊ အမြင့်ပေ ၂၀ရှိ ဂါလန် ၂၄၀၀ ဆံ့စင်မြင့် ရေစင်တည်ဆောက်ခြင်း လုပ်ငန်း လေးခု၊ အလျား ၅ပေ အနံ ၅ ပေ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း သုံးခု၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ မော်တာပန့်တပ်ဆင်ခြင်း၊ ခြံစည်းရိုး ကာရံခြင်း၊ မီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေ ကျပ် ၈၅ ဒသမ ၇၆ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါကျေးရွာငါးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထိုက်ထိုက်စိုးနှင့်ဝန်ထမ်းများက ယနေ့ နံနက် ၁၁ နာရီတွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ရာ ထန်းဇင်တော်၊ ရွာသစ်၊ ကျားအိုလေးကျေးရွာ သုံးရွာမှာ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး၊ တောင်လွှဲ၊ အင်ဒိုင်းကျေးရွာ နှစ်ရွာမှာ လုပ်ငန်းအားလုံး၏ ၈၀ ရာနှုန်းအထိပြီးစီးနေပြီဖြစ်ကာ၊ ရွာသစ်ကျေးရွာနှင့် ကျားအိုလေး ကျေးရွာနှစ်ရွာမှာ ကျေးရွာအစီအစဉ်ဖြင့် ရေမီတာများတပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း တွေ့ရှိရသည်။ ယခုတူးဖော်ဆောင်ရွက်နေသည့် စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီး သွားပါက ကျေးရွာ ငါးရွာရှိ အိမ်ခြေ ၁၂၆၈ အိမ်မှ လူဦးရေ ၆၃၄၀ တို့အတွက် ရာသီမရွေးသောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ထိုက်ထိုက်စိုးက ပြောကြားသည်။

**ငြိမ်းသူ**



# ပဲခူးတိုင်းဒေသကြီးအတွင်း မိုးစပါးချေးငွေများ မေ ၁၅ ရက်တွင် စတင်ထုတ်ချေးမည်

**ပဲခူး မေ ၇**

ပဲခူးတိုင်းဒေသကြီးမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ယမန်နှစ် ရန်ပုံငွေများ ရရှိပြီးစီးစစ်ကာ ပဲခူးတိုင်းဒေသကြီးအတွင်းမေ ၁၅ ရက်မှစ၍ မိုးစပါးချေးငွေများထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"တောင်သူလယ်သမားများအတွက် မိုးစပါးချေးငွေများကို မေ ၁၅ ရက်မှ စက်တင်ဘာလအထိ ရာသီအလိုက်သီးနှံများစိုက်ပျိုးနိုင်ရေး ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ထုတ်ယူရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် တစ်ဦးလျှင် သုံးပေခြားကာ လက်ဆေးဘေစင်များထားရှိပြီး စနစ်တကျထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ဘဏ်ခွဲများတွင် လာရောက်ထုတ်ယူသောတောင်သူများပြားမှုရှိပါက အဆင်ပြေစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အားကစားရုံနှင့် စာသင်ကျောင်းတို့တွင် စနစ်တကျထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း" မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းဒေသကြီး ဘဏ်ခွဲ မန်နေဂျာ ဦးခင်မောင်စိုးက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၉ခုနှစ်စာရင်းအရ ကျေးရွာအုပ်စု ၁၅၁၃ စု၊ တောင်သူဦးရေ ၃၀၇၃၁၉ ဦး၊ စိုက်ဧက ၁၈၅၆၃၂၉ ဧက ရှိပြီး ၂၇၈ ဒသမ ၈၅ ဘီလီယံထုတ်ချေးပေးခဲ့ပြီး ယခုနှစ်တွင် ပုံစံ(၇)ရရှိသူနှင့်ထပ်တိုးတောင်သူများကိုလည်း ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ယခုနှစ်တွင် တောင်သူများအတွက် မိုးစပါးချေးငွေများကို အတိုးနှုန်း ငါးရာခိုင်နှုန်းအထိ လျှော့ချပေးပြီး မိုးစပါးတစ်ဧကလျှင် ချေးငွေ တစ်သိန်းခွဲနှင့် အခြားသီးနှံများအတွက်ချေးငွေ တစ်သိန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

## မန္တလေးတိုင်းဒေသကြီးအတွင်း သတင်းစာလပေး မှာယူဖတ်ရှုလိုသူများ ဆက်သွယ်ဝယ်ယူနိုင်

မန္တလေးတိုင်းဒေသကြီးအတွင်း မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါကိုယ်စားလှယ် ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဦးဝင်းညွန့် | အောင်မြေသာစံ | ၀၉-၂၅၆၅၆၅၆၈၁ |
| ၂။ | ဦးသန်းထွန်း | ချမ်းအေးသာစံ | ၀၉-၃၃၅၃၂၄၈၇ |
| ၃။ | ဦးအောင်စိုး | မဟာအောင်မြေ | ၀၉-၄၃၀၁၂၈၆၂ |
| ၄။ | ဦးအောင်ကျော်မင်း | ချမ်းမြသာစည် | ၀၉-၄၀၂၇၂၇၂၈၈ |
| ၅။ | ဦးကံသာ | ပြည်ကြီးတံခွန် | ၀၉-၄၀၂၅၉၆၂၇၇ |
| ၆။ | ဒေါ်ဆွေဆွေမော် | အမရပူရ | ၀၉-၇၉၇၃၀၅၃၅၄ |
| ၇။ | ဦးဝင်းမိုလ် | မတ္တရာ | ၀၉-၄၄၄၀၃၂၆၉၉ |
| ၈။ | ဦးမောင်မောင် | မြစ်သား | ၀၉-၇၇၅၇၄၃၅၁၉ |
| ၉။ | ဦးဝင်းမောင် | စဉ့်ကူး | ၀၉-၇၉၉၁၁၁၄၁၆ |
| ၁၀။ | ဦးထွန်းအောင်ကျော် | စဉ့်ကိုင် | ၀၉-၄၀၂၇၂၃၆၅၀ |
| ၁၁။ | ဦးကိုကိုနိုင် | တံတားဦး | ၀၉-၂၅၆၃၆၄၁၀၂ |
| ၁၂။ | ဦးသန်းဌေး | ကျောက်ဆည် | ၀၉-၇၈၉၇၅၈၇၀၃ |
| ၁၃။ | ဦးလှငွေ | ထန်းတပင် | ၀၉-၇၉၈၀၈၀၈၆၆ |
| ၁၄။ | ဒေါ်ခင်မာကြူ | မိုးကုတ် | ၀၉-၇၈၈၂၁၂၆၅၅ |
| ၁၅။ | ဦးမောင်လတ် | ပြင်ဦးလွင် | ၀၈၅-၂၂၂၅၃ |
| ၁၆။ | ဦးညာဏ်ရင် | ထီးချိုင့် | ၀၉-၄၄၀၁၂၀၃၀၄ |
| ၁၇။ | ဦးအေးကို | ငါန်းဇွန် | ၀၉-၂၅၈၀၇၈၅၅၉ |
| ၁၈။ | ဒေါ်ကေသွယ် | တောင်သာ | ၀၉-၄၀၀၀၁၆၄၃၂ |
| ၁၉။ | ဦးညွန့်ဝေ | သာစည် | ၀၉-၇၈၅၆၁၅၉၉၄ |
| ၂၀။ | ဦးပေါ်ဦး | မြင်းခြံ | ၀၉-၂၂၁၅၁၁၇ |

## အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားလာပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန် မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်ပါက အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့် နေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာ ရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။

(၄) အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွတ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၉) အပူဒဏ်အန္တရာယ်ခံစားရသော လူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား (၂)ဖက်နှင့် ပေါင်ခြံ (၂) ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ**

# တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

### နေပြည်တော်

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ဖြစ်ပွားလျက်ရှိရာ မေ ၆ ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် လယ်ဝေးမြို့နယ်၌ နေအိမ်နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ်ကိုးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ ကချင်ပြည်နယ် မြို့နယ်သုံးခု၌ နေအိမ်ခုနစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့နယ် ၁၄ ခု၌ နေအိမ်လေးလုံး ပြိုကျပျက်စီးပြီး နေအိမ် ၃၈၉ လုံးနှင့် ဘာသာရေးအဆောက်အဦ ၁၀လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ နေအိမ်လေးလုံး ပြိုကျပျက်စီးပြီး နေအိမ် ၇၈ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး မြို့နယ်ရှစ်ခု၌ နေအိမ် ၂၅ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၃၁၅ လုံး၊ ဘာသာရေးအဆောက်အဦ ၁၃ လုံး အမိုးအကာလန်ပျက်စီးခြင်းနှင့် လူတစ်ဦး ဒဏ်ရာရရှိခြင်း၊ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်များ၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ်ခုနစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ်၌ နေအိမ်တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်နှင့် မြန်အောင်မြို့နယ်များ၌ နေအိမ် ၁၅လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၁၀၊ ဘာသာရေးအဆောက်အဦ နှစ်လုံး အမိုးအကာလန်ပျက်စီးခြင်းနှင့် လူနှစ်ဦး ဒဏ်ရာရရှိခြင်းတို့ ဖြစ်ပွားခဲ့သည်။ အဆိုပါ လေဘေးသင့်ပြည်သူများအတွက် သက်ဆိုင်ရာဒေသရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးများက ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၉ ရက်မှ မေ ၇ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၃၇၇ လုံးနှင့် ဘာသာရေးအဆောက် အဦ ၁၃ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၅၉၈၂ လုံးနှင့် ဘာသာရေးအဆောက်အဦ ၁၂၄လုံး အမိုးအကာလန်ပျက်စီးခြင်းများဖြစ်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန



ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၃၂၉ ဒသမ ၁ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ် ထားရှိသည့် Hot-line ဖုန်းများ ဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ် အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

### ပင်လည်ဘူး

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် မေ ၆ ရက် မွန်းလွဲ ၃ နာရီခွဲက လေပြင်းတိုက်၍ လူနေအိမ် ၇ လုံးနှင့် ဈေးဆိုင်အဆောက်အအုံတစ်ခု အမိုးလန် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ပြီး လေပြင်းတိုက်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်၍ ထိခိုက်ပျက်စီးမှုများမှာ နောင်ကန်ကျေးရွာတွင် နေအိမ်တစ်လုံး၊ ဥသျှစ်ပင်ကျေးရွာတွင် နေအိမ်သုံးလုံး၊ ဝါးဘိုးချောင်းကျေးရွာတွင် အဆောက်အအုံတစ်ခု၊ သာယာကုန်းကျေးရွာတွင် နေအိမ်တစ်လုံး၊ တောင်ကုန်းကျေးရွာတွင် နေအိမ်တစ်လုံးနှင့် မြောက်မော်ကျေးရွာတွင် နေအိမ်တစ်လုံး စုစုပေါင်း လူနေအိမ် ခုနစ်လုံးနှင့် ဈေးဆိုင်အဆောက်အအုံတစ်ခုတို့ဖြစ်ပြီး အဆိုပါ အဆောက်အအုံများမှာ အမိုးလန်ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **မျိုးလွင် (ပင်လည်ဘူး)**

### ကောလင်း

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် မေ ၆ ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် မြောက်အင်းဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ချမ်းသာကြီးဘုရား ထီးတော်မြေခပြီး ကျော်ဇေယျာ(၁) ရပ်ကွက်တွင် လူနေအိမ်တစ်လုံး၊ ပြင်ဦးလွင်ရပ်ကွက်တွင် လူနေအိမ်သုံးလုံး၊ ကျေးရွာအုပ်စု ရှစ်အုပ်စုတွင် လူနေအိမ် ၁၅ လုံး အမိုးလန်ပျက်စီးခဲ့ကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ရှိကြောင်း ကောလင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီးခဲ့သည့် ကျေးရွာများသို့ ကောလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည့် အကူအညီများ ရရှိနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ထို့အပြင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပျက်စီးဆုံးရှုံးမှုတန်ဖိုးအလိုက် မူတည်၍ ဆောက်လုပ်မှုကုန်ကျစရိတ်နှင့် ဆန်ရိက္ခာဖိုးငွေများကို အမြန်ဆုံး ရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ထွန်းမင်း(ကောလင်း)**

### မကွေး

မကွေးမြို့တွင် မေ ၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာတစ်ရွာတို့၌ နေအိမ်များပြိုကျခြင်း၊ နေအိမ်အမိုးလန်ခြင်းနှင့် သစ်ပင်ပြိုလဲမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မကွေးမြို့ အောင်မေတ္တာရပ်ကွက် (ဘီ)အုပ်စုတွင် နေအိမ်နှစ်လုံး၊ ရွာသစ်ပွဲကြိုရပ်တွင် နေအိမ်သုံးလုံး၊ အောင်ရတနာရပ်ကွက်တွင် နေအိမ်တစ်လုံးနှင့် ဆားရွှေကင်းရပ်ကွက် ရွှေညောင်(၂)ရပ်တွင် နေအိမ်တစ်လုံးတို့ ပြိုကျပျက်စီးခဲ့ပြီး ရွာသစ်ပွဲကြိုရပ်တွင် နေအိမ် ၆၂ လုံး၊ မြင်သာရပ်ကွက်တွင် နေအိမ် ၂၃ လုံး၊ အောင်မင်္ဂလာရပ်ကွက်တွင် နေအိမ် ခြောက်လုံး၊ ပြည်တော်သာရပ်ကွက်တွင် နေအိမ် ၁၈ လုံး နှင့် ဆားတိုင်ကန်ကျေးရွာအုပ်စု ဆားတိုင်ကန်ကျေးရွာတွင် နေအိမ်ရှစ်လုံးတို့ အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် မကွေးမြို့နယ်တွင် စုစုပေါင်းရပ်ကွက် ခုနစ်ရပ်ကွက်နှင့် ကျေးရွာတစ်ရွာတို့၌ ပြိုကျအိမ်ခုနစ်လုံး၊ အမိုးလန်နေအိမ် ၁၁၇ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။ ပျက်စီးခဲ့သည့်နေအိမ်များအား သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူများက ပြန်လည်ပြုပြင်နိုင်ရေး ကူညီဆောင်ရွက်လျက်ရှိပြီး လူ၊ တိရစ္ဆာန်၊ သီးနှံစိုက်ခင်းများ ပျက်စီးမှုမရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)မှ ကျောင်းသားများ ပြုလုပ်သော အလိုအလျောက်ပို့ဆောင်ပေးသောတွန်းလှည်း ဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့ လှူဒါန်း

**ဗန်းမော် မေ ၇**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာမေဖြိုးဦး ဦးဆောင်ကြီးကြပ်၍ ကွန်ပျူတာ သိပ္ပံကျောင်းသားများနှင့် ကွန်ပျူတာနည်းပညာကျောင်းသားများ စုစုပေါင်း ခုနစ်ဦးတို့သည် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး အတွက် အထောက်အကူပြု အလိုအလျောက်ပို့ဆောင် ပေးသောတွန်းလှည်းတစ်စီးကို အောင်မြင်ပြီးစီးခဲ့ရာ ယမန်နေ့က ဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့ ပေးအပ် လှူဒါန်းသည်။

အဆိုပါ အလိုအလျောက်ပို့ဆောင်ပေးသောတွန်း လှည်းကို ဧပြီ ၂၄ ရက်က စတင်တီထွင် စမ်းသပ်ပြုလုပ်ခဲ့ရာ မေ ၅ ရက်တွင် တစ်စီးအောင်မြင်ပြီးစီးခဲ့ကြောင်း ဒုတိယ ပါမောက္ခချုပ်ထံက သိရသည်။

အဆိုပါတွန်းလှည်းသည် IR Sensor စနစ်ဖြင့် သွားမည့်လမ်းကြောင်းကို လိုင်းဖတ်သော နည်းစနစ်ဖြင့် လည်းကောင်း၊ RFID Module စနစ်ကို လူနာရှေ့ရောက်သည့် အချိန်တွင် လုပ်ဆောင်ပေးနိုင်သည့် နည်းပညာများဖြင့် အသုံးပြုထားကာ ပေ ၁၀၀ တွင် လေးမိနစ်ခွဲခန့် သွားနိုင်ပြီး သယ်ဆောင်နိုင်သည့် အလေးချိန်မှာ ၄၀ ကီလိုဂရမ်အထိ ရှိကြောင်း၊ အလိုအလျောက်ပို့ဆောင်ပေးသော တွန်းလှည်းတွင် လက်ဆေးဆပ်ပြာရည်ပါရှိပြီး အလိုအလျောက် လက်ဆေးပေးခြင်း၊ အစားအသောက်များ သယ်ဆောင်ပေး ခြင်း၊ လူနာများရှေ့တွင် နှစ်သိမ့်ပေးနိုင်သည့် Sound Sensor ဖြင့် တပ်ဆင်အသုံးပြုထားကြောင်း အလို အလျောက်ပို့ဆောင်ပေးသောတွန်းလှည်း၏ လုပ်ဆောင်နိုင် သည့် စွမ်းရည်ကို ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်)မှ မောင်နိုင်ဝင်းအောင် (တတိယနှစ်- ကွန်ပျူတာနည်းပညာ) က ပြောပြသည်။

"ကျွန်တော်တို့ ပြုလုပ်တဲ့ တွန်းလှည်းလေးအတွက် ဘယ်လိုအခက်အခဲကြုံရလဲဆိုတော့ ပစ္စည်းမှာဖို့ ပစ္စည်းတွေရောက်ဖို့ အချိန်ကြာတယ်။ ရတဲ့ပစ္စည်းနဲ့ အဆင်ပြေအောင် ကြိုးစားလုပ်နေကြတယ်။ အခုတစ်စီး ပြီးသွားပြီ၊ နောက်ထပ်တစ်စီး ပြန်တီထွင်သွားဖို့ ရှိသေး တယ်" ဟု မောင်ဂွမ်ဂူလတ် (စတုတ္ထနှစ်- ကွန်ပျူတာ နည်းပညာ)က ပြောသည်။

ယခု ပြုလုပ်ပြီးစီးသော အလိုအလျောက်ပို့ဆောင် ပေးသော တွန်းလှည်းကို ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်) မှ ကျောင်းသားများက Mg Banmaw(01) အမည်ပေးခဲ့ပြီး ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကိန်းဖြူ(ပြန်/ဆက်)**





# ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးတွင် အသုံးပြုနိုင်ရန် နည်းပညာတက္ကသိုလ်(မိတ္ထီလာ) အီလက်ထရောနစ်ဌာနက ဘက်စုံသုံး အဝေးထိန်းထရော်လီတစ်ခု ပြုလုပ်

**မိတ္ထီလာ မေ ၇**

မိတ္ထီလာဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး နည်းပညာတက္ကသိုလ် (မိတ္ထီလာ)အီလက်ထရောနစ်ဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများပူးပေါင်းပြီး ဘက်စုံ သုံး အဝေးထိန်းထရော်လီတစ်ခုကို ယမန်နေ့က ပြုလုပ်ပြီးစီးခဲ့သည်။

" မိတ္ထီလာဆေးရုံကြီးမှာ ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသ ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ ရောဂါကာကွယ်ရေး ဝတ်စုံတွေ ချွေတာနိုင်ဖို့၊ ဆေးဝါးနဲ့အစား အသောက်တွေကို လူကိုယ်တိုင် မဟုတ်ဘဲ အဝေးကနေ ကြားခံသယ် ဆောင်တဲ့အရာနဲ့ ပို့ပေးနိုင်ဖို့အတွက် ဒီဘက်စုံသုံး အဝေးထိန်းထရော်လီကို ပြုလုပ်ဆောင်ရွက်တာပါ။ အီလက် ထရောနစ်ဌာနက ဆရာ ဆရာမတွေနဲ့ ကျောင်းသူ ကျောင်းသားတွေ ပူးပေါင်း ဆောင်ရွက်တာဖြစ်ပြီး အဝေးထိန်းထရော်လီနဲ့ ဆေးဝါး၊ အစားအသောက်စတဲ့ ပစ္စည်းမျိုးစုံကို အလေးချိန် နှစ်ပိဿာခွဲအထိ သယ်ဆောင်နိုင်ပြီး အချိန်ကြာမြင့်စွာ မောင်းနှင်နိုင်ဖို့ ဒရုန်းတွေမှာ တပ်ဆင် တဲ့ ဘက်ထရီအမျိုးအစားကို တပ်ဆင် ထားတာကြောင့် တစ်ခါအသုံးပြုရင် ကြာမြင့်ချိန် ၁၀ နာရီအထိ အသုံးပြု နိုင်ပါတယ်။ အဝေးဆုံးအကွာအဝေး မီတာ ၁၀၀ အထိ အဝေးက ထိန်းချုပ် မောင်းနှင် အသုံးပြုနိုင်ပါတယ်" ဟု နည်းပညာတက္ကသိုလ် (မိတ္ထီလာ) အီလက်ထရောနစ်ဌာနမှ နောက်ဆုံး နှစ်ကျောင်းသား ကိုအောင်ရဲသွေးက ပြောသည်။

အဆိုပါ ဘက်စုံသုံးအဝေးထိန်း ထရော်လီကို ခြောက်ရက်ကြာပြုလုပ် ခဲ့ရပြီး တပ်ဆင်အသုံးပြုထားသည့် ပစ္စည်းများအားလုံး၏ တန်ဖိုးမှာ ငွေကျပ် နှစ်သိန်းငါးသောင်းခန့် ကုန်ကျခဲ့ကာ မိတ္ထီလာဆေးရုံကြီးမှ တာဝန်ရှိသူများထံသို့ ပေးအပ် လှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မိုင်းလားမြို့ဆီလူးဒေသတွင် အသွားအလာကန့်သတ်မှု ပြုလုပ်ပြီးသော နေရပ်ပြန် မြန်မာအလုပ်သမားများအား ကွန်ဟိန်းမြို့၌ စားသောက်ဖွယ်များ လှူဒါန်း

**ကွန်ဟိန်း မေ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့ ကွန်ဟိန်းတံတားစစ်ဆေးရေးဂိတ်၌ ယနေ့နံနက်ပိုင်းက အထူးဒေသ(၄) မိုင်းလားမြို့ ဆီလူးဒေသတွင် အသွားအလာကန့်သတ်မှု ပြုလုပ်ပြီး သော နေရပ်ပြန် မြန်မာအလုပ်သမား ၄၄၂ ဦးအား ကြိုဆို စောင့်ဆိုင်းကာ နေ့လယ်စာ ထမင်းဘူးများနှင့် သောက်ရေသန့်များ လှူဒါန်းခဲ့ကြ သည်။ **(အောက်ဝဲပုံ)**

ထိုသို့လှူဒါန်းရာတွင် မြို့နယ် အဆင့် ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း များက ဒေသခံပြည်သူများ လှူဒါန်း သည့် နေ့လယ်စာထမင်းဘူးများနှင့် သောက်ရေသန့်များကို နေရပ်ပြန် မြန်မာအလုပ်သမား ၄၄၂ ဦးထံ လှူဒါန်းပေးကာ အားပေးစကားများ ပြောကြားခဲ့ကြသည်။



ယင်းနေရပ်ပြန် သူများတွင် ကွန်ဟိန်းမြို့၌ နေရစ်မည့်သူများ မပါဝင်သဖြင့် နေရပ်ပြန် ၄၄၂ ဦးသည် နံနက် ၁၀ နာရီတွင် တောင်ကြီးမြို့ သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရ သည်။ **ပြည့်စန္ဒီမြင့်(ပြန်/ဆက်)**

# ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအတွက် ငဖဲမြို့ပေါ်ရပ်ကွက်များ၌ ပိုးသတ်ဆေးဖျန်း

**ငဖဲ မေ ၇**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် နိုင်ရေးအတွက် ငဖဲမြို့ မြို့ပေါ် ရပ်ကွက်များတွင် ယနေ့နံနက်ပိုင်းက ပိုးသတ်ဆေးဖျန်းယာဉ် နှစ်စီးဖြင့် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ သည်။ အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေး မှူး ဦးဆန်းထွန်း၏ ကြီးကြပ်မှုဖြင့် မြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးနိုင်လင်းဦးနှင့် တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဗိုလ်ချုပ် လမ်းမကြီးတစ်လျှောက် လမ်းမများ နှင့် ရပ်ကွက်အတွင်း လမ်းသွယ် များတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**




# ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ကိုယ်ပူဖျားနာဆေးကုခန်း တွံတေး၌ ဖွင့်လှစ်

**တွံတေး မေ ၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကိုယ်ပူဖျားနာ ဆေးကုခန်းကို ယနေ့နံနက်ပိုင်းက တွံတေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယုဇန ခန်းမ၌ ဖွင့်လှစ်သည်။

"ရပ်ကွက်ကျေးရွာမှာရှိတဲ့ပြည်သူတွေ ဖျားနာကြရင် တော်ရုံဆေးခန်းတွေက မကြည့်ချင်ကြတဲ့အတွက် ပြည်သူတွေက အပြင်ဆေးဆိုင်ကနေ စပ်ဆေးတွေ ဝယ်သောက် နေကြတယ်။ ကိုဗစ်- ၁၉ ရောဂါသံသယ လူနာတွေကို ဆောလျင်စွာ သိရှိနိုင်ရေး၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါများအား စနစ်တကျကုသမှု ပေးနိုင်ရေး၊ ရောဂါပြန့်ပွားမှုကို ဆောလျင်စွာ ထိန်းချုပ် နိုင်ရေးအတွက် Fever Clinic ကို ဖွင့်လှစ်တာ ဖြစ်ပါ တယ်။ ဒီဆေးခန်းမှာ အဓိက ဖျားတဲ့သူ၊ ချောင်းဆိုးတဲ့သူ၊ နှာစေးတဲ့သူ၊ လည်ချောင်းနာတဲ့သူ မည်သူမဆို လာရောက်ပြသလို့ ရပါတယ်။ ကုသချိန်ကတော့ နံနက် ၉ နာရီကနေ မွန်းတည့် ၁၂ နာရီအထိဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် အပြင်ဆေးခန်း တော်တော်များများက ပိတ်ထား ကြတယ်။ ပိတ်ထားတဲ့အတွက် အဖျားရှိတဲ့သူတွေ၊ ဖျားနေ တဲ့သူတွေ၊ ချောင်းဆိုးတဲ့သူတွေ ဘယ်ကိုသွားပြရမှန်းမသိ ဖြစ်နေတဲ့အတွက်ကြောင့် ဖျားနာတဲ့သူတွေ လာပြလို့ရအောင် ကို ဖွင့်လှစ်ရတာဖြစ်တယ်" လို့ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်အရေးပေါ် ကုသမှုဆေးပညာဌာန၊ လက်ထောက် ကထိက ဒေါက်တာဖြိုးသီဟက ပြောသည်။

အဆိုပါ ဆေးကုခန်းဖွင့်ပွဲသို့ တွံတေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ခုတင် ၅၀ ပြည်သူ့ဆေးရုံ မှ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးဇော်လှ၊ စေတနာ့ဝန်ထမ်းဆရာဝန်များ၊ သူနာပြုများ၊ စေတနာ့ ဝန်ထမ်းလူငယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြ ကြောင်း သိရသည်။ ယင်း Fever Clinic ဆေးခန်းကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ကုသပေးမည် ဖြစ်ကြောင်း သိရ သည်။ **မျိုးလှိုင်(တွံတေး)**

## ပူတာအိုခရိုင်၌ ငါးသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းများ သိရှိနားလည်ရန် ပညာပေးပိုစတာများစိုက်ထူ

**ပူတာအို မေ ၇**

ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများ သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ကြစေရေးအတွက် အသိပညာပေးပိုစတာများကို ငါးမဖမ်းရ ရာသီသုံးလတာကာလအတွင်း နေရာအနှံ့ စိုက်ထူလျက်ရှိသည်။

"ငါးသယံဇာတနဲ့ ပတ်သက်ပြီး ၁၂ လရာသီအနက် ငါးတို့မိတ်လိုက်ချိန်၊ ဥချချိန်၊ ငါးသားပေါက်များ ရှင်သန်ကြီးထွားချိန် သုံးလတာကာလကို မဖမ်းကြဖို့၊ မသတ်ကြဖို့ ပိတ်ပင်ထားတာ ဖြစ်ပါတယ်။ အဲဒီလို ပိတ်ပင်ရတာဟာလည်း မိမိတို့ တစ်နိုင်ငံတည်းမဟုတ်ဘဲ တစ်ကမ္ဘာလုံး ကျင့်သုံးပြီးတော့ သယံဇာတ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ငါးသယံဇာတတွေဟာ လူသားတို့အတွက် အာဟာရရိက္ခာ၊ အခွန်အခ၊ အလုပ်အကိုင်အခွင့်အလမ်း၊ လူမှုစီးပွားဘဝ ဖန်တီးပေးတဲ့၊ ဘယ်သူမှ အရင်းမစိုက်ရတဲ့ ပဒေသာပင်ကြီး ဖြစ်ပါတယ်။ အဲဒါကြောင့် ငါးတွေကို ဥချခွင့်၊ သားဖောက်ခွင့်၊ မျိုးပွားခွင့်၊ ရှင်သန်ကြီးထွားခွင့် အခွင့်အရေးတွေ ပေးသင့်ပါတယ်။ ဒါကြောင့် ငါးမဖမ်းရ ရာသီသုံးလတာ ကာလမှာ ငါးမဖမ်းကြဖို့ မေတ္တာရပ်ခံပါတယ်" ဟု ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနဦးစီးမှူး ဦးမြသိန်းက ပြောသည်။



ပူတာအိုငါးလုပ်ငန်းစခန်းက ငါးသားပေါက်များ ဖြန့်ဝေပေးစဉ်။

ရေနေသတ္တဝါ မိတ်လိုက်မျိုးပွားရာသီချိန်တွင် ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ ရောင်းဝယ်တင်ပို့ခြင်းများ မပြုလုပ်ကြရန်အတွက် ဒေသခံတိုင်းရင်းသားဘာသာများ၊ မြန်မာဘာသာများဖြင့် အသိပေးနှိုးဆော်ချက်များ၊ သတိပေးတားမြစ်ချက်များကို လူအသွားအလာများသော နေရာများနှင့် ကျေးရွာများအရောက် စိုက်ထူခဲ့ကြသည့်အပြင် လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေခဲ့ကြသည်။

ပူတာအိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဒေသနှင့်ကိုက်ညီသည့် ငါးမျိုးစိတ်များ သားဖောက်ထုတ်လုပ်ပြီး တစ်နိုင်တစ်ပိုင် ငါးမွေးမြူလိုသူများအား ကောင်းမွန်သော နည်းစနစ်နှင့်အညီ တစ်နိုင်တစ်ပိုင် မွေးမြူစေခြင်း၊ ဒေသရှိ တိုင်းရင်းငါးမျိုးစိတ်များသားဖောက်ပြီး ဒေသတွင် တိုင်းရင်းငါးမျိုးများ တိုးပွားလာစေရန်အတွက် ၂၀၁၉-၂၀၂၀ တွင် Bangama (ခေါ်) ကျောက်ငါးလူးငါးမျိုးစိတ်ကို စမ်းသပ်သုတေသနသားဖောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင်လည်း အခြားငါးမျိုးစိတ်များကို သုတေသနပြု စမ်းသပ် သားဖောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ဟိုပင်၌ ကိုဗစ်- ၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်

**ဟိုပင် မေ ၇**

ကချင်ပြည်နယ် ဟိုပင်မြို့၌ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု မဖြစ်စေရေးနှင့် ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက ရွှေဘို-မြစ်ကြီးနားလမ်း ပြည်ထောင်စုလမ်းမကြီး ဟိုပင်-အင်းတော်ကြီးလမ်းဆုံတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့အဆင့် လုပ်ငန်း ကော်မတီဝင်များက နှာခေါင်းစည်းတပ်ဆင်စေရေး အသိပညာပေးခြင်းကို ရှစ်ကြိမ်မြောက် ဆောင်ရွက်သည်။

ဟိုပင်မြို့ ဒေသန္တရအမိန့် ၄/၂၀၂၀ အရ နေအိမ်ပြင်ပ ထွက်ခွာပါက နှာခေါင်းစည်းတပ်ဆင်ကြရန် မလိုက်နာပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ချက်များကို ညစဉ် အသိပေးနှိုးဆော်မှုများ ဆောင်ရွက်ထားပြီးဖြစ်သဖြင့် လိုက်နာမှုမရှိ၊ နှာခေါင်းစည်းမတပ်ဆင်ဘဲ ပြင်ပထွက်လာသူ ပြည်သူများအား အသိပညာပေးကာလအဖြစ် နှာခေါင်းစည်း တပ်ဆင်ပေးပြီး နှာခေါင်းစည်းများဝေငှခြင်း၊ ခံဝန်ချုပ်လက်မှတ်ထိုးခိုင်းခြင်း၊ အသိပညာပေးခြင်းများကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့အဆင့်လုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြသည်။



ဟိုပင်မြို့တွင် နှာခေါင်းစည်း အခုရေတစ်သောင်းကို အလှူရှင် စေတနာရှင်များစုပေါင်း၍ ချုပ်လုပ်ပြီး ဟိုပင် မြို့မဈေး၊ ယာယီပွဲကျဈေးနှင့် အခြေခံလူတန်းစား အိမ်ထောင်စုများအထိ အသိပညာပေး ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ ရွှေဘို-မြစ်ကြီးနားလမ်း၊ ဟိုပင်- အင်းတော်ကြီးလမ်းဆုံ၊ မီးရထားသံလမ်းဆုံနှင့် ရွှေဘို-မြစ်ကြီးနားလမ်း ပြည်ထောင်စုလမ်းမကြီး သရက်ချောင်း သံတံတားထိပ် တို့တွင် နှာခေါင်းစည်းတပ်ဆင်စေရေး အသိပညာပေးခြင်းကို ရက်သတ္တတစ်ပတ်ပြည့်သည်အထိ အသိပညာပေး ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ပညာပေးခြင်းကာလ ပြီးဆုံးပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဝေလင်းအောင်ထံက သိရသည်။

**တိုးတိုးမေ(ဟိုပင်)**

## ၁၀၅ မိုင် သစ်သီးအေးဂျင့်မိသားစုဝင်များက ကြက်ခြေနီတပ်ဖွဲ့သို့ အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**မူဆယ် မေ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်တွင် ကြက်ခြေနီတပ်ဖွဲ့သို့ အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က ၁၀၅ မိုင် ကြက်ခြေနီအသင်းခွဲ(ငယ်)ရုံးခန်းတွင် ကျင်းပသည်။

မူဆယ်မြို့နယ် ၁၀၅ မိုင် ကြက်ခြေနီတပ်ဖွဲ့သည် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး ယနေ့အချိန်ထိ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ကြက်ခြေနီတပ်ဖွဲ့ဝင်များအနေဖြင့် အခက်အခဲများအနည်းငယ်ရှိနေသည့်အတွက် ၁၀၅ မိုင် သစ်သီးအေးဂျင့်မိသားစုများက အထောက်အပံ့ပစ္စည်းများဖြစ်သည့် ဆန်နှစ်အိတ်၊ ငွေကျပ်သုံးသိန်း၊ နှာခေါင်းစည်းများကို လာရောက်လှူဒါန်းပေးခဲ့ပြီး အဆိုပါ အထောက်အပံ့ပစ္စည်းများကို သစ်သီးအေးဂျင့်ဥက္ကဋ္ဌ ဦးစိန်မောင်နှင့် သစ်သီး အေးဂျင့်အဖွဲ့က ပေးအပ်ခဲ့ကာ ၁၀၅ မိုင် ကြက်ခြေနီအသင်းခွဲ(ငယ်) တပ်ခွဲမှူး ဦးသန့်ဇင်နှင့် ကြက်ခြေနီစေတနာ့လုပ်အားရှင်များက လက်ခံယူခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## လွိုင်လင်မြို့၌ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**လွိုင်လင် မေ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့မဈေးကြီး၊ ဟင်းသီးဟင်းရွက်ပွဲကျဈေးနှင့် ဘုရင့်နောင်လမ်းနှင့် သုခလမ်းဆုံများတွင် နှာခေါင်းစည်းများ၊ ဆပ်ပြာခဲများ၊ ရှမ်း၊ မြန်မာ၊ ပအိုဝ်းဘာသာများဖြင့် ရိုက်နှိပ်ထားသော အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးသည်။

အဆိုပါ နှာခေါင်းစည်းများနှင့် အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခြင်းများကို ခရိုင်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာန ဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ ပါတီဝင်များက ဆောင်ရွက်ခဲ့သည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ကျော့သောင်းမြို့ ကမ်းနီးအဖြူရောင် ပရဟိတအဖွဲ့က အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း

**ကော့သောင်း မေ ၇**

ကော့သောင်းမြို့ ကမ်းနီးအဖြူရောင် ပရဟိတအဖွဲ့က ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကာလအတွင်း မြို့နေမသန်စွမ်းသူများရှိသည့် အိမ်ထောင်စုများသို့ အခြေခံ စားသောက်ကုန်များကို တစ်နိုင် တစ်ပိုင် ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မြို့ခံ ပရဟိတအဖွဲ့တစ်ခုဖြစ်သည့် ကမ်းနီးအဖြူရောင် ပရဟိတ အဖွဲ့ဝင်များသည် မြို့ပေါ်ရပ်ကွက်များနှင့် ဆင်ခြေဖုံးရပ်ကွက်များမှ ရပ်ကွက်နေ အခြေခံလူတန်းစား မိသားစုများ၊ မသန်စွမ်းသူများရှိသည့် မိသားစုများ ကိုဗစ် – ၁၉ ရောဂါ ထိန်းချုပ်မှုလုပ်ငန်းများကြောင့် စားဝတ်နေရေး အခက်အခဲ ဖြစ်ပေါ်နေမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ်များကို မသန်စွမ်းမိသားစု ၃၀ ခန့်အား မြို့ပေါ် ရပ်ကွက်များအနှံ့ အိမ်တိုင်ရာရောက် လှူဒါန်းပေးခဲ့ကြပြီး ရပ်ကွက်နေပြည်သူများ ကျန်းမာရေး သတိဖြင့် နေထိုင်ကြရေး၊ မလိုအပ်ပါက အိမ်ပြင်သို့ မထွက်ကြဘဲ မိမိအိမ်တွင် နေထိုင်ကြရေး၊ အပြင်ထွက်ပါက နှာခေါင်းစည်းများ တပ်ဆင်ကြခြင်းဖြင့် ရောဂါကာကွယ်၊ ထိန်းချုပ်မှုလုပ်ငန်းများကို ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် နှိုးဆော်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ပင်လောင်းမြို့နယ်အတွင်း နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

**ပင်လောင်း မေ ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ခြင်း ယဉ်ကျေးမှုသည် ကိုဗစ်-၁၉ ကာလအတွင်းသာမက ကိုဗစ်-၁၉ အလွန်ကာလ များတွင်လည်း စာသင်ကျောင်းများ၊ ဈေး၊ လူထူထပ်သည့်နေရာများတွင် နှာခေါင်းစည်း တပ်ဆင်ခြင်း အလေ့အထရှိခြင်းကြောင့် မည်သည့်ကူးစက်ရောဂါ မဆို ကြိုတင်ကာကွယ်သည့် ရည်ရွယ်ချက်ဖြင့် Mask Shan Campaign အဖြစ် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ပြည်သူများအား ကိုယ်အပူချိန် တိုင်းတာပေးခြင်းတို့ကို ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းက ယာယီဈေး၊ မြို့မရဲစခန်းရှေ့ မင်းလမ်းပေါ်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီအဖွဲ့(ခွဲ)၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ပရဟိတအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး အဆိုပါ နှာခေါင်းစည်းတွင် နှာခေါင်းစည်းအခုရေ ၃၀၀၀ ကို ပင်လောင်း မြို့နယ်၊ နောင်တရားမြို့၊ ပေါင်းလောင်းမြို့၊ တီကျစ်၊ ဗန်းမောက်ကျေးရွာများတွင် လည်း တစ်ပြိုင်တည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ခွန်အာကာစိုး**



## သံဃာတော် (၃၀၀၀)ကျော် သီတင်းသုံးတော်မူသောမန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေ-မီးထာဝရ ငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်း

ဆက်သွယ်လှူဒါန်းရန် - မစိုးရိမ်တိုက်သစ် ဂေါပကအဖွဲ့

ဦးလှအောင် (ဥက္ကဋ္ဌ) ဖုန်း-၀၉-၂၀၀၃၂၂၉ ဦးမြဇော် (အတွင်းရေးမှူး) ဖုန်း-၀၉-၂၀၀၇၃၆၄

ဦးကျော်ဇေယျ (အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၁၃၈၅၅ ဦးသိန်းငွေအောင်(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၉၇၉၀

ဦးကင်းဝန် (အဖွဲ့ဝင်) ဖုန်း-၀၉-၅၃၀၂၁၃၇

ယခင်နေ့မှအဆက်

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၉၈ | ဦးကြည်လှိုင်-ဒေါ်ခင်မြင့်၊ ဒေါ်ချိုချိုဦး ဦးဆန်နီတို့အား ရည်စူး၍ ဦးငွေလွင်-ဒေါ်ဥမ္မာ မိသားစု ဗဟန်း၊ ရန်ကုန် ၁-သိန်း | 100000 |
| ၉၉ | ဦးချစ်သောင် ညီမ-ဒေါ်သင်းကြည်၊ သပြေရိုးကျေးရွာ၊ စဥ့်ကိုင်မြို့နယ်၊ ၁-သိန်း | 100000 |
| ၁၀၀ | ဒေါ်မြသန်း၏ (၉၁) နှစ်ပြည့်မွေးနေ့အလှူ လမ်း-၃၀၊ လမ်းလယ်ဘုရား၊ ၈၃x၈၄ကြား မန္တလေး ၁-သိန်း | 100000 |
| ၁၀၁ | မိဘနှစ်ပါးတို့အားရည်စူး၍ သမီး-မခင်ဌေးကောင်းမှု ပခုက္ကူမြို့ ၁-သိန်း | 100000 |
| ၁၀၂ | မိဘနှစ်ပါးတို့အားရည်စူး၍ သမီး-မနန်းထွေး မောင်နှမတစ်စုကောင်းမှု၊ သီပေါမြို့ ၁-သိန်း | 100000 |
| ၁၀၃ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုချစ်ဝင်းခန့်-မအိဖြိုးဝေမိသားစု ကောင်းမှု၊ မိုးကုတ်မြို့ ၁-သိန်း | 100000 |
| ၁၀၄ | ဦးစိုင်းကံ-ဒေါ်မော်ဆိုင်ဖုန်တို့အားအမှူးထား၍ သမီး-နန်းမွေဖောင် မောင်နှမတစ်စု ကောင်းမှု သီပေါမြို့ ၁-သိန်း | 100000 |
| ၁၀၅ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးမောင်မောင်-ဒေါ်တင်တင်မေ မြစ်ဖျားရောမိသားစု ၁-သိန်း | 100000 |
| ၁၀၆ | နှစ်ဖက်မိဘများအား အမှူးထား၍ ကိုအောင်အောင်ဦး-မမွန်ရည် MR II car servicing မိသားစု ကောင်းမှု ၁-သိန်း | 100000 |
| ၁၀၇ | (ဦးဝင်းအောင်-ဒေါ်အေးမေ)တို့အား ရည်စူး၍ သား-မောင်အောင်ဇော်မင်း-မနွေနုအေး မိသားစု ကောင်းမှု ၁-သိန်း | 100000 |
| ၁၀၈ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုသက်နိုင်ဦး-ဒေါ်မီမီဝါ (BTGT Hotel Supplier) မိသားစု၊ ကောင်းမှု ၁-သိန်း | 100000 |
| ၁၀၉ | ကိုမင်းသူရ-မလဲ့လဲ့ဦး aba Beauty salern မိသားစု ကောင်းမှု မန္တလေး ၁-သိန်း | 100000 |
| ၁၁၀ | MR II car servicing ဝန်ထမ်းများ ကောင်းမှု လမ်း-၈၀၊ ၁၆x၁၇ ကြား၊ မန္တလေး ၁-သိန်း | 100000 |
| ၁၁၁ | ဦးစိုးထွန်း သားသမီးများ ကျောက်မဲမြို့ ၁-သိန်း | 100000 |
| ၁၁၂ | ကွယ်လွန်သူ ဖခင်ကြီး ဒေါက်တာဝင်းသူ-မိခင်ကြီးဒေါ်စန်းစန်းအေး အစ်မ-ဒေါ်မိမိတို့အား ရည်စူး၍ သားသမီးမောင်နှမတစ်စု နန်းရှေ့၊ မန္တလေး ၁-သိန်း | 100000 |
| ၁၁၃ | ဒေါ်ခင်သန်း၊ ဒေါ်နီနီ နီနီဖိနပ်ဆိုင် မင်္ဂလာဈေး၊ ရန်ကုန် ၁-သိန်း | 100000 |
| ၁၁၄ | ဦးအောင်မြင့်-ဒေါ်ခင်မာဦးသီရိဇေယျာရပ်ကွက်၊ ဆားမှော်ကျေးရွာ၊ မိုးကောင်းမြို့နယ် ၁-သိန်း | 100000 |
| ၁၁၅ | Dr.Tun Tun Aung, Daw Htar Htar Naing တို့အားအမှူးထား၍ PAHG Hoding company Limited ပရဟိတမိသားစု ၁-သိန်း | 100000 |
| ၁၁၆ | ဖခင်ဦးထော်အားရည်စူး၍ ရှေ့နေဦးတင်မြင့်-ဒေါ်ကြည်မြ မိသားစု ကချင်ပြည်နယ်၊ မိုးညှင်းမြို့ အုဋ္ဌကျင်းရပ် ၁-သိန်း | 100000 |
| ၁၁၇ | ဦးသန်းထွန်း-ဒေါ်စန်းမြ ကျိုက္ကစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန် ၁-သိန်း | 100000 |
| ၁၁၈ | ဦးထန်းလေး-ဒေါ်နီနီဖြိုး သား-မောင်အောင်ထက်ဦး သမီး-မထက်ထက်လင်းလက်၊ မဖူးပွင့်ဝသန် အကွက်(၃၄၇)စိန်ပန်း၊ ဥပုသ်တော်ရပ်၊ မန္တလေး ၁-သိန်း | 100000 |
| ၁၁၉ | ဦးတင်ဦး-ဒေါ်ခင်ထွေး သား-သမီး-မြေး မြစ်တစ်စု ကောင်းမှု ပေါက်ပေါက်တန်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး ၁-သိန်း | 100000 |
| ၁၂၀ | ဦးညဏ်ထွန်း-ဒေါ်ဝင်းမမ မိသားစု ရန်ကုန် ၁-သိန်း | 100000 |
| ၁၂၁ | ဦးစိုးဝင်းသန့်(ပါမောက္ခ) ဒေါက်တာသန်းသန်းနွယ် (ဆေး-၁) ဝါးတန်းလမ်း ဗဟိုရ်စည် အိမ်ရာ လမ်းမတော်မြို့နယ်၊ ရန်ကုန် ၁-သိန်း | 100000 |
| ၁၂၂ | ဦးဝင်းဇော်အောင်-ဒေါ်ဝါဝါလှိုင်ကျော် သား-မောင်နေခန့်လှိုင်၊ သမီး-မကျော့ကေသွယ်မိသားစု ၁-သိန်း | 100000 |
| ၁၂၃ | ကျုံပျော်မြို့နယ်အသင်း ရန်ကုန် ၁-သိန်း | 100000 |
| ၁၂၄ | ဗိုလ်မှူးချုပ်တင်မောင်ဆွေ-ဒေါ်မိမိမော် သား-မောင်ကောင်းဇော်ဆွေ၊ မောင်ကောင်းခန့်သော် မိသားစု ရန်ကုန် ၁-သိန်း | 100000 |
| ၁၂၅ | ဦးထွန်းမောင်-ဒေါ်ညို မိသားစု တရော်ကိုင်းရွာ၊ ကန့်ဘလူမြို့နယ် ၁-သိန်း | 100000 |
| ၁၂၆ | ဒေါ်စန်းလွင် မိသားစု ကောင်းမှု မြိတ်မြို့ ၁-သိန်း | 100000 |
| ၁၂၇ | ဦးကျော့တင်-ဒေါ်သန်းစိန် သမီး-မစီစီဝင်း ကောင်းမှု မြိတ်မြို့ ၁-သိန်း | 100000 |
| ၁၂၈ | (ဦးလှဖေ-ဒေါ်မြစိန်)(မမေရှားလွင်)တို့အားရည်စူး၍ သမီး မမေမီလွင် မိသားစု၊ မြိတ်မြို့ ၁-သိန်း | 100000 |
| ၁၂၉ | မောင်စိုင်းပြည့်ဘုန်းခန့် (၆) နှစ်ပြည့်မွေးနေ့အလှူ ကိုကျော်ဆန်းဝင်း-ဒေါ်ငြိမ်းချမ်းမိုး သား ဆိုင်းသန့်ဘုန်းမြတ် ချမ်းမြသာစည်၊ မြို့သစ်(က) ၅၊ ၁-သိန်း | 100000 |
| ၁၃၀ | ကိုလင်းသူရအောင်-မချိုပြုံးမွန် သမီး ဆုမေလမင်း မြိတ်မြို့ ၁-သိန်း | 100000 |
| ၁၃၁ | ဦးအပ်အင်အား ရည်စူး၍ ဒေါ်ယုလီ မိသားစု မြိတ်မြို့ ၁-သိန်း | 100000 |
| ၁၃၂ | ဦးအေးလွင်-ဒေါ်သန်းသန်းဝေ မိသားစု မြိတ်မြို့ ၁-သိန်း | 100000 |
| ၁၃၃ | ဦးယုဆွေအား ရည်စူး၍ ဒေါ်အေးပိုမိသားစု မြိတ်မြို့ ၁-သိန်း | 100000 |
| ၁၃၄ | ဦးဝင်းသိန်း-ဒေါ်စန်းစန်းဝေ မိသားစုမြိတ်မြို့ ၁-သိန်း | 100000 |
| ၁၃၅ | ကိုအောင်မွန်ကို-မငုဝါခိုင်သား အပ်ဘုန်းမြတ် မောင်မင်းမြတ်စိုး မြိတ်မြို့ ၁-သိန်း | 100000 |
| ၁၃၆ | ဦးငြိမ်းအောင်-ဒေါ်တင်တို့ကို အမှူးထား၍ ကိုအောင်ကိုလတ်-မမြတ်မြတ်စိုး ၁၂လမ်း၊ ၈၉ လမ်း မန္တလေးမြို့ ၁-သိန်း | 100000 |
| ၁၃၇ | ဦးရာဇိန္ဒ ကံသာဇေယျုံကျောင်း မင်းရွာ သနပ်ပင်မြို့နယ် ၁-သိန်း | 100000 |
| ၁၃၈ | ကွယ်လွန်သူ ဦးမောင်မောင်အား ရည်စူး၍ ဒေါ်တင်တင်စိန် မိသားစု မိတ္ထီလာမြို့ ၁-သိန်း | 100000 |
| ၁၃၉ | ဦးအောင်သန်းမော်-ဒေါ်ချယ် မိသားစု တမ္ပဝတီရပ် မန္တလေးမြို့ | 100000 |
| ၁၄၀ | စိုင်းအောင်မျိုးဟိန်း၊ စိုင်းကောင်းမြတ်စံ ညီမ မနန်းပွင့်ဖူးစံ တမ္ပဝတီရပ် မန္တလေးမြို့ ၁-သိန်း | 100000 |
| ၁၄၁ | ဒေါ်စန်း မိသားစု တမ္ပဝတီရပ် မန္တလေးမြို့ ၁-သိန်း | 100000 |
| ၁၄၂ | ကျေးဇူးရှင် ဘိုးဘွားမိဘများအား ရည်စူး၍ ဦးကျော်သိန်း-ဒေါ်တင်ဦး ညီမ ဒေါ်သန်းခင် မိသားစု တမ္ပဝတီရပ် မန္တလေးမြို့ ၁-သိန်း | 100000 |

ဆက်လက်ဖော်ပြသွားပါမည်။

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု ကွင်းအမှတ်(၁၉၆ ) ငှက်ပျောတောရွာကွင်း ဦးပိုင်အမှတ် (၇၂ᶜ) မြေကွက်အမှတ် (၂၁၈ᴮ) မြေဧရိယာ ၀ဒသမ၀၇ဧကခန့် ရှိသော မြေကို ဒေါ်ဝင်းဝင်းပါ (၂) ဦး အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားကြောင်း ငှက်ပျောတောကျေးရွာ အုပ်စုနေတို့မှ လျှောက်ထားလာပါသည်။ ထိုကြော်ငြာပါသည့်ရက်မှစ၍ အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးမြို့၊ ဆုံရပ်ကွက် ကွင်း/အကွက်အမှတ်နှင့်အမည်(၂-ခ၊ဌာနရပ်)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိ မြေကွက်ကို ဦးကော်ရှင်းလူ(ခ)ဦးမျိုးနိုင်အမည်ဖြင့် မြေဂရန်မိတ္တူမှန် ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင် Time Square အိမ်ရာစီမံကိန်းမှ တိုက်အမှတ်(C2) အခန်းအမှတ်(A/210)၏ အမည်ပေါက် ဦးနေအောင်လွင် ၁၂/ရကန(နိုင်)၀၅၉၂၆၂ ထံမှ ဦးသာထက်အောင် ၉/မဟမ(နိုင်) ၀၃၇၉၃၈ နှင့် ဒေါ်ပွင့်ဖြူသိန်း ၃/ဘအန(နိုင်)၂၆၄၆၄၂တို့က အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် ၎င်းတို့အမည်သို့ပြောင်းလဲ၍ ပိုင်ဆိုင်မှုထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ နယ်မြေ(၁၂)၊ အကွက်အမှတ်(၃၅/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ်(၁၀၉)၊ ဧရိယာ(၀ဒသမ၀၁၈)ဧက၊ အမှတ်ွဲအမှတ် ၇၉-၅/၂၀၁၁-၂၀၁၂(အေ)၊ ဒေါ်မချို ၁၃/လရန(နိုင်) ၀၉၇၈၈၀ အမည်ပေါက်မြေကွက်အား ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးစိုင်းပေါ်ဦး ၁၃/လရန(နိုင်)၁၈၆၉၉၅မှ ဒေါ်နန်းရွှေဟန်၁၃/လရန(နိုင်)၀၃၅၂၈၄သို့ စာချုပ်အမှတ် ၄၈၁/၂၀၂၀ဖြင့် ရောင်းချခဲ့ပြီးဖြစ်၍ ဒေါ်နန်းရွှေဟန် အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်မြေငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း ဤရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ နယ်မြေ(၅)၊ အကွက်အမှတ်(၂၅/တရုတ်ဈေးတန်း)၊ ဦးပိုင်အမှတ်(၃၄/က)၊ ဧရိယာ(၀ဒသမ၀၆၆)ဧက၊ မြေငှားဂရန်အမှတ်ွဲအမှတ်၃၆၆-၅/၂၀၀၇-၂၀၀၈(အေ)၊ ဦးဇီကော(ခ)မိုးအောင် ၁၃/လရန(ပြု)၀၀၀၀၁၂၆၊ ဒေါ်ချူကြည်လီ(ခ)လီလီခိုင် ၁၃/လရန(ပြု)၀၀၀၀၁၂၈ နှင့် ဒေါ်ချူစီစိန်(ခ)ခင်စန်းလီ၁၃/လရန(ပြု)၀၀၀၀၁၂၇တို့၏ အမည်ပေါက်မြေကွက်သည် ဦးဇီကော(ခ)မိုးအောင်မှ စာချုပ်အမှတ် ၁၉၂၂/၂၀၁၇ဖြင့် စွန့်လွှတ်ခဲ့ပြီးဖြစ်၍ ဒေါ်ချူကြည်လီ(ခ)လီလီခိုင်နှင့် ဒေါ်ချူစီစိန်(ခ)ခင်စန်းလီတို့အမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်မြေငှားဂရန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း (၂၀)အတွင်း ဤရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း
### မန်းမောင်မောင်သန်း
**(B.A,B.Ed,SAT-ငြိမ်း)**
**အထက ဆပ်ကွင်း၊ ကန်ကြီးထောင့်မြို့နယ်**
**အသက်(၈၅)နှစ်**

နေပြည်တော်(ACE Group Of Companies) မှ ဦးစသန်းဦး - ဒေါ်ကြည်လဲ့လဲ့ဝင်း တို့၏ချစ်လှစွာသော ဖခင်ကြီး မန်းမောင်မောင်သန်းသည် ၆-၅-၂၀၂၀ရက် နံနက်၁၀:၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ACE Group Of Companies**
**Naypyitaw**

### အထူးဝမ်းနည်းကြေကွဲခြင်း
### မန်းမောင်မောင်သန်း
**(B.A,B.Ed,SAT-ငြိမ်း)**
**အထက ဆပ်ကွင်း၊ ကန်ကြီးထောင့်မြို့နယ်**
**အသက်(၈၅)နှစ်**

နေပြည်တော်(ACE Group Of Companies) မှ ဦးစသန်းဦး - ဒေါ်ကြည်လဲ့လဲ့ဝင်း တို့၏ချစ်လှစွာသော ဖခင်ကြီး မန်းမောင်မောင်သန်းသည် ၆-၅-၂၀၂၀ရက် နံနက်၁၀:၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ATOP Machinery Group Co.,Ltd.**
**Naypyitaw**

### အထူးဝမ်းနည်းကြေကွဲခြင်း
### မန်းမောင်မောင်သန်း
**(B.A,B.Ed,SAT-ငြိမ်း)**
**အထက ဆပ်ကွင်း၊ ကန်ကြီးထောင့်မြို့နယ်**
**အသက်(၈၅)နှစ်**

နေပြည်တော်(ACE Group Of Companies) မှ ဦးစသန်းဦး - ဒေါ်ကြည်လဲ့လဲ့ဝင်း တို့၏ချစ်လှစွာသော ဖခင်ကြီး မန်းမောင်မောင်သန်းသည် ၆-၅-၂၀၂၀ရက် နံနက် ၁၀:၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ATOP Construction Group Company**
**Naypyitaw**

### KabaOo Trading Co.,Ltd ဒါရိုက်တာများ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၀ပြည့်နှစ် မတ်လ ၅ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာများ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ KabaOo Trading Co.,Ltd အား ၅-၃-၂၀၂၀ရက်မှစ၍ ကုမ္ပဏီအားစာရင်းရှင်းလင်းဖျက်သိမ်းပါရန်ဆုံးဖြတ်ခဲ့ပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မှုံဝတ်ရည်သင်း**
**မန်နေဂျင်းဒါရိုက်တာ**
**KabaOo Trading Co.,Ltd**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ(၆)လမ်း၊ တိုက်အမှတ်(၄၀၉)က/ခ၊ တတိယထပ်(၄လွှာ)၊ ဝဲဘက်ခန်း၊ဧရိယာ အလျား ၁၉ ပေxအနံ၅၄ပေ အကျယ်အဝန်းရှိ ရေမီးစုံတိုက်ခန်းအား လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံရောင်းချသူ ဒေါ်မိမိရှိန် ၁၂/အလန(နိုင်)၀၁၉၇၆၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက လက်ရောက်ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဟိဏ်းနေစိုး**
**LL.B,M.A(Business Law)(Thesis),Dip; in Business Law,**
**Adv;Dip; in H.N.A(India),Dip; in Legal Studies(Ireland),**
**DL-101 ; WIPO (Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၀၂၈)**
**ဖုန်း-၀၉-၇၇၇၆၉၈၂၀၃**

### သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ကထိန်ဒါယကာကြီး

## ဦးအေးကိုဝင်း

**B.E (Civil) (Batch–1978)**

**အသက် (၆၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရော၀ဏ်အပြင်လမ်း၊ (၁)ရပ်ကွက်၊ အမှတ် (၁၄/ခ)နေ (ဦးဝင်းမောင်–ဒေါ်မြသွင်)တို့၏သား၊ (ဦးချို–ဒေါ်ဖွားရင်)တို့၏သားသမက်၊ (ဦးတင်အောင်ဝင်း)–ဒေါ်နှင်းရည်ကျော်၊ (ဦးအေးထွန်းဝင်း)–ဒေါ်ခင်စိုးဝင်း၊ ဒေါက်တာသိန်းဇော်ဝင်း–(ဒေါ်တင်တင်ဝေ)၊ ဦးနိုင်ဝင်းတို့၏ညီ၊ ဦးခင်မောင်ဝင်း–ဒေါ်မြင့်မြင့်သိန်း၊ ဦးစံထူးဝင်း–ဒေါ်စုထားလှိုင်တို့၏အစ်ကို၊ ဒေါ်ဖြူဖြူဝင်း၏ခင်ပွန်း၊ ဗိုလ်ကြီးညွန့်ဇော်အောင် – မနွယ်နီဝင်း၊ မငွေနွယ်ဝင်း၊ မအေးမြတ်မြတ်ဝင်းတို့၏ဖခင်၊ မခင်နှံ့သာစံ ၏အဘိုးသည် ၇–၅–၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၀၀:၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉–၅–၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျီးစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ(၉)အကွက်အမှတ်(၄–က/ဘူတာ ဈေးကွက်(၂))၊ ဦးပိုင်အမှတ်(၈/၃၅)၊ ဧရိယာ(၀ဒသမ ၀၈၉)ကေအား ဒေါ်လှလှနိုင် ၁၃/လရန(နိုင်)၁၁၁၄၄၅မှ ၎င်းအမည်ဖြင့် မြို့မြေခပေးဆောင်ထားသောပြေစာများဖြင့် မြေစာရင်းပုံစံ(၁၀၅/၁၀၆) ရေးဆွဲ၍ မြေငှားဂရန်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၁၅ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့(၁၂)ရပ်ကွက်၊ နယ်မြေ(၁၉)၊ အကွက်အမှတ် (၁၂/၇တိုးချဲ့)၊ ဦးပိုင်အမှတ်(၂၇၇)၊ ဧရိယာ(၀ဒသမ၀၉၆)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၅၇–၅/၂၀၀၃–၂၀၀၄(စီ)၊ ဦးထမ်းဆွမ် ၁၃/လရန(နိုင်)၀၂၆၆၆၄အမည်ပေါက်မြေကွက်အား ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်အေးချို ၁၃/လရန(နိုင်)၀၇၃၁၀၉မှ ဒေါ်ကိန်းချင်ရင် ၁၃/လရန(နိုင်)၀၇၃၇၆၈ထံသို့ စာချုပ်အမှတ်၊ ၁၁၁။/၂၀၂၀ဖြင့် ရောင်းချခဲ့ပြီးဖြစ်၍ ဒေါ်ကိန်းချင်ရင်အမည်ဖြင့် အမည်ပြောင်း၊ ထပ်မံအသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀ အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ညွန့်ရီ

**မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး**

**အသက်(၉၅)နှစ်**

ဦးတင်ထွဋ်ဦး(Independent Director–MTSH)–ဒေါ်ဥမ္မာသိန်းတို့၏မိခင်ဖြစ်သူ ဒေါ်ညွန့်ရီသည် ၅–၅–၂၀၂၀ရက် နံနက် ၀၀:၄၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**

**Myanmar Thilawa SEZ Holding Public Co.,Ltd.(MTSH)**

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးနေလင်းထွန်း

**အသက် (၂၈) နှစ်**

ပြည်တွင်းအခွန်များဦးစီးဌာန၊ ပန်းဘဲတန်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အကြီးတန်းစာရေး ဦးနေလင်းထွန်းသည် ၆–၅–၂၀၂၀ရက် ည ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ**

**ပန်းဘဲတန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး**

## သွေးသည် အသက်

### ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်း လာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများ ကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅–၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါး လုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## ကျေးဇူးအထူးတင်ရှိခြင်း

သူရဦးထွန်းတင် နိုင်ငံတော်ဝန်ကြီးချုပ်(ငြိမ်း) ဒုတိယဝန်ကြီးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း) မကျန်းမာစဉ်အတွင်း မိသားစုသဖွယ် အထူးဂရုစိုက်ကူညီစောင့်ရှောက်ပေးကြပါသော ဦးစိန်ရ (ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး(ငြိမ်း)နှင့်ဇနီး ဒေါ်အေးအေးစိုး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်စိုးဝင်းနှင့်ဇနီး ဒုဗိုလ်မှူးကြီး ဒေါ်ကေသီကျော်နှင့် မိခင် ဒေါ်နှင်းအေးခိုင်နှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျန်ရစ်သူမိသားစုများမှ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူဇနီးဒေါ်မြင့်မြင့်သိန်းနှင့် သားသမီး၊ မြေး၊ မြစ်များ**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးဟန်

**အသက် (၆၂)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ ပြည်သူ့အိုးအိမ်အိမ်ရာ၊ တိုက်(၁)၊ အခန်း (၁၀၄)နေ ဦးခင်မောင်စိန်၏ဇနီး၊ ဦးရန်မျိုးအောင်–ဒေါ်ယုမွန်ဟန်(အကြီးတန်းစာရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)တို့၏မိခင် ဒေါ်အေးအေးဟန်သည် ၆–၅–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)ည ၂၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ညွန့်ရီ အသက် (၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ်(D)၊ အခန်း (၂၀၂)နေ ဦးတင်ထွဋ်ဦး (ညွှန်ကြားရေးမှူးချုပ်–ငြိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)–ဒေါ်ဥမ္မာဟိန်းတို့၏ မိခင်ကြီး ဒေါ်ညွန့်ရီ အသက်(၉၅)နှစ်သည် ၅–၅–၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးတင့်ထွန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

### (၄)နှစ်ပြည့်အလွမ်း

**သာသနာ့ဒါယကာကြီး ဦးစန်းလှိုင် ပညာရေးမှူး(ငြိမ်း)**

**အမျိုးသားညီလာခံကိုယ်စားလှယ်**

**အသက်(၈၂)နှစ် ကလေးမြို့(ဂန့်ဂေါ–ဇာဟော)**

**(၈–၅–၂၀၁၆)–(၈–၅–၂၀၂၀)**

ဖေဖေ ခွဲထွက်သွားတာ(၄)နှစ်ကြာဝေး ဆွေးတသသ မေ့မရနိုင် ခိုင်ခိုင်မြဲလျက်(၅၄နှစ်) ဖူးစာရေစက် တွဲရက်ချိန်ခါ ကုသိုလ်ဒါနအတူတကွ ပြုခဲ့ကြအထူး ရည်စူးအခါခါရပါစေကြောင်း ဆုမွန်တောင်းသည်။ ထိုထိုကောင်းမှု နိဗ္ဗာန်ဆုမျှော်သာခုခေါ်ရမြင့်မြတ်ဌာန ဘုံဘဝတွင် ရွှင်ပျချမ်းမြေ့ရှိစေသော်။

**ကျန်ရစ်သူ–ချစ်ဇနီး ဒေါ်ညွန့်ညွန့်လှိုင်နှင့် ချစ်သော သား သမီး မြေးများ**

### အထူးကျေးဇူးတင်ရှိခြင်း

## ဒေါက်တာမြင့်မြင့်မေ

**အသက် (၈၅)နှစ်**

၂၆–၄–၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသော မိခင်ကြီး ဒေါက်တာမြင့်မြင့်မေ၏ နာရေးတွင် ဝိုင်းဝန်းကူညီပေးခဲ့ပါသော နာရေးကူညီမှုအသင်း(ရန်ကုန်)အားလည်းကောင်း၊ ရွာမနစ်ခြင်းအသင်းတော်မှ Rev: ဒေါက်တာ မောင်မောင်ရင်နှင့် ဆရာ ဦးတင်အောင်ရွှေ တို့အားလည်းကောင်း၊ ဝမ်းနည်းကြောင်းပေးပို့ပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆေးတက္ကသိုလ်(၂)၊ တပ်မတော်ဆေးတက္ကသိုလ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း (သားဖွားမီးယပ်ပညာအဖွဲ့)၊ SGED နှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

မိုးညှင်း၊ ဒီဂရီကောလိပ်၊ ကျောင်းအုပ်ကြီး ဒေါက်တာညွန့်စိုး အသက်(၅၈)နှစ်သည် ၄–၅–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်

ဒုတိယပါမောက္ခချုပ်များနှင့်

မိတ္ထီလာတက္ကသိုလ်မိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း

**မန်းမောင်မောင်သန်း B.A, B.Ed, SAT (ငြိမ်း)**

**အထက ဆပ်ကွင်း၊ ကန်ကြီးထောင့်မြို့နယ်**

**အသက် (၈၅)နှစ်**

နေပြည်တော် (ACE Group Of Companies) မှ ဦးစသန်းဦး–ဒေါ်ကြည်လဲ့လဲ့ဝင်းတို့၏ချစ်လှစွာသောဖခင်ကြီး မန်းမောင်မောင်သန်းသည် ၆–၅–၂၀၂၀ရက် နံနက် ၁၀:၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Store & Design Department**

**ACE Group Of Companies, Naypyitaw**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဆိုင်တီလ် (@)Daw Sai Tial**

**အသက် (၈၆) နှစ်**

ချင်းပြည်နယ် ဥပဒေချုပ် ဦးထန်ကျုံး(ခ)ဆန်နီဇာဟိုး၏ မိခင် ဒေါ်ဆိုင်တီလ်(@)Daw Sai Tail သည် ၆–၅–၂၀၂၀ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရှေ့နေချုပ်၊**
**ဒုတိယရှေ့နေချုပ် နှင့်**
**အရာထမ်း/အမှုထမ်းများ**

## ဒေါ်မြင့်မြင့်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့နေ (ဦးဝင်း–ဒေါ်တင်ကြွေ)တို့၏သမီး၊ (ဦးဘမှင်–ဒေါ်တင်ညွန့်)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၁)လမ်း၊ အမှတ်(၁၈)နေ (ဦးလှအောင်)၏ဇနီး၊ ရဲမှူးသိန်းဇော်(ငြိမ်း၊ သတင်းတပ်ဖွဲ့)၊ ဒေါက်တာသန်းသန်းနု (ပါမောက္ခ ဌာနမှူး၊ ရုက္ခဗေဒဌာန၊ တောင်ငူတက္ကသိုလ်)၊ ဦးမိုးဆက်–ဒေါက်တာ သင်းသင်းသွယ်၊ ဒေါက်တာတင်မာအောင်(ကထိက၊ ဓာတုဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)တို့၏ချစ်လှစွာသောမိခင်၊ ဝတီမိုးဆက်၊ မဒီမိုးဆက်တို့၏အဘွားသည် ၇–၅–၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၈:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၅–၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၃–၅–၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြားရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြညွန့် (တိုက်ကြီး)

**အသက် (၈၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နေ (ဦးဖိုးသောင်–ဒေါ်ထိုက်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးမောင်ကံ–ဒေါ်ငွေရီ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊အမှတ်(၆၇၆)၊မေတ္တာလမ်း၊(၉)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ (ဦးသောင်းထွန်း)၏ဇနီး၊ (ဦးမြမောင်–ဒေါ်မြဆိတ်)၊ (ဦးထွန်းမင်း–ဒေါ်ကျင်စိန်)၊ (ဦးကျော်သောင်း–ဒေါ်ပုတု)၊ (ဦးမြကြီး–ဒေါ်သန်းစိန်)တို့၏ညီမ၊ ဦးမြင့်ဇော်ထွန်း၊ ဒေါ်မာဇင်ထွန်း၊ ဒေါ်သန့်ဇင်ထွန်း၊ ဦးစိုးမြင့်ထွန်း ဒု–ညွှန်ချုပ်(ငြိမ်း)၊ဆည်မြောင်း–ဒေါ်ဖြူဇင်ထွန်း၊ ဒေါ်လဲ့ဇင်ထွန်းတို့၏မိခင်၊ မခန့်ဆုယဉ် 3rd MB၊ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၏ချစ်လှစွာသောဘွားဘွားကြီးသည် ၆–၅–၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈–၅–၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

YOMA Agriculture Group, YOMA Strategic Holding LTD. Chairman– ဦးတင်ထွဋ်ဦး–ဒေါ်ဥမ္မာဟိန်းနှင့် Myanmar Agri–Tech Ltd. (MAGT), Head of HR–ဦးဇော်လှမင်း–ဒေါ်ပို့ပို့တို့၏မိခင် ဒေါ်ညွန့်ရီသည် ၅–၅–၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MAGT မိသားစု**

## မောင်နေလင်းထွန်း

**အကြီးတန်းစာရေး၊ ပြည်တွင်းအခွန်များဦးစီးဌာန**

**အသက်(၂၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ ၅မိုင်ခွဲ၊ ဘဏ်ရိပ်သာ၊ အမှတ်(၆၄၃)၊ အခန်း(၄)နေ ဦးထွန်းလင်းအောင်(ဗဟိုဘဏ်)–ဒေါ်ငွေငွေစန်းတို့၏သား၊ မအေးသူအောင်(MAX Highway Co.,Ltd)၊ မလင်းလင်းငွေ(3rd Year ၊ သမဝါယမတက္ကသိုလ်၊ သန် လျင်)တို့၏အစ်ကိုသည် ၆–၅–၂၀၂၀ရက် ည ၇:၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈–၅–၂၀၂၀ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၁၂–၅–၂၀၂၀ရက် (အင်္ဂါနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြားရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးကျော်ဇံ

**(လက်ထောက်ညွှန်ကြားရေးမှူး–ငြိမ်း)၊ ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး**

**အသက်(၆၃)နှစ်**

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ စာကြည့်တိုက်လမ်း၊ အမှတ် စက(၄)နေ (ဦးမောင်ရွှေဦး)–ဒေါ်ခုံဆိတို့၏သား၊ (ဦးစောထွန်း–ဒေါ်မရီ)တို့၏သားသမက်၊ ဒေါ်ခင်မီမီကျော်(စာရင်းစစ်–၁၊ စစ်တွေမြို့နယ်စာရင်းစစ်ရုံး)–ဦးကျော်သီဟ၊ ဦးငြိမ်းကျော်မိုး(ခ)မိုးကျော်–ဒေါ်တင်မေထွန်း၊ ဦးစိုးဟန်ကျော်(ခ)ဟိန်းကြီး–ဒေါ်မိုးမိုးအေး၊ ဒေါ်ခင်မေမီကျော်–ဦးခင်ထွန်း၊ (မောင်မောင်ကျော်)၊ မောင်မင်းမင်းဇော်၊ မောင်မင်းထွန်းတို့၏ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ ဦးကျော်လှအောင်၊ ဦးဝေသာအောင်၊ (ဦးဉာဏဝံသ)၊ ဦးကြာပန်းအောင်တို့၏ညီ၊ ဦးကြာထွန်းအောင်၏အစ်ကို၊ (ဦးသိန်းထွန်း)၊ ဒေါ်အုံးခင်၊ ဒေါ်လှလှ၊ ဦးမောင်အေးသိန်း၊ (ဦးကျော်သာမောင်)၊ ဦးဟာဘု(ခ)ဦးမောင်လှထွန်း တို့၏ယောက်ဖ/မတ်တော်စပ်သူသည် ၆–၅–၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ သဖြင့် ၈–၅–၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အာဂျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ အလှူငွေ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုလ်ကလမ်း အမှတ် (၅) ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Dr. Nikolay Listopadov က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ ဇော်သန်းထွန်းထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက အလှူငွေကျပ် ၂၂ သိန်း ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ❑




ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက အလှူငွေကျပ် ၂၂ သိန်း ပေးအပ်လှူဒါန်းစဉ်။ ဓာတ်ပုံ - ဇော်မင်းလတ်

## လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အား Online မှ လျှောက်ထားနိုင်

**နေပြည်တော် မေ ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ/ မရှိ ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များမှ စစ်ဆေးနေစဉ်ကာလအတွင်း ယာယီအလုပ်ရပ်နားခဲ့ရသော လူမှုဖူလုံရေးအဖွဲ့နှင့် အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအတွက် ရပ်နားထားသည့် ရက်များအလိုက် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်အဖြစ် ခွင့်ပြုထုတ်ပေးမည်ဖြစ်သည်။

လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် လျှောက်ထားရာတွင် သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးများတွင်လည်းကောင်း၊ Online Web portal (https://www.ssbmyanmar.org) သို့ ဝင်ရောက်၍ လျှောက်ထားနိုင်သည်။

အလုပ်ရှင်များအနေဖြင့် လူမှုဖူလုံရေးအဖွဲ့၏ Online Web portal မှ လျှောက်ထားရန်အခက်အခဲရှိပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးနှင့် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) တယ်လီဖုန်း အမှတ် (၀၆၇-၃၄၁၇၁၅၁၊ ၀၆၇-၃၄၁၇၉၁၂၊ ၀၆၇-၃၄၁၇၉၂၅) သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

အေးချမ်းသာယာဖွံ့ဖြိုးဝေစည် ရခိုင်ပြည် ဖြစ်လာစေရန် အားသွန်ကြိုးပမ်းဆောင်ရွက်နေသည့် ရခိုင်ပြည်နယ် အစိုးရ အချုပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## ဘွန်ဒက်စ်လီဂါပွဲစဉ်များ မေ ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားမည်

ဂျာမန်ဘွန်ဒက်စ်လီဂါကို မေ ၁၆ ရက် (စနေနေ့) တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ဂျာမန်ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ခရစ္စတီယန် ဆီဖတ်က အတည်ပြုပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ယင်းနေ့တွင် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များမှာ ရှောလ်ကေးနှင့် ဒေါ့မွန်အသင်းတို့ ဆုံတွေ့နေပြီး လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းက တနင်္ဂနွေနေ့၌ ယူနီယန်ဘာလင် အိမ်ကွင်းတွင် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။



ထို့ကြောင့် ဘွန်ဒက်စ်လီဂါသည် ဥရောပတွင် ကိုဗစ်-၁၉ ကြောင့် ဘောလုံးပွဲများ ရပ်နားထားရာမှ ပြန်လည်စတင်သည့် ပထမဆုံး လိဂ်လည်းဖြစ်လာမည်ဖြစ်သည်။ ပြိုင်ပွဲများ အားလုံးကို ကွင်းပိတ် ကစားဖွယ်ရှိသည်။ ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပြီးဆုံးရန် ကိုးပွဲ ကျန်ရှိနေသေးချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းက ဒုတိယနေရာမှ ဒေါ့မွန်အသင်းထက် လေးမှတ် အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်သည်။

ဘိုင်ယန်မြူးနစ်အသင်း ဥက္ကဋ္ဌဖြစ်သူ ကားလ်ဟိန့်ဇ်ရူမင်နဂ်က ဘွန်ဒက်စ်လီဂါ ဘောလုံးပွဲစဉ်ကို ပြိုင်ပွဲပြီးဆုံးသည်အထိ ကျင်းပခွင့်ရလို့ ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၅* ✻

COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန် စာ ၈

နိုင်ငံ့ခေါင်းဆောင်တွေ တစ်နည်းတစ်ဖုံ ပါဝင်လာတဲ့ ကိုဗစ်-၁၉ ကုသဆေးကိစ္စ စာ ၁၄

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ စာ ၁၅

မြန်မာ့အလင်း
သောကြာ၊ မေ ၈၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# အေးချမ်းသာယာဖွံ့ဖြိုးဝေစည် ရခိုင်ပြည်ဖြစ်လာစေရန် အားသွန်ကြိုးပမ်းဆောင်ရွက်နေသည့် ရခိုင်ပြည်နယ်အစိုးရ

**သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ - စောမောင်သိန်း**

**သမိုင်းဆိုင်ရာ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အဖိုးတန် သဘာဝသယံဇာတ အရင်းအမြစ်များ၊ ငပလီကဲ့သို့ သာယာလှပသည့် နာမည်ကျော်ကမ်းခြေတို့ကို ပိုင်ဆိုင်ခွင့်ရရှိထားသည့် ရခိုင်ပြည်နယ်သည် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အခက်အခဲများနှင့် အခြေအနေအမျိုးမျိုးတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့သော ပြည်နယ်အဖြစ် တည်ရှိနေသည်။**

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စတင်တာဝန်ယူခဲ့သည့်အချိန်မှစ၍ ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် ကြုံတွေ့နေရသည့် အခက်အခဲအတားအဆီး စိန်ခေါ်မှုများကို ရင်ဆိုင်ဖြတ်သန်းရင်း ကြိုးစားဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် စတုတ္ထ (၁)နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။**

"ရခိုင်ပြည်နယ်ရဲ့ တိုးတက်ပြောင်းလဲမှုဖြစ်အောင် ဆောင်ရွက်တဲ့နေရာမှာ ပြည်နယ်အစိုးရအဖွဲ့ တစ်ခုတည်းနဲ့ မဟုတ်ဘဲ၊ ပြည်ထောင်စုအစိုးရရဲ့ ပံ့ပိုးထောက်ပံ့မှုတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ အခြားပံ့ပိုးကူညီသူတွေအပါအဝင် ပြည်သူတွေ ပူးပေါင်းပါဝင်မှုကြောင့် သိသာမြင်သာတဲ့ တိုးတက်ပြောင်းလဲမှုတွေရရှိခဲ့ပြီး စတုတ္ထ (၁)နှစ်တာမှာ တိုးတက်ပြောင်းလဲမှုတွေကို ဆက်ပြီး ဆောင်ရွက်လာနိုင်တဲ့ အနေအထားဖြစ်ပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာရန် အခြေခံအဆောက်အအုံ လိုအပ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်နေသည့်အပြင် ပြည်နယ်အစိုးရအဖွဲ့၏ ဘက်ပေါင်းစုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးမှုများကို မြင်တွေ့ရမည်ဖြစ်သည်။

အစိုးရအဖွဲ့၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရှိ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ လူမှုရေးဝန်ကြီးဌာန၊ ချင်းတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ ထောင့်စုံမှ ဟန်ချက်ညီညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

"အထူးသဖြင့် ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်မီး၊ ရေရရှိရေးနဲ့ လူမှုရေးကဏ္ဍ ဒီလို အဓိကကျတဲ့ အခြေခံအဆောက်အအုံတွေကို ဖြည့်ဆည်းနိုင်ခဲ့တာကို အားလုံးမြင်တွေ့နိုင်ပါတယ်။ တံတားကြီးတွေ ဆောက်နိုင်ခဲ့ပါတယ်။ လမ်းတွေဆို ရခိုင်ပြည်နယ် တစ်နံတစ်လျားကို တောက်လျှောက် ကုန်းလမ်းနဲ့ သွားနိုင်တဲ့ အနေအထားတွေ ရှိပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။

**လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန**

ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ စတုတ္ထ (၁) နှစ်တာကာလအတွင်း ရခိုင်ပြည်နယ်အတွင်းရှိ မူးယစ်ဆေးဝါးပြဿနာများ၊ ပဋိပက္ခအခြေအနေများနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၉ ခုနှစ်၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုပေါင်း ၁၈၀ နှင့် တရားခံ ၃၀၅ ဦး၊ ဆေးပြား ၇၉၉၇၉၁၂ ဒသမ ၅ ပြား၊ အကြေမှုန့် ၅၅၀၈ ဒသမ ၉ ဂရမ်၊ ဆေးခြောက် ၁၃၉၂၉ ဒသမ ၁ ဂရမ်၊ ဘိန်းမဲ ၈ ဂရမ်နှင့်

*အချပ်ပို (ခ) သို့*




ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု



၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြေပုံ-မင်းပြားလမ်းပေါ်ရှိ ကြပ်စင်တံတား (ပေ ၁၉၂၀) တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

*အချပ်ပို (က) မှ*

Alprazolam ဆေးပြား ၈၃၀၀ ဖမ်းဆီးရမိခဲ့ပြီး တရားမဝင် သွေးဆောင်ဖြားယောင်းမှု ၄၅ မှုနှင့် တရားခံ ၁၃၁ ဦးကို ဖမ်းဆီးရမိ အရေးယူနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများကို သစ္စာစီမံချက်ဖြင့် တစ်နှစ်တာကာလအတွင်း အသက် ၁၀ နှစ်ပြည့် ကတ်ပြားထုတ်ပေးမှု ၁၉၈၂၆ ဦးနှင့် အသက် ၁၈ နှစ်ပြည့် ထုတ်ပေးမှု ၂၅၉၃၆ ဦး စုစုပေါင်း ၄၅၇၆၂ ဦး၊ မြို့နယ်အလိုက် အခြေခံပညာကျောင်းများ၌ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၁၃၉ ဦးနှင့် အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၀၆၃ ဦး စုစုပေါင်း ၁၃၂၀၂ ဦးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး စိစစ်ထုတ်ပေးခြင်းလုပ်ငန်းကို စိစစ်ရေးလုပ်ငန်းစဉ် National Verification Process အရ နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် လျှောက်ထားမှုများကို ဥပဒေနှင့်အညီ အဆင့်ဆင့်စိစစ်၍ ဗဟိုအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရခိုင်ပြည်နယ်ရှိ မြို့နယ်များမှ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပုဒ်မ – ၆၅ အရ လျှောက်ထားလာသူများကို စိစစ်ထုတ်ပေးခဲ့ရာတွင် ဥပဒေအရ နိုင်ငံသား ၂၁ ဦးနှင့် နိုင်ငံသားပြုကတ်ပြားထုတ်ပေးခဲ့သူ ၁၃၅၇ ဦး စုစုပေါင်း ၁၃၇၈ ဦးတို့ကို စိစစ်ထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ထို့ပြင် ယခင်ထုတ်ပေးခဲ့သည့် ယာယီသက်သေခံလက်မှတ်များကို သိမ်းဆည်းပြီး နိုင်ငံသားဖြစ်ခွင့်ရရှိသူများအတွက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ခံရမည့်သူများကို နိုင်ငံသားစိစစ်ခံရမည့်သူများ၏ သက်သေခံကတ်ပြား National Verification Card ထုတ်ပေးခြင်း၊ နိုင်ငံခြားတိုင်းပြည်များတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလျက်ရှိသည့် မြန်မာနိုင်ငံသားများ ဖမ်းဆီးအရေးယူခံရခြင်း၊ လူကုန်ကူးခံရခြင်း၊ နိုင်ငံကူးလက်မှတ် လျှောက်ထားခြင်းများနှင့် ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းမြန်မာအလုပ်သမားများကို သာမန်မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းများကို စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ပေးခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း e-ID လုပ်ငန်းစဉ်ဖြင့် တစ်ဦးချင်းစီ၏ Biographic ဆိုင်ရာ ကိုယ်ရေးအချက်အလက်များ ကောက်ယူခြင်းနှင့် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်း



၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မင်းဘူး–အမ်း–စစ်တွေလမ်းပေါ်ရှိ ရာမောင်တံတား(၁၂၈၄ ဒသမ ၃ ပေ) တည်ဆောက်နေမှုကို တွေ့ရစဉ်။

**“ရခိုင်ပြည်နယ်အတွင်း ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ခြင်းကြောင့် လည်းကောင်း၊ ဓာတ်အားလိုင်းများနှင့် ဝေးကွာသည့် ကျေးရွာများကို ဆိုလာစနစ်၊ ဒီဇယ်စနစ်၊ စပါးခွံစနစ် စသည့် အခြားနည်းများဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်မှုများကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်စလုံးတွင် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာပေါင်း ၃၇၄၂ ရွာရှိသည့်အနက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ကျေးရွာ ၂၁၉၀ အထိ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲခွင့်ရရှိခဲ့”**

ဆိုင်ရာ တစ်ဦးချင်း၏ လက်ဆယ်ချောင်း လက်ဗွေရာရယူခြင်း၊ မျက်နှာနှင့် ရုပ်ရည်ပေါ်လွင်အောင် ဓာတ်ပုံရိုက်ကူးခြင်း၊ မျက်လုံးသူငယ်အိမ် မှတ်တမ်းရယူခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

### ဟိုတယ်နှင့် ခရီးသွားကဏ္ဍ

ရခိုင်ပြည်နယ်အတွင်း ခရီးသွားကဏ္ဍ တိုးတက်စေရန် ခရီးစဉ်ဒေသများဖြစ်သော စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ ဂွနှင့် ငပလီမြို့တို့တွင် ဟိုတယ် ၇ ခုနှင့် အိပ်ခန်းပေါင်း ၂၄၃ ခန်း၊ တည်းခိုရိပ်သာ ၁၇ ခုနှင့် အိပ်ခန်းပေါင်း ၃၂၀ ၊ ခရီးလှည့်လည်ရေးလုပ်ငန်း လိုင်စင် သုံးခု ထပ်မံခွင့်ပြုပေးခဲ့သည့်အတွက် ပြည်နယ်အတွင်း ဟိုတယ် ၄၆ လုံးနှင့် အိပ်ခန်းပေါင်း ၁၈၆၆ ခန်း၊ တည်းခိုခန်း ၄၈ လုံးနှင့် အိပ်ခန်းပေါင်း ၁၀၀၅ ခန်း၊ ခရီးလှည့်လည်ရေးလုပ်ငန်း ၉ ခုတို့ဖြင့် ခရီးသွားလာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနက ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ငပလီကမ်းခြေသို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်လာစေရန်၊ ငပလီကမ်းခြေဒေသတွင် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် “ငပလီကမ်းခြေ ဆောင်းဦးပွဲတော် Ngapali Beach Autumn Festival 2019” ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်တွင် ရိုးရာအားကစားပြိုင်ပွဲများ၊ ရိုးရာအစားအစာပြပွဲများနှင့် ဒေသထွက်ကုန်လက်မှုပစ္စည်းများ ရောင်းချခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

ပြည်နယ်အတွင်းရှိ ခရီးစဉ်ဒေသအသီးသီးတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျဖြင့် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်နိုင်ရေးနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်နွှယ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်ရေးအတွက် ရည်ရွယ်၍ “Rakhine State Tourism Master Plan (2020 – 2030)”ကို ရေးဆွဲနိုင်ရေး ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ Tourism Master Plan ရေးဆွဲနိုင်ရန်အတွက် အထောက်အကူပြု အစီအစဉ်တစ်ခုဖြစ်သည့် အလုပ်ရုံဆွေးနွေးပွဲကို “Comprehensive Strategy for Responsible and Sustainable Tourism Development for Rakhine State 2020 – 2030” ခေါင်းစဉ်ဖြင့် ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီမြို့ရှိ Amazing Ngapali Resort ဟိုတယ်တွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၅ ရက်မှ ၂၆ ရက်ထိ နှစ်ရက်တိုင် ကျင်းပခဲ့သည်။

### ရင်းနှီးမြှုပ်နှံမှုကဏ္ဍ

၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ငွေကျပ် သန်း ၂၀၃၃ ဒသမ ၇၈၀ ပမာဏရှိ စက်မှုလုပ်ငန်း ၁ ခု၊ ငွေကျပ် ၂၁၀၄ ဒသမ၅ သန်း ပမာဏရှိ ဟိုတယ်လုပ်ငန်း တစ်ခုနှင့် အမေရိကန်ဒေါ်လာ နှစ်သန်း ပမာဏရှိ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု စက်မှုလုပ်ငန်း တစ်ခု စုစုပေါင်းလုပ်ငန်း သုံးခုကို အတည်ပြုမိန့်ထုတ်ပေးခဲ့ပြီး ၎င်းလုပ်ငန်းများ၏ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု တန်ဖိုး ငွေကျပ် ၄၁၃၈ ဒသမ ၂၈ သန်း၊ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ နှစ်သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်း စုစုပေါင်း ၄၀၃ ဦး ဖန်တီးပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွက် စီမံကိန်းရည်မှန်းချက်တွင် ရခိုင်ပြည်နယ်၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးမှာ နှစ်အလိုက်နှုန်းအရ ငွေကျပ် ၅၀၁၀၂၈၂ ဒသမ ၁ သန်း ရည်မှန်းထားရာမှ ပထမ သုံးလပတ်ကုန်အထိ ငွေကျပ် ၁၈၂၉၁၀၁ ဒသမ ၆ သန်း ရရှိခဲ့ပြီး စီမံကိန်းရည်မှန်းချက်အပေါ် ၃၆ ဒသမ ၅ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပုံမှန်နှုန်းအနေဖြင့် ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သဖြင့် လူတစ်ဦးချင်းစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို နှစ်အလိုက်နှုန်းအရ ငွေကျပ် ၁၄၉၉၁၈၆ ဖြစ်ပေါ်လာရန် ရည်မှန်းလုပ်ဆောင်လျက်ရှိသည်။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် BXT International Ltd တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စစ်တွေမြို့ ကစ္ဆပနဒီ မြစ်ကမ်းတစ်လျှောက်မြေဖို့မြေယာဖော်ထုတ်ခြင်းစီမံကိန်းသည် ၁၀၀ ရာခိုင်နှုန်းပြီးစီး၍ ပြည်နယ်အစိုးရအဖွဲ့မှ ရရှိသည့် မြေဧရိယာ ၁၃ ဒသမ ၆၁၄ ဧကခန့်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် EOI ခေါ်ယူခဲ့ပြီး အင်းပေါက်ဝကုမ္ပဏီကို အတည်ပြုရွေးချယ်ခဲ့သည်။

၎င်းကုမ္ပဏီ၏ စီမံကိန်းမြေနေရာမှာ Sittwe Gispa River Development Project အနေဖြင့် ဆိပ်ကမ်းအပါအဝင် ဈေးဆိုင်ခန်းများ၊ Business Center များ တည်ဆောက်ရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကညင်ချောင်းစီးပွားရေးဇုန်ကို ၂၀၁၇ ခုနှစ်မှစတင်၍ ပြည်နယ်အစိုးရအဖွဲ့ ထည့်ဝင်ငွေ ၆၅ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကမှ ထည့်ဝင်ငွေ ၃၅ ရာခိုင်နှုန်းဖြင့် အကောင်အထည်ဖော်ခဲ့ရာမှ လုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည့်အတွက် ကညင်ချောင်းစီးပွားရေးဇုန်ကို ၂၀၂၀ ပြည့်နှစ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါ ကညင်ချောင်းစီးပွားရေးဇုန် ဖွင့်လှစ်ပြီးပါက စီးပွားရေးဇုန်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ လျင်မြန်သွက်လက်မြန်ဆန်စွာ အချိန်တိုအတွင်း ပြီးစီးနိုင်အောင် One Stop Service စနစ်ဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် CITIC GROUP ဥက္ကဋ္ဌတို့ Exchange of Letter (EOL) ကို ၁၀–၄– ၂၀၁၇ ရက်တွင်လည်းကောင်း၊ မူဘောင်သဘောတူညီချက်ကို ၈– ၁၁– ၂၀၁၈ ရက်တွင် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၏ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း ၁၈–၁–၂၀၂၀ ရက်တွင် ကျောက်ဖြူအထူး စီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းဆိုင်ရာ သဘောတူစာချုပ်နှင့် အစုရှယ်ယာများနှင့်သက်ဆိုင်သော သဘောတူစာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

### ယဉ်ကျေးမှုကဏ္ဍ

ရခိုင်ပြည်နယ်၏ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်ဒေသဖြစ်သည့် မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဌာနဝန်ထမ်းများနှင့် UNESCO မှ ပညာရှင်များ ညှိနှိုင်းပူးပေါင်း၍ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် Nomination Dossier Draft (မူကြမ်း) တင်သွင်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်တွင် အဆိုပါမူကြမ်းကို ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) သို့ တင်ပြထားပြီးဖြစ်သည်။

*အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

**ကျေးလက်မီးလင်းရေးနှင့် ဒေသဖွံ့ဖြိုးရေး ကဏ္ဍ**

ရခိုင်ပြည်နယ်အတွင်း ကျေးလက်မီးလင်းရေးလုပ်ငန်းများကို မြို့နယ် ၁၆ မြို့နယ်တွင် လူနေအိမ်များအပြင် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် လမ်းမီးလင်းရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက်အိမ်ရာ အလုံးရေ ၂၀၀ ကို ကုန်ကျငွေကျပ် ၁၃၉၇ ဒသမ ၁၆ သန်း အကုန်ကျခံတည်ဆောက်ပေးခဲ့သည်။

အလားတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မှုအနေဖြင့် မြို့နယ် ရှစ်မြို့နယ်တွင် ကျေးရွာ(ယူနစ်) ၁၀ ယူနစ်၊ အကျိုးပြုကျေးရွာ ၁၂ ရွာကို မတည်ရန်ပုံငွေ ကျပ်သန်း ၃၆၀ မတည်ပေးနိုင်ခဲ့ပြီး ကျေးလက်ရေပေးဝေရေး လုပ်ငန်းကို မြို့နယ် ၁၇ မြို့နယ်နှင့် ကျေးရွာ ၄၆၂ ရွာတွင် လုပ်ငန်း ၄၇၅ ခုကို ခွင့်ပြုရန်ပုံငွေ ကျပ် ၇၃၄၈ ဒသမ ၈၉၉ သန်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း စီမံကိန်းလုပ်ငန်းကို မြို့နယ် ၁၃ မြို့နယ်တွင် စီမံချက်ရေးဆွဲသည့် ကျေးရွာ ၄၁၈၀ ရွာ၌ လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို နိုင်ငံတော် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ဖြင့် ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အလားတူ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို မြို့နယ် ၁၇ မြို့နယ်တွင် သင်တန်း ၅၆ ကြိမ်နှင့် သင်တန်းသားဦးရေ ၁၁၅၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

**စိုက်ပျိုးရေးကဏ္ဍ**

ရခိုင်ပြည်နယ်တွင် ၂၀၁၉ – ၂၀၂၀ ခုနှစ်တွင် စိုက်ဧက ၁၀၀၅၅၆၂ ဧကနှင့် ရိတ်သိမ်းဧက ၉၉၅၇၅၄ ဧက၊ တစ်ဧက အထွက်နှုန်း ၆၁ ဒသမ ၇၉ တင်း စုစုပေါင်းအထွက်နှုန်း ၆၁၅၂၆၀၀၂ တင်းထွက်ရှိခဲ့သည်။ ၂၀၁၈ – ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ခဲ့လျှင် စိုက်ဧက ၁၇၈၈၀၊ ရိတ်ဧက ၂၇၆၈၆ ဧကနှင့် စုစုပေါင်း အထွက်တင်း ၁၅၂၈၄၂၅ တင်းအထိ လျော့နည်းခဲ့သော်လည်း ဆန်ဖူလုံမှုအနေဖြင့် ၁၂၄ ဒသမ ၆၄ ရာခိုင်နှုန်း ရှိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် ပေါင်းစည်းလယ်ယာစနစ်အတွက် စစ်တွေမြို့နယ် အောင်ဒိုင်ကျေးရွာအုပ်စုရှိ မြေဧရိယာ ၁၀ ဧကတွင် Sufficiency Economy Philosophy (SEP) အခြေပြု Community Development Center ဆောက်လုပ်ရေးလုပ်ငန်းများ စတင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**သစ်တောကဏ္ဍ**

သစ်တောကဏ္ဍအနေဖြင့် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ သစ်တောကြိုးဝိုင်း ၁၄ ခု၊ ကြိုးပြင်ကာကွယ်တော ၂၅ ခုနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ တစ်ခု စုစုပေါင်း ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၀ နှင့် ဧရိယာ ၂၅၃၆၈၅၈ ဒသမ ၆၃ ဧကကို ဖွဲ့စည်းထားပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကြိုးပြင်ကာကွယ်တော ငါးခုနှင့် ဧရိယာ ၁၂၂၃၁၆ ဧကကို ထပ်မံတိုးချဲ့သတ်မှတ်နိုင်ခဲ့သဖြင့် ၂၀၁၉ ခုနှစ်အထိ ရခိုင် ပြည်နယ်တွင် စုစုပေါင်း ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေး နယ်မြေ ၄၅ ခုနှင့် ဧရိယာ ၂၆၅၉၁၇၄ ဒသမ ၆၃ ဧကကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။

**ဆည်မြောင်းကဏ္ဍ**

ရခိုင်ပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ရေကြီးနစ်မြုပ်မှုကာကွယ်ရေး၊ ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရေး၊ သောက်သုံးရေရရှိရေးလုပ်ငန်းများအတွက် ရေငန်တားတာများ တည်ဆောက်ပြုပြင်ခြင်း၊ ဆည်၊ ကန်ရေလှောင် တမံများပြုပြင်ခြင်း၊ လျှိုပိတ်ဆည်များ တည်ဆောက်ခြင်း၊ ရေတံခါးများ တည်ဆောက်ခြင်းနှင့် လယ်သမားတာ(ကာရီ)များ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ – ၂၀၂၀ ခုနှစ်တွင် စုစုပေါင်းလုပ်ငန်း ၁၄၆ ခုကို ခွင့်ပြုရန်ပုံ ငွေကျပ် ၁၉၄၅၁ ဒသမ ၈၂၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။



၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရသေ့တောင်မြို့နယ် ဘူးသီးတောင်–အငူမော်လမ်း မြေသားလမ်းချဲ့ခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

**လယ်ယာမြေ စီမံခန့်ခွဲမှု**

ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် စတုတ္ထ (၁)နှစ်တာကာလအတွက် အစည်းအဝေး လေးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အမှုတွဲ ၁၇၄ တွဲကို ဆွေးနွေးဆုံးဖြတ်နိုင်ခဲ့သည်။ ၎င်းအမှုတွဲများအနက် လယ ၃၀ (က) ခွင့်ပြုပေးသည့် အမှုတွဲ ၁၄ တွဲနှင့် ဧရိယာ ၅၉ ဒသမ ၈၄ ဧက၊ လယ ၃၀ (ခ) ခွင့်ပြုပေးသည့် အမှုတွဲ ၂၃ တွဲနှင့် ဧရိယာ ၁၂၆ ဒသမ ၆၈ ဧကတို့ကို လုပ်ပိုင်ခွင့်ပြုခဲ့သည်။ ပုံစံ (၇) ထုတ်ပေးနိုင်မှုအနေဖြင့် စတုတ္ထ (၁)နှစ်တာကာလအတွင်း တောင်သူ ၁၁၅၇ ဦးအတွက် ဧရိယာ ၅၇၉၇ ဧကကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ–၇) ထုတ်ပေးနိုင်ခဲ့သည်။

ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အနေဖြင့် စတုတ္ထ(၁)နှစ်တာကာလအတွင်း အစည်းအဝေး (၄)ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ဗဟို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီမှ မြေလွတ်၊ မြေရိုင်း ဧရိယာ ၃ ဒသမ ၉၅ ဧကကို တောင်သူ လေးဦးသို့ လုပ်ပိုင်ခွင့် ချထားပေးခဲ့ကြောင်းနှင့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီမှ မြေလွတ်၊ မြေရိုင်း ဧရိယာ ၅၇၅ ဒသမ ၃၀ ဧကကို တောင်သူ ၆၇ ဦးသို့ လုပ်ပိုင်ခွင့် ခွင့်ပြုပေးထားနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း (၁) မှ (၁၈)အထိ အမှုတွဲပေါင်း ၈၄၂ မှုအနက် ၇၅၅ မှု ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ၈၇ မှု ကျန်ရှိခဲ့သည်။ လက်ကျန် ၈၇ ခုမှုအပေါ်တွင် ရခိုင်ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် အမှုပေါင်း ၇၄ မှု ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ဖြေရှင်းဆောင်ရွက်ဆဲအမှု ၁၃ မှုသာ ကျန်ရှိသည်။

ရခိုင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် ဗဟိုကော်မတီမှ လွှဲပြောင်းပေးပို့လာသော မြေယာတိုင်ကြားစာ ၄၁၆ စောင်အနက် ၃၀၇ စောင်ကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖြေရှင်းဆောင်ရွက်နေဆဲ ၁၀၉ စောင်သာ ကျန်ရှိသည်။ ကျန်ရှိသည့် ၁၀၉ စောင်ကို ၂၀၂၀ ပြည့်နှစ်အကုန်တွင် အပြီးဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တိုက်ရိုက်တိုင်ကြားစာ ၃၃၆ စောင်အနက် ၂၈၄ စောင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖြေရှင်းဆောင်ရွက်ဆဲ ၅၂ စောင်ကျန်ရှိသည်။ ကျန်ရှိသည့် ၅၂ စောင်ကို ၂၀၂၀ ပြည့်နှစ်တွင် အပြီးဖြေရှင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(၄)နှစ်တာကာလအတွင်း သိမ်းဆည်းမြေများထဲမှ အမှုတွဲ ၃၂၃ တွဲပါ မြေဧရိယာ ၃၀၆၉၆ ဒသမ ၃၃၇ ဧကကို ပြန်လည်စွန့်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာ မူရင်းပိုင်ရှင်တောင်သူ ၄၃၇၃ ဦးနှင့် ဌာန၊ အဖွဲ့အစည်းများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် သိမ်းဆည်းမြေများနှင့်ပတ်သက်၍ ဗဟိုကော်မတီမှ ပေးပို့သည့် အမှုတွဲများအနက် ပြန်လည်စွန့်လွှတ်နိုင်ခြင်း မရှိသဖြင့် လျော်ကြေး၊ နစ်နာကြေးပေးအပ်မှုအနေဖြင့် အမှုတွဲပေါင်း ၁၈ တွဲရှိပြီး တောင်သူ ၆၂ ဦး၏ မြေဧရိယာ ၁၆၃ ဒသမ ၇၉၈ ဧကအတွက် လျော်ကြေး၊ နစ်နာကြေး ငွေကျပ်သန်းပေါင်း ၁၅၀၆ ဒသမ ၆၆၂ သန်းကို ပေးလျော်ခဲ့ပြီးဖြစ်သည်။ ပြည်နယ်ကော်မတီသို့ တိုက်ရိုက်တိုင်ကြားသည့် အမှုတွဲများအနက် ပြန်လည်စွန့်လွှတ်နိုင်ခြင်း မရှိသဖြင့် လျော်ကြေး၊ နစ်နာကြေးပေးအပ်မှုအနေဖြင့် အမှုတွဲပေါင်း နှစ်တွဲရှိပြီး တောင်သူ ၂၈ ဦး၏ မြေနေရာ ဧက ၁၁၇ ဒသမ ၆၀ အတွက် လျော်ကြေး၊ နစ်နာကြေး ငွေကျပ်သန်းပေါင်း ၄၃၉ ဒသမ ၅၀ ကို ပေးအပ်ခဲ့ပြီးဖြစ်သည်။

**လျှပ်စစ်ကဏ္ဍ**

ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ကဏ္ဍ တိုးတက်ရရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ အရှိန်အဟုန်မြှင့် တိုးတက်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တွင် ၅၈ ရာခိုင်နှုန်းကျော် လျှပ်စစ်မီးသုံးစွဲနိုင်ကြပြီဖြစ်သည်။

“လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးနဲ့ ပတ်သက်ပြီး သိသာမြင်သာတဲ့ တိုးတက်ပြောင်းလဲမှုတွေ အများကြီးရှိခဲ့ပါတယ်။ ပြည်နယ်ဟာ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေထက်ပိုပြီး အပြောင်းအလဲ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ကျေးရွာတွေအပါအဝင် ၅၀ ရာခိုင်နှုန်း မီးလင်းတဲ့ အထိမ်းအမှတ်တွေ လုပ်နေတဲ့ အချိန်အခါမှာ ကျွန်တော်တို့က ၅၈ ရာခိုင်နှုန်းကျော် မီးလင်းနိုင်ခဲ့တဲ့ အနေအထားရှိပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။

ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် မာန်အောင်မြို့နယ်ကို ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆိုလာ၊ ဒီဇယ်နှင့် စွမ်းအင်သိုလှောင်မှုစနစ် PV (0. 5) MW (Hybrid System) ဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါ်စကိုဒေဝူးကော်ပိုရေးရှင်းတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်း Phase–1 ပြီးစီးခဲ့ပြီး ၁၃– ၁၁– ၂၀၁၉ ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာ လေးရွာသို့ မီးသုံးသူ ၁၄၁၇ဦးတို့အား နေရောင်ခြည်ရရှိမှုပေါ် မူတည်ပြီး ၁၃–၃–၂၀၂၀ ရက်မှစတင်ကာ ၂၄ နာရီဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ၁၁ ကေဗွီဓာတ်အားလိုင်း ၁၆၂ ဒသမ ၉ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၁၀ ဒသမ ၅၁ မိုင်နှင့် ၁၁ / ၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၂၃၃ လုံး တိုးချဲ့တပ်ဆင်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နယ်စပ်ဒေသဖြစ်သည့် မောင်တောဒေသတွင် JICA အစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ ၆၆ /၃၃ ၊ ၆၆/ ၃၃ ၊ ၁၁ ကေဗွီ ၁၀ အမ်ဘီအေ ဓာတ်အားခွဲရုံကို ကြိမ်ချောင်းတွင် တည်ဆောက်လျက်ရှိပြီး ကြိမ်ချောင်းနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၁၆ ရွာ၊ အိမ်ထောင်စု ၁၄၅၃ စုကို ယခုနှစ်ထဲတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

သံတွဲမြို့နယ် ကျောက်ကြီးကျေးရွာတွင် JICA အစီအစဉ်ဖြင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၆ ဒသမ ၆၇ မိုင်၊ ၆၆ / ၁၁ ကေဗွီ ၁၀ အမ်ဘီအေ ဓာတ်အားခွဲရုံကို တည်ဆောက်ပြီး အနီးပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၆၉ ရွာရှိ အိမ်ထောင်စု ၄၇၄၈ စုကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

အမ်းမြို့နယ် ကန်စွန်းကိုင်းကျေးရွာတွင် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၄ ဒသမ ၅၁ မိုင်၊ ၃၃ / ၁၁ ကေဗွီ ၅ အမ်ဘီအေ ဓာတ်အားခွဲရုံ တည်ဆောက်ပြီး ကန်စွန်းကိုင်းကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာ ၅၃ ရွာရှိ အိမ်ထောင်စု ၄၂၆၉ စုကို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

“မဟာဓာတ်အားလိုင်းစနစ်နဲ့ ရခိုင်ပြည်နယ်အတွင်းမှာ မီးရရှိရေး ဆောင်ရွက်တဲ့ နေရာမှာ ယခုနှစ် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရမ်းဗြဲ၊ သံတွဲနှင့် အမ်း မြို့နယ်တွေမှာရှိတဲ့ ကျေးရွာ ၁၇ ရွာ ကို မီးရရှိရေးအတွက် ဆက်လက်ပြီး ဆောင်ရွက်နေတဲ့ အနေအထားရှိပါတယ်။ ဒီနှစ်အတွင်းမှာကို ဓာတ်အားစနစ်ရရှိသွားမှာဖြစ်ပါတယ်” ဟု ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ရခိုင်ပြည်နယ်အတွင်း ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ တိုးချဲ့ တည်ဆောက်ပေးနိုင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ဓာတ်အားလိုင်းများနှင့် ဝေးကွာသည့် ကျေးရွာများကို ဆိုလာစနစ်၊ ဒီဇယ်စနစ်၊ စပါးခွံစနစ် စသည့် အခြားနည်းများဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်မှုများကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်စလုံးတွင် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာပေါင်း ၃၇၄၂ ရွာရှိသည့်အနက် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ကျေးရွာ ၂၁၉၀ အထိ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲခွင့်ရရှိခဲ့ပြီဖြစ်သည်။

**ကျေးလက်လမ်းများ**

ပြည်နယ်လမ်းဦးစီးဌာနအနေဖြင့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း ၃၅ မိုင် ၁ ဖာလုံ၊ ကတ္တရာလမ်း ၁၃ မိုင် ၆ ဖာလုံ၊ ကျောက်ချောလမ်း ၃၆ မိုင် ၆ ဖာလုံ၊ အမာခံလမ်း ၇၀ မိုင် ၄ ဖာလုံ၊ မြေလမ်း ၁၆ မိုင် ၂ ဖာလုံ ဆောင်ရွက်နိုင်ခဲ့ပြီး တံတား အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းအနေဖြင့် ပေ ၁၈၀ အောက်တံတား ၂၆၈ စင်း၊ ပေ ၁၈၀ နှင့်အထက် တံတား ငါးစင်း စုစုပေါင်း ၂၇၃ စင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

ပေ ၁၀၀၀ အထက် စီမံကိန်းဝင် တံတားကြီးများဖြစ်သော မြေပုံ – မင်းပြားလမ်းပေါ်ရှိ ကြပ်စင်မြစ်ကူးတံတား ပေ ၁၉၂၀ နှင့် စစ်တွေမြို့နယ် ဆက်ရိုးကျတံတား ၁၆၄၂ ပေ တို့ကိုလည်းကောင်း၊ ပေ ၁၈၀ အထက် တံတားများဖြစ်သော မင်းဘူး – အမ်း – စစ်တွေ လမ်းပေါ်ရှိ ဒါးလက်ချောင်းတံတား ပေ ၉၆၀ နှင့် တိမ်ညိုတံတား ပေ ၃၆၀ တို့ကို သံကူကွန်ကရစ်တံတားများအဖြစ် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး တည်ဆောက်ဆဲပေ ၁၀၀၀ နှင့်အထက် တံတားစီမံကိန်းကြီးများအနေဖြင့် မင်းဘူး – အမ်း – စစ်တွေ လမ်းမပေါ်ရှိ ရာမောင်တံတား(၁၂၅၆ ပေ ၇ လက်မ) နှင့် ကင်းမြောက်လမ်းပေါ်ရှိ ကင်းချောင်းတံတား (၁၂၅၆ ပေ ၇ လက်မ)တို့ကို ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၉၂၀၀ ဖြင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးရေး လျာထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပြည်နယ်တစ်ခုလုံး အတိုင်းအတာအရ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျသော မောင်တောဒေသ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အဓိကအရေးပါသော ပုဏ္ဏားကျွန်း– ရသေ့တောင် – ဘူးသီးတောင်လမ်း ၅၇ မိုင် ၂ ဖာလုံကို လမ်း၊ တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပုဏ္ဏားကျွန်း – ရသေ့တောင် လမ်းပေါ်ရှိ ရသေ့တောင်ချောင်းတံတား ပေ ၈၈၀ ၊ ရသေ့တောင် – ဘူးသီးတောင်လမ်းပေါ်ရှိ စိုင်းဒင်ချောင်းတံတား ပေ ၆၀၀ ၊ ရွာဟောင်းချောင်း တံတား ပေ ၂၈၀ ၊ ငစံပေါ်တံတား ပေ ၂၁၀ နှင့် သောင်းဒရာချောင်းတံတား ပေ ၅၀၀ တို့ကို တည်ဆောက်ခဲ့ပြီး အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောဒေသ၏ လမ်းကွန်ရက်များ ပိုမိုချိတ်ဆက်မြန်ဆန်စေရေး မေယုတောင်တန်း၏ အရှေ့နှင့် အနောက်တို့ကို ဆက်သွယ်ပေးမည့် မေယုတောင်ကျော်လမ်းများဖြစ်သည့် ကျောက်ပန္နူ – အင်းဒင် – စေတီပြင်လမ်း၊ ကြိမ်ချောင်း – ဂုပ္ပိလမ်း၊ ဥဒေါင်း – ညောင် ချောင်းလမ်း၊ သက်ကိုင်ညာ – ပဒဂါးလမ်းတို့ကို ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်၍ လမ်းသစ် ဖောက်လုပ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါ မေယုတောင်ကျော်လမ်း ၄ လမ်းကို ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းအဆင့်သို့ ရောက်ရှိအောင် နိုင်ငံတော်ဘဏ္ဍာငွေများ၊ ဂျပန်နိုင်ငံချေးငွေ (JICA ODA Loan) များဖြင့် ၁၈ ပေ အကျယ် ကွန်ကရစ်လမ်း ၆ မိုင် ၄ ဖာလုံ၊ အမာခံလမ်း ၂၅ မိုင် ၇ ဖာလုံနှင့် မြေလမ်း ၉ မိုင် ၄ ဖာလုံ တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

*အချပ်ပို (ဃ) သို့*

*အချပ်ပို (ဂ) မှ*

ထို့ပြင် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရေးအတွက် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၊ ပြည်နယ် ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောက်ခင်းလမ်း ခင်းခြင်း၊ မြေသားလမ်းခင်းခြင်း၊ အမာခံလမ်းခင်းခြင်း၊ ပေ ၅၀ နှင့်အထက် တံတား ၁၇ စင်း တည်ဆောက်ခြင်း၊ ပေ ၅၀ အောက် တံတားနှင့် ရေပြွန် ၂၃၆ စင်း တည်ဆောက်ခြင်း၊ အခြားလုပ်ငန်း ခုနစ်ခု တို့ကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြစ်၊ ချောင်း၊ ကမ်းပါးများ ဒီရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျောက်စီမြေထိန်းနံရံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း၊ ကျောက်စီလိုင်းကာ ပြန်လည်ပြုပြင်ရေးလုပ်ငန်းနှင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းစသည့် လုပ်ငန်း ၁၆ ခုကို ခွင့်ပြုငွေကျပ် ၃၃၁၄ ဒသမ ၈၀၈ သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ရေကြောင်းခရီးစဉ်များ အဆင်ပြေချောမွေ့စေရန်အတွက် ဂျပန်နိုင်ငံမှ ထောက်ပံ့ကူညီခဲ့သော ကစ္ဆပနဒီအမြန်ရေယာဉ် သုံးစင်းဖြင့် စစ်တွေ–မြေပုံ–ကျောက်ဖြူခရီးစဉ်ကို ပြေးဆွဲပေးလျက်ရှိသည်။

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံမှ စီမံကိန်း တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၄၈၄ သန်းခန့် အကုန်အကျခံတည်ဆောက်နေသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်း သယ်ယူပို့ဆောင်ရေးစီမံကိန်း စစ်တွေဆိပ်ခံတံတားကို ၁၉ – ၁၂ – ၂၀၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ စစ်တွေဆိပ်ခံတံတားသည် GRT တန်ချိန် ၂၀၀၀၀ ရှိ ပင်လယ်ကူးသင်္ဘောကြီးများဆိုက်ကပ်နိုင်ပြီး စစ်တွေဆိပ်ကမ်းမှ တစ်ဆင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် တည်ဆောက်ပြီးစီးပြီဖြစ်သော ပလက်ဝဆိပ်ခံတံတားအထိ ရေလမ်း ၁၅၈ ကီလိုမီတာနှင့် ပလက်ဝမှ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အထိ ကုန်းလမ်းမိုင် ၁၂၂ ကီလိုမီတာကို အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိပြီး ယခုအခါ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်း သယ်ယူပို့ဆောင်ရေးစီမံကိန်း စစ်တွေဆိပ်ခံတံတားကို လုပ်ငန်းလည်ပတ်အသုံးပြုနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိရာမှ မကြာမီကာလအတွင်း ကမ်းရိုးတန်းသွားသင်္ဘောများနှင့် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်အသုံးပြုနိုင်တော့မည် ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်၏ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများမှာ အလွန်အရေးပါသော ဆိပ်ခံတံတားတစ်စင်းအဖြစ် ပေါ်ထွန်းလာတော့မည် ဖြစ်သည်။

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် စတုတ္ထ (၁)နှစ်တာကာလအတွင်း မြို့ပြကတ္တရာလမ်း ၂ မိုင် ၇ ဒသမ ၃၉၃ ဖာလုံ၊ ကျောက်ချောလမ်း ၇ မိုင် ၅ ဒသမ ၂၅ ဖာလုံ၊ ကွန်ကရစ်လမ်း ၁၄ မိုင် ၁ ဒသမ ၁၃၆ ဖာလုံ၊ အခြား ၈၇ စု၊ စုစုပေါင်းလမ်းအရှည် ၂၄ မိုင် ၅ ဒသမ ၇၇၉ ဖာလုံကို သုံးစွဲငွေကျပ် သန်းပေါင်း ၁၃၄၀၆ ဒသမ ၇၉၈ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး မြို့ပြကွန်ကရစ်တံတား ၆၇ စင်း၊ ရေပြွန် ၉၂ စင်း၊ အခြား ရှစ်ခု၊ စုစုပေါင်း ၁၆၇ ခုကို ငွေကျပ် ၁၅၀၈ ဒသမ ၃၇၁ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။ မြို့ရေပေးဝေရေးအနေဖြင့် အခြားရေပေးဝေရေးနှင့် ဆက်စပ်သည့် လုပ်ငန်း ၂၅ ခုကို ငွေကျပ်သန်း ၁၆၈၇ ဒသမ ၉၅၀ ဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် JICA–ODA Loan ချေးငွေကျပ် ၁၀၃ သန်းဖြင့် ရဲမာန်ကုမ္ပဏီမှ ကန်တော်ကြီး ရေစစ်ကန်နှင့် ကန်ပိုင်ရေစစ်ကန်တွင် Blower System ကို ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

ဝမြို့နယ်ရေပေးရေးအတွက် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သန်း ၁၅၀ ဖြင့် ကျိန္တလီမြို့ တစ်ဖက်ပိတ်လျှိုပိတ်ဆည်မှ မြို့အဝင်အထိ ပင်မရေပိုက်သွယ်တန်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။



၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မင်းဘူး–အမ်း–စစ်တွေ ကတ္တရာ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

### ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍတွင် ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၁၇၄ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၂၂၄ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၂၁၈ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၃၀၄ ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၇၀၈ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၃၇၇ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) ၂၈၀ စုပေါင်း ၃၂၈၅ ကျောင်းရှိသည့်အနက် လက်ရှိပညာသင်နှစ်အထိ ကျောင်းအဆင့်တိုးမှုအနေဖြင့် အခြေခံပညာအထက်တန်းကျောင်း ၂၁ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၁၁၄ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၂၃ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၁၃၃ ကျောင်း၊ မူလတန်းလွန်ကျောင်း ၆၇ ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း ၃၅ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) ၃၄ ကျောင်း စုစုပေါင်း ၅၂၅ ကျောင်းကို အဆင့်တိုးမြှင့်ပေးနိုင်ခဲ့သည်။

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ်၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ အထက်တန်းအဆင့် ၅၁၂၆၀၊ အလယ်တန်းအဆင့် ၁၆၉၆၂၃ ဦးနှင့် မူလတန်းအဆင့် ၃၁၈၀၂၆ ဦး စုစုပေါင်း ၅၃၈၉၀၉ ဦးရှိပြီး ဆရာ၊ ဆရာမ ဦးရေမှာ အထက်တန်းအဆင့် ၂၃၃၇ ဦး၊ အလယ်တန်းအဆင့် ၇၉၈၈ ဦးနှင့် မူလတန်းအဆင့် ၁၄၆၄၂ ဦး စုစုပေါင်း ၂၄၉၇၆ ဦးရှိသည့်အတွက် ကျောင်းသား ကျောင်းသူစာရင်းနှင့် ဆရာဆရာမဦးရေအချိုးမှာ ဆရာ ဆရာမ တစ်ဦးလျှင် ကျောင်းသား ကျောင်းသူ ၂၂ ဦး (၁ : ၂၂) အချိုးနှုန်းဖြင့် ပညာသင်ကြားပေးလျက်ရှိသည်။

၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာနအရေအတွက် ၁၂၂ ခု၊ ကျောင်းသား ၄၂၄၁၆ ဦးနှင့် ကျောင်းသူ ၁၀၁၆၅ ဦး ဖြေဆိုခဲ့ရာ အောင်ချက်ရာခိုင်နှုန်း ၂၃ ဒသမ ၉၇ ရာခိုင်နှုန်းရှိပြီး တစ်ဘာသာဂုဏ်ထူးရှင် ၆၂၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၇ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၂၆ ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၂၂ ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၆ ဦး ပေါ်ထွက်ခဲ့သည်ဖြစ်ရာ ရခိုင်ပြည်နယ်၏ ပညာရေးအခြေအနေမှာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့်တန်းတူ ရင်ပေါင်တန်းရပ်တည်နိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ရာခိုင်နှုန်းမှာ ၂၁ ဒသမ ၄၅ ရာခိုင်နှုန်းဖြစ်ပြီး ယခု ၂၀၁၉ ခုနှစ်တွင် ၂၃ ဒသမ ၉၇ ရာခိုင်နှုန်း ဖြစ်သည့်အတွက် နှိုင်းယှဉ်ချက်အရ ၂ ဒသမ ၅၂ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

ထို့ပြင် ၂၀၁၉ – ၂၀၂၀ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်မြင့်မားစေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည့်အပြင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စာသင်ကျောင်းပေါင်း ၂၁၂ ကျောင်းအတွက် ငွေကျပ်သန်းပေါင်း ၂၃၄၇ ဒသမ ၄၀၄၂ သန်းဖြင့် ဘဏ္ဍာငွေသုံးစွဲ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

### ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍအနေဖြင့် ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နှစ်အလိုက် အဆောက်အဦ ဆောက်လုပ်မှုမှာ ကုသရေးဦးစီးဌာနမှ လုပ်ငန်း ၂၈ ခု၊ ဆေးရုံအဆောက်အဦ ၆၈ ခုနှင့် ဝန်ထမ်းအိမ်ရာ ၆၅ ခုတို့ကို ရန်ပုံငွေကျပ် ၂၉၅၉ ဒသမ ၆၂၆ သန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လုပ်ငန်း ၄၄ ခု၊ ဆေးရုံအဆောက်အအုံ ၄၄ ခုနှင့် ဝန်ထမ်းအိမ်ရာ ၅၈ ခုတို့ကို ရန်ပုံငွေကျပ်သန်း ၃၉၆၀ ဖြင့် ဆောက်လုပ်ခဲ့သည်။

စတုတ္ထ (၁)နှစ်တာကာလအတွင်း ရခိုင်ပြည်နယ် စစ်တွေမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် ပညာသင်နှစ်အလိုက် သင်တန်းတက်ရောက်ခွင့်ပြုမှုမှာ သူနာပြုသားဖွားဒီပလိုမာ (၃)နှစ်သင်တန်းကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းတို့မှ မွေးလာသော အသက် ၂ နှစ်အောက် ကလေးငယ်များကို ငွေကြေးထောက်ပံ့မှုကာလ ၁ – ၁ – ၂၀၁၉ ရက်မှ ၃၀ – ၉ – ၂၀၁၉ ရက်အထိ အကျိုးခံစားခွင့်ရှိသူ ၂၄၉၀၇၃ ဦးကို စုစုပေါင်းငွေကျပ် ၁၆၄၆၅၆၂၀၀၀၀ ထောက်ပံ့ပေးခဲ့ပြီး ဘိုးဘွား ၂၇၆၅၁ ဦးကို လူမှုရေးပင်စင်အဖြစ် ၁ – ၁ – ၂၀၁၉ မှ ၃၀ – ၉ – ၂၀၁၉ အထိ ငွေကျပ် ၈၂၉၅၃၀၀၀၀ ကို ထောက်ပံ့ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ အစိုးရဌာနပိုင်မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများနှင့် ဝေးကွာ၍ မူလတန်းကြို ကျောင်းတက်ရန် လက်လှမ်းမမီသော ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်မည့် နည်းလမ်းများကို သိရှိစေရန် ရည်ရွယ်ပြီး ရခိုင်ပြည်နယ် လူမှုဝန်ထမ်းရုံး၏ ဦးဆောင်မှု ဖြင့် မိခင်ဝိုင်းများကို တစ်ဝိုင်းလျှင် ၅ နှစ် အောက် ကလေး ၂၀ စီဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး မိခင်ဝိုင်းခေါင်းဆောင် တစ်ဦးလျှင် တစ်လငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် မိခင်ဝိုင်းအတွင်းရှိ ကလေးတစ်ဦးလျှင် တစ်ရက်ငွေကျပ် ၃၅၀ နှုန်းဖြင့် ၂၀၁၈ ခုနှစ်တွင် မိခင်ဝိုင်းဦးရေ ၃၅ ဝိုင်း စုစုပေါင်း ထောက်ပံ့ငွေကျပ် ၆၅၄၅၀၀၀၀ ထောက်ပံ့ပေးနိုင်ခဲ့ပြီး၊ ၂၀၁၉ ခုနှစ်တွင် စတုတ္ထ (၁)နှစ်တာကာလအတွင်း မိခင်ဝိုင်း ၆၅ ဝိုင်း၊ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၄၀၀၃၀၀၀၀ ထောက်ပံ့ပေးနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်းရှိ အလုပ်လက်မဲ့ပြည်သူများ အလုပ်အကိုင်ရရှိစေရန်အတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် GIZ တို့ပူးပေါင်းပြီး စစ်တွေမြို့နယ်တွင် စက်ချုပ်သင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း၊ ကျောက်တော်မြို့တွင် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ ရေပိုက်ဆက်သင်တန်းများ သင်ကြားပေးလျက်ရှိသည်။

IOM နှင့် ပူးပေါင်း၍ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အထောက်အကူပြုဗဟိုဌာနကို အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနတွင် တွဲဖက်ဖွင့်လှစ်ပြီး ရွှေ့ပြောင်းသွားလာသူများကို အသိပညာပေးဆွေးနွေးခြင်း၊ ဘေးကင်းလုံခြုံပြီး စနစ်ကျသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၊ ILO နှင့် ပူးပေါင်း၍ နှစ်စဉ် လုပ်သားအင်အားစစ်တမ်းကောက်ယူခြင်း အစီရင်ခံစာထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားဘာသာစကား သင်ကြားနိုင်ရေးအတွက် ဆရာဆရာမ Training Assistant အဖြစ် ချင်းတိုင်းရင်းသားလူမျိုး ၅၉ ဦးနှင့် ရခိုင်တိုင်းရင်းသား ၁၄၂၃ ဦးတို့ကို ၂– ၉– ၂၀၁၉ ရက်မှ စတင်၍ ခန့်အပ်တာဝန်ပေးနိုင်ခဲ့သည်။

တိုင်းရင်းသားမျိုးနွယ်စုံတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (စစ်တွေ)မြို့၌ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းသို့ ရခိုင်တိုင်းရင်းသား သုံးဦး၊ မရမာကြီးတိုင်းရင်းသား ငါးဦး စုစုပေါင်း ရှစ်ဦးကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ဆုထူးပန်ကျောက်မျက်ကုမ္ပဏီတို့ ပူးပေါင်း၍ ဖွင့်လှစ်ခဲ့သည့် ကျောက်မျက်အချောထည် ထုတ်လုပ်ရေးနှင့် အသက်မွေးမှုအတတ်ပညာသိပ္ပံသင်တန်းကျောင်း(အခမဲ့)သို့ ခမီတိုင်းရင်းသား တစ်ဦး၊ ဒိုင်းနက်(သက္ကမ) တိုင်းရင်းသား တစ်ဦး၊ သက်တိုင်းရင်းသား တစ်ဦး၊ ချင်း(လေးတူ) တိုင်းရင်းသား တစ်ဦး စုစုပေါင်း လေးဦးကို လည်းကောင်း တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။

### ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ၂၀၁၉– ၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၀၈ ဒသမ ၄၉၇ ဘီလီယံနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ် ၁၉၀ ဒသမ ၉၀၃ ဘီလီယံ စုစုပေါင်းငွေကျပ် ၃၉၉ ဒသမ ၄၀၀ ဘီလီယံကို သုံးစွဲကာ ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့ရာ (၄)နှစ်တာကာလအတွင်း သိသာမြင်သာသည့် အပြောင်းအလဲ တိုးတက်မှုများကို မြင်တွေ့နေရပြီဖြစ်သည်။

ထိုသို့ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၄ နှစ်တာကာလအတွင်း ငွေကျပ် ၁၀၃၆ ဘီလီယံကျော် သုံးစွဲနိုင်ခဲ့ပြီး ၂၀၂၀ – ၂၀၂၁ အတွက် ငွေကျပ် ၂၁၆ ဘီလီယံ သုံးစွဲနိုင်ရန် လျာထားကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၂၀ – ၂၀၂၁ ခုနှစ်တွင် ငွေကျပ် ၁၂၅၂ ဘီလီယံကျော် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် တည်ရှိသည့် ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၂၀၀ ဒသမ ၀၈ မိုင် ကျယ်ဝန်းသည့် ရခိုင်လူမျိုးများ အများဆုံးနေထိုင်ပြီး ရခိုင်မျိုးနွယ်စုဝင်နှင့် အခြားတိုင်းရင်းသားများလည်း စုစည်းနေထိုင်ကြသည့် ရခိုင်ပြည်နယ်သည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်းနေသည့် ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသတွင်းရှိ ပြည်သူများ၏ စုပေါင်းအင်အားတို့ကြောင့် အနာဂတ်ကာလတွင် အေးချမ်းသာယာဖွံ့ဖြိုးဝေစည်ရခိုင်ပြည်ကြီးအဖြစ် ရောက်ရှိလာတော့မည် ဖြစ်သည်။ ။